Eainmakathit presents

J O K E R

# ဂျိုကာ

ပျော်စရာ ဝတ္ထု စာစဉ် (၁)


ဂျပ်ကလေး

ပဥ္စမံ နီရိုင်း

မိုးဆက်လင်းထက်

လှရနေ

ဝိရယ




cover design

မြင့်

...သဝတ္ထုလတ်

...) ပုဒ်စုစည်းမှု

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ရ၉၅. ရ၃

ကလောင်စုံ

ဂျိုကာ / ကလောင်စုံ ။ - ရန်ကုန်၊

အိပ်မက်အသစ်စာပေ၊ ၂၀၀၉

၂၁၈ - စာ၊ ၁၃ × ၂၀ စင်တီ။

(၁) ဂျိုကာ

# ဂျိုကာ

ပျော်စရာ ဝတ္ထု စာစဉ် (၁)

ကြပ်ကလေး
ပဥ္စမံဒီရိုင်း
မိုးဆက်လင်းထက်
လူနေ
ဝိဇယ

စီစဉ်သူ
လတ်တေဇအောင်

အယ်ဒီတာ
လူနေ၊ ဝိဇယ

မျက်နှာဖုံး
ဝလုံး

အတွင်းသရုပ်ဖော်ပုံ
ကိုကိုနိုင်၊ ဝလုံး

**မှတ်တမ်းနှင့်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၁၀၁၀၁၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၂၈၅၀၃၀၉

**ထုတ်ဝေသူ**
ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်၊

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဇော်မြင့်ဝင်း
(ကာလာဝုန်ပုံနှိပ်တိုက်)
၁၈၄(ဘီ) ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
မတ်လ၊ ၂၀၀၉ ခုနှစ်

**အုပ်ရေ**
၁၀၀၀

**တန်ဖိုး**
၁၀၀၀ ကျပ်

# မာတိကာ


**ဘတိယလုံးချင်း (မိုးဆက်လင်းထက်) ၇**

လမ်းကပဲ မူးနေတာလား၊ ကိုယ်ကပဲမူးနေတာလား၊ မပြောတတ်တော့ပေ။ ပြန်တွေးကြည့် ရင်တော့ ရှင်းရှင်းလေးပါ။ ကိုယ်ကပဲ မူးနေတာပဲဖြစ်သည်။ လမ်းလျှောက်လာရင်း ကောင်းကင်ကို မော့ကြည့်မိသည်။ လမိုက်ညဖြစ်သောကြောင့် ကြယ်တွေလူပါး၀နေတာ တွေ့ရ၏။

**ဲလွဲလေးလည်း လန်းပါတယ် (ဝိဇယ) ၃၇**

သူနာမည်က မောင်လူသား မဟုတ်ပါ။ မောင်လူ၏သားလည်းမဟုတ်ပါ။ သူနာမည်က 'ဒိုး'ဖြစ်သည်။ အသက် ၂၅ နှစ်ခန့် အသားလတ်လတ် ဘွဲ့ရပညာတတ်။ မြန်းခနဲကြည့်သော် နေတိုးနှင့်တူ၏။ အမှတ်တမဲ့ကြည့်သော် ဟိန်းဝေယံနှင့်တူ၏။ နောက်ကကြည့်သော် စိုင်းစိုင်းခမ်းလှိုင်နှင့်တူ၏။ ဝေးဝေးကကြည့်သော် ရဲလေးနှင့်တူ၏။

**ဘဝစ်တစ္ဆေ (ပဥ္စမံဒီရှိုင်း) ၇၁**

ဖိုးသကြား ဘယ်လိုမှ မထင်ထားပါ။ ခြံတံခါးရှိရာသို့ ရောက်သောအခါ ညမှောင်မှောင်မည်းမည်းထဲတွင် ဆံပင်ဖားလျားချထားပြီး မျက်နှာမှာလည်းမည်းမှောင်ကာ နားနှစ်ဖက်တွင် ကွင်းကြီးဆွဲထားသော ပါးစပ်မှာ သွားနှစ်ချောင်းသာရှိသည့် အဘွားကြီးတစ်ဦးကိုမြင်လိုက်ရပြီး လန့်အော်လိုက်တာ ကမ္ဘာပျက်သလားတောင်ထင်ရသည်။



# မာတိကာ



**အိမ်ကြီးတစ်ဆောင် မီးနှစ်ပြောင် (ကြပ်ကလေး) ၁၁၁**

အားနွဲ့သူမိန်းကလေးကို အရင်ထူပေးမည်ဟူသော စိတ်ကူးဖြင့် ခပ်စန့်စန့်ကြီးသွားကြသော ခင်မောင်ဦး၏ လက်နှစ်ဖက်မှာ ညိုပြေပြေချောမွတ်သော ခင်လှမျိုး၏ ဒူးကြီးနှစ်ဖက်နား ရောက်သောအခါ တီကိုဆားနှင့်တို့လိုက်သလို တွန့်ပြန်လာခဲ့ရ၏။

**ဟာသပွဲတော် (လူနေ) ၁၈၇**

"နင်က ဘယ်မှာနေတာလဲ"

"ဇလီဖားတုံးတွေလုပ်တဲ့မြို့မှာနေတယ်"

"ဟင်"

"အဖေနဲ့အမေရော"

"သူတို့လည်း မယ်ဇလီဖူးတက်နှုးရင်းနဲ့ ဇလီဖားတုံးပိပြီး သေသွားကြပြီ"

"ဗျို"


နှိုးခေါက်ပြင်းထက်
တတိယ
လုံးချီ

သူငယ်ချင်းတစ်ယောက်၏ ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုအား ဝတ္ထုလေးအဖြစ် အသက်သွင်းခဲ့ပါသည်။

(မိုးဆက်လင်းထက်)





# တတိယလုံးချင်း

လမ်းကပဲ မှုးနေတာလား၊ ကိုယ်ကပဲမှုးနေတာလား မပြောတတ်တော့ပေ။ ပြန်တွေးကြည့်ရင်တော့ ရှင်းရှင်းလေးပါ။ ကိုယ်ကပဲ မှုးနေတာပဲဖြစ်သည်။ လမ်းလျှောက်လာရင်း ကောင်းကင်ကို မော့ကြည့်မိသည်။ လမိုက်ညဖြစ်သောကြောင့် ကြယ်တွေ လူပါးဝနေတာတွေ့ရ၏။ အခုလို ညမျိုးမှာတော့ မှောင်မည်းနေတဲ့ မိုးသားထက်မှာ သူတို့ အလင်းကို ယှဉ်ပြိုင်နိုင်သူ မရှိပေ။

လမ်းလျှောက်လာရင်းနှင့် သက်ပြင်းချမိသည်။ အရက်ဆိုတဲ့အရာကို ဘယ်သူတွေ စထွင်ခဲ့မှန်းမသိပေမယ့် သောက်ရင်မူးဖို့အတွက် တီထွင်ခဲ့တာတော့ သေချာသည်။ တွေးနေရင်းနှင့် ခြေထောက်တစ်ဖက်က ဗွက်တစ်ခုကို နင်းမိလိုက်၍ ရွှံ့တွေပေကုန်၏။ ဒေါသဖြစ်ဖြစ်နဲ့ ဖိနပ်ချွတ်ပြီး ထိုရေအိုင်မှာပဲ ခြေဆေးပစ်လိုက်သည်။ ပြီးပေမဲ့ ဆက်လျှောက်လာလိုက်သည်။ လမ်းဘေးမာတ်တိုင်မရှိသော လမ်းဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါးသာမြင်နေရသည်။ မကြာခင်ကမှ စတင်တည်ထားသော မြို့သစ်ဖြစ်နေသောကြောင့် အရာရာမစုံလင်သေး။ သူလို လူမျိုးကလည်း ဒီလိုမြို့သစ်မှာမှ လာမနေလျှင် အခုခေတ် အိမ်၊ မြေ၊ တိုက်တာဈေးတွေနဲ့ နေစရာနေရာမရှိပေ။

ဆက်လျှောက်လာရင်း လမ်းက တဖြည်းဖြည်းကြမ်းတမ်းလာသည်။ ဗွက်အိုင်တွေလည်း ပိုများလာ၍ မိုးဦးကျ ဖားတွေအော်သံလည်း ပိုမို ကျယ်လောင်လာ၏။ ထို့နောက် မိုးသည် ရုတ်တရက် ရွာချလိုက်ပါတော့ သည်။ ထီးပါမလာတာကတော့ ထုံးစံအတိုင်းဖြစ်နေ၍ တစ်ကိုယ်လုံးကို မိုးရေထဲမှာ ဒီအတိုင်းပဲ ပစ်ထားလိုက်၏။ ပထမတော့ ခပ်သွက်သွက် သွားမလို့ စဉ်းစားလိုက်သော်လည်း ဘာမှထူးခြားမည်မဟုတ်။ အိမ်က တော်တော်လှမ်းသေးသည်။ မတော်လို့ ချော်လဲပြီး အကွဲအပြဲဖြစ်လျှင် ဆေးဖိုးက ထပ်ကုန်ဦးမည်။ ထို့ကြောင့် ခပ်အေးအေးပဲ ပုံမှန်အတိုင်း လျှောက်လာခဲ့ပါတော့သည်။

❊ ❊ ❊

ညက မိုးမိထားသောကြောင့် မနက်နိုးတော့ လူက ဖျားချင် သလိုလိုဖြစ်နေ၏။ ကိုယ်တွေလက်တွေလည်း နည်းနည်းကိုက်ခဲနေသည်။ ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်နေတာကတော့ ညက အရှိန်မသေသေး လို့ပဲဖြစ်သည်။ အိပ်ရာပေါ်မှာ ခဏလှဲနေလိုက်ပြီးမှ ဖြည်းဖြည်းချင်းထကာ သောက်ရေအိုးဆီကို သွားရသည်။

ရင်တွေပူလှပြီ။ ညကများသွားသူတို့၏ ထုံးစံအတိုင်း ရေကို အငမ်း မရ သုံးခွက်ဆင့်ပြီးသောက်ပစ်လိုက်၏။ ဗိုက်ထဲကို ရေအပြည့်ဝင်သွား တော့မှ နေသာထိုင်သာရှိသွားပြီး အိပ်ရာပေါ် ပြန်လှဲနေလိုက်တော့သည်။ ဒီနေ့လည်း သူ့မှာ ထုံးစံအတိုင်း ဘာအလုပ်မှမရှိပေ။ ဘယ်မှသွားစရာ လည်း မယ်မယ်ရရမရှိ၍ အိမ်ထဲမှာ နပ်နေဖို့ပဲရှိသည်။ ဗိုက်ဆာလျှင် လမ်းထိပ်က ထမင်းဆိုင်မှာ ထွက်စားမည်။ ဒီနေ့ ဘာနဲ့စားမလဲ စဉ်းစား





လိုက်တော့ ဝက်သားဟင်းကို စာတော်ကျ၏။ အဆီတစ်ပိုင်း အသားတစ်ပိုင်း နှင့် ဝက်သားတုံးလေးများသည် သူ့မျက်ဝန်းထဲကို ချက်ချင်း ခုန်တက်ကာ လာ၏။

လျှာကို တစ်ချက်သပ်ကာ ချက်ချင်းဆာတက်လာသော အစာအိမ်ကို ခေတ္တမေ့ပစ်လိုက်ရ၏။ အခုနေ သွားစားရင် ထမင်းဆိုင်က ဖွင့်ဦးမှာ မဟုတ်။ ထို့ကြောင့် မုန့်ဟင်းခါးဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ် ဒီမနက် ခင်းမှာ ဖြေရှင်းရလိမ့်မည်။ ဒီနေ့အဖို့တော့ မနက်စာနဲ့ နေ့လယ်စာကို ပေါင်းစားမှ သင့်လျော်လိမ့်မည်ဟု သူသိထား၏။ အဓိက…က… ပိုက်ဆံ…။

လက်ထဲမှာ ငွေသိပ်မကျန်တော့။ မနေ့က ဝတ္ထုတိုစာမူခထုတ်လာ သောငွေတော့ ရှိသည်။ သို့သော် အိမ်လခပေးရဦးမည်ဖြစ်၍ အကုန်သုံးပစ် လို့မရ။ ဒါတောင် (၂)လခ အကြွေးကို တစ်လပဲဖြေရှင်းနိုင်ဦးမည် ဖြစ်သည်။ အိမ်ပိုင်ရှင်နဲ့က ရင်းနှီးပြီးသားဖြစ်၍ ပြဿနာတော့ သိပ်မရှိပေ။ သို့သော် လက်ထဲမှာရှိတဲ့ အချိန်လေးပေးထားလိုက်ချင်သည်။ ရင်းနှီးမှုကို အခွင့်ကောင်း မလိုချင်ပေ။ သူ့ဘက်ကနားလည်သလို ကိုယ့်ဘက်က လည်း သိတတ်ရမည်။

ထိုသို့တွေးနေရင်းနှင့် ပိုက်ဆံအိတ်ကို ရုတ်တရက် သတိရမိသွား၍ အိပ်ရာပေါ်မှ ကမန်းကတန်းထလိုက်ကာ ညက ချွတ်ပြီး တန်းပေါ် တင်ထားသော ဘောင်းဘီရှိရာသို့ ပြေးထွက်သွားမိ၏။ ဘောင်းဘီကို ဆွဲယူပြီး အနောက်ဘက်အိတ်ကို လက်နှိုက်ကြည့်လိုက်စဉ်…

"ဟင်…"

ရင်ထဲမှာ ဟာခနဲဖြစ်သွားတော့သည်။ အနောက်အိတ်မှာ ဘာမှမရှိ

တော့။ သူ့ခေါင်းထဲမှာ ချာချာလည်ကာသွား၏။ ခုန ရီတီတီဖြစ်နေတာတွေလည်း မရှိတော့။ ချက်ချင်း ဈွေးပျံလာကာ တခြားအိတ်တွေကိုလည်း မျှော်လင့်တကြီး လိုက်စမ်းမိပါတော့သည်။ သို့သော် အချည်းအနှီးသာ...

သေချာပြီ။ ညက တစ်နေရာရာမှာ ထွက်ကျကျန်ခဲ့ပြီ။ ဒါမှမဟုတ် ခါးပိုက်နှိုက်ခံရပြီ...။

အတွေးမဆုံးခင်မှာပင် နီးရာထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတော့သည်။ ရှိစုမဲ့စုလေးတွေတော့ သွားပြန်ပြီ။ ယောင်ပြီး လည်ပင်းကိုလက်နဲ့စမ်းလိုက်မိ၏။ ပြောင်သလင်းခါနေသောလည်ပင်းတွင် အရေပြားကိုသာ စမ်းမိသည်။

အခုမှ သတိရသည်။ သူ့မှာ ချမ်းသာမှုတစ်ခုတည်းသာရှိသော တစ်ကျပ်သားဆွဲကြိုးလေးက အပေါင်ဆိုင်မှာ၊ စိတ်ညစ်ရတဲ့အထဲ တစ်ချက်ပြုံးမိလိုက်၍ ပုဆိုးတစ်ချက်ပြင်ဝတ်ကာ အိမ်ပြင်ကို ထွက်လာမိ၏။

အပေါင်ဆိုင်သွားပြီး ပိုက်ဆံထပ်ယူရဦးမည်။ ဒီလိုမှမလုပ်ရင် ဒီနေ့ထမင်းငတ်သွားမည်။ တစ်အိမ်လုံး ပိုက်ဆံနဲ့တူတာဆိုလို့ ဘာမှမရှိတာ သူအသိဆုံး။

အခုမှ ဗိုက်ကလည်း ပိုဆာလာ၏။ မတတ်နိုင်တော့ အပေါင်ဆိုင်က အပြန်ကျမှ မုန့်ဟင်းခါးတစ်ပွဲလောက်တော့ ဝင်တွယ်လိုက်ဦးမည်ဟု တွေးလိုက်မိပါသည်။

* * *





"မောင်လေးယူနေတာ ဒီတစ်ခေါက် တော်တော်များတယ်နော်"

ဟု... အပေါင်ဆိုင်က တရုတ်မက ပြော၏။ ပြီးတော့ လူကို သုတုတုကြည့်သည်။ သူ ခပ်တည်တည်ပဲ ခေါင်းညိတ်ပြလိုက်ကာ လိုအပ်တဲ့ပိုက်ဆံယူ၍ ထွက်လာခဲ့လိုက်၏။ ပြီးတော့ လမ်းထိပ်က မုန့်ဟင်းခါးဆိုင်ဝင်ကာ မုန့်ဟင်းခါးတစ်ပွဲ မှာစားလိုက်သည်။ ဒီမနက်ခင်းတော့ လောလောဆယ် ပြည့်စုံသွားပြီ...။ စားပြီးသွားတော့ အိမ်ပြန်ကာ စာရေးစားပွဲမှာ ထိုင်လိုက်၏။

အမှန်တော့ ပြန်မအိပ်ချင်၍ ထိုင်လိုက်ခြင်းပါ။ ထိုင်ပြီးတော့ ဘာလုပ်ရမှန်းမသိ ယောင်လည်လည်ဖြစ်ကာနေ၏။ ထိုင်ခုံ မှထ၍ ထရံကြားညှပ်ထားသော ဆေးပေါ့လိပ်တိုကိုယူ၍ မီးညှိကာ အားရပါးရဖွာနေစဉ်...

"ကိုဇော်ထိုက် ဖုန်းလာတယ်"

အိမ်ရှေ့အိမ်က ကောင်မလေးက လှမ်းအော်၍ ပုဆိုးတစ်ချက်ပြင်ဝတ်ကာ ထွက်လာခဲ့လိုက်၏။ ဒီအချိန်အစောကြီး ဘယ်သူကများ ဖုန်းဆက်ပါလိမ့်ဟု တွေးနေမိ၏။

ဖုန်းကိုင်လိုက်တော့ ဟိုဘက်က...

"ကိုဇော်ထိုက်လား"

ယောကျ်ားတစ်ယောက်အသံ...။

"ဟုတ်ပါတယ်"

"ကျွန်တော်က ကျားသုံးကောင်စာအုပ်တိုက်က ထုတ်ဝေသူပါ၊ ကိုဇော်ထိုက် မှတ်မိလားမသိဘူး"

"သြော်...ဟုတ်ကဲ့၊ မှတ်မိပါတယ်၊ ပြောပါခင်ဗျ"

"ဒီလိုပါ...ဟိုတစ်ခါ ကျွန်တော့်ဆီကို ခင်ဗျားလာပေး ထားတဲ့ လုံးချင်းဝတ္ထုလေးအကြောင်း အလုပ်စကားပြောချင် လို့ပါ"

သူ့ရင်ထဲမှာ မြောက်ခနဲဖြစ်ကာသွားသည်။ သူပေးထားတဲ့ လုံးချင်း လေးကိစ္စဆိုပါလား၊ အပျော်စိတ်သည် ရင်ထဲကို လှိုက်ခနဲတက်ကာ လာ၏။ သူ...ဘာစကားမှ ဆက်မပြောနိုင်ခင် ဟိုဘက်က စကားစသည်။

"ကိုဇော်ထိုက်မှာ အဲဒီလိုလုံးချင်းမျိုး ဘယ်နှစ်အုပ်များ ရေးပြီးပြီလဲ၊ ဒီတစ်အုပ်ပဲလား"

"အဲ...ကျွန်တော်...ကျွန်တော့်ဆီမှာ ရေးပြီးသား နောက် တစ်အုပ် ရှိပါသေးတယ်"

ဟိုဘက်က စကားခဏရပ်သွားသည်။ ပြီးမှ စကားဆက်၏။

"ဟုတ်လား၊ အင်း...ကျွန်တော်တို့က ခင်ဗျားဝတ္ထုကို စိတ်ဝင်စားလို့ဗျ။ အဲဒါ အလုပ်လေးလုပ်ချင်လို့၊ ဒီလိုလုပ်ဗျာ၊ ခင်ဗျား အခုရေးပြီးသားကို ကျွန်တော့်ဆီ လာပို့လိုက်၊ ပြီးတော့ နောက်တစ်အုပ်လည်း အရံသင့်ရေးထားဦးဗျာ၊ သုံးအုပ်ဆိုတော့ လုပ်လို့ ကိုင်လို့ ကောင်းတာပေါ့၊ ဟုတ်ပြီလား"

သူ ဘာဆက်ပြောရမှန်းမသိ။ သို့သော် သူ့ဝတ္ထုလေး လုံးချင်းအဖြစ် အသက်သွင်းဖို့ ရုပ်လုံးပေါ်လာတာတော့ သေချာသည်၊ ဟိုဘက်က ပြောပုံဆိုပုံအရ သူ့ဝတ္ထုကိုထုတ်ဖို့ ပြောနေခြင်းပင်...။

"ဟဲလို...ကိုဇော်ထိုက်"

"ဟုတ်...ဟုတ်ကဲ့"

"အဲဒါဆို ကျွန်တော်တို့ ဒီနေ့ညနေ တွေ့ရအောင်ဗျာ၊





ခင်ဗျား အားလား"

ထိုစကားကို သူ့မှာငြင်းစရာမလို။ သူ့မှာ ဘာအလုပ်မှမရှိ။ ပြီးတော့ အလုပ်ကိစ္စဖြစ်နေ၍ ချက်ချင်းပင် အဖြေပြန်ပေးလိုက်သည်။

"ဘယ်အချိန်လောက် လာရမလဲ"

"အင်း...ညနေဗျာ၊ ညနေသုံးနာရီလောက်"

သူက လာခဲ့ပါမည်ဟုပြောလိုက်သည်။ ဟိုဘက်က ဖုန်းချသွား၏။ သူ တယ်လီဖုန်းစကားပြောခွက်ကို ဆက်ကိုင်ထားရင်း ကြောင်တောင် တောင်ကြီးဖြစ်နေသေး၏။ ပြီးမှ သတိရသွားကာ ဖုန်းခွက်ကို ပြန်ချ လိုက်သည်။

ဒါ သူ့ဘဝရဲ့ တစ်ဆစ်ချိုး၊

ဒါ သူလိုချင်ခဲ့သောဘဝ၊

အတိုက်အခံပေါင်းစုံကြားက သူ မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ အားလုံးကို စွန့်လွှတ်ကာ ကြိုးစားလာခဲ့တဲ့ အသီးအပွင့်...။

ပျော်လိုက်တာ...။

ဘယ်လိုပြောပြရမလဲ...။

✳ ✳ ✳

စာအုပ်တိုက်ကိုရောက်တော့ ထုတ်ဝေသူက မရောက်သေး၍ ထိုင် စောင့်နေရ၏။ ဖုန်းတော့ကြိုဆက်ထားသည်ပြော၍ သူ့ကို စာအုပ်တိုက်မှ သူများက နေရာထိုင်ခင်းပေးကာ စောင့်ခိုင်းထားသည်။ ချိန်းထားသော အချိန်ထက် နာရီဝက်လောက်နောက်ကျပြီးမှ ထုတ်ဝေသူရောက်လာသည်။ ရောက်ရောက်ချင်းပင် သူ့ကို တောင်းပန်စကားဆိုသည်။

"ဆောရီးဗျာ၊ ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ နောက်ကျသွားတယ်၊ စောင့်နေရတာ ကြာပြီထင်တယ်"

သူ ခေါင်းခါပြလိုက်၍...

"မကြာသေးပါဘူး၊ ရပါတယ်"

ထို့နောက် ထုတ်ဝေသူက သူ့ကို ခဏစောင့်ခိုင်းပြီး လုပ်စရာရှိတာလေးတွေ ဆက်လုပ်သည်။ ခဏကြာတော့မှ...

"ကိုဇော်ထိုက် နည်းနည်းပါးပါး ချတတ်လား"

"ဗျာ..."

ရုတ်တရက်စကားကြောင့် ကြောင်တောင်တောင်ဖြစ်သွားစဉ်...

"ဩော်...ယမကာလေးဘာလေး ပြောတာပါ"

သူ တစ်ချက်ပြုံးလိုက်ကာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူတို့ ဘီယာဆိုင်တစ်ခုသို့ ချီတက်လာကြ၏။ လမ်းမှာ အလုပ်အကြောင်းနဲ့ပတ်သက်လို့ ဘာမှမပြောဖြစ်သေး။ သူ့အကြောင်း ကိုယ့်အကြောင်းစကားပြောရုံအဆင့်သာ ရှိသေးသည်။ ထို့နောက် ဘီယာဆိုင်ကို ရောက်လာကြသည်။

ဆိုင်လေးက သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလေးဖြစ်၏။ စားပွဲတစ်လုံးမှာထိုင်ကာ အမြည်းတချို့မှာပြီး အရက်တစ်လုံးဖောက်သည်။ ထို့နောက် တစ်ယောက်တစ်ခွက်ဆီ ဆော်ဒါနဲ့ ရောကာ ချလိုက်ပြီးမှ...

"ကိုဇော်ထိုက်ဝတ္ထုကို ကျွန်တော် စိတ်ဝင်စားတယ်၊ အဲဒါ ခင်ဗျားနဲ့ ကျွန်တော် အလုပ်လုပ်ရအောင်ဗျာ"

သူက ခေါင်းပဲညိတ်ပြ၏။ ထုတ်ဝေသူကပဲ စကားဆက်သည်။

"ဒါနဲ့ ခင်ဗျားက မဂ္ဂဇင်းတချို့မှာလည်း ဝတ္ထုတိုတွေ





ရေးနေတယ်နော်"

"ဟုတ်ပါတယ်"

"အေးဗျာ၊ ကျွန်တော် ဖတ်ရတယ်"

ပြောပြီးတော့ တစ်ခွက်ဆီစပ်ပေးသည်။ သူလည်း တစ်ခွက်၊ ဟိုဘက်ကလည်း တစ်ခွက်...

"ဒီလိုဗျာ...စာမူခအနေနဲ့တော့ ပထမသုံးအုပ်ကို သင့်တင့်တဲ့ဈေးတစ်ခု ခင်ဗျားယူဗျာ၊ အဲ...နောက်တော့ ပရိသတ်အားပေးလက်ခံမှုအပေါ် မူတည်ပြီး ခင်ဗျားနဲ့ ကျွန်တော် ညှိပြီး စာမူခတစ်ခု သတ်မှတ်တာပေါ့...ဖြစ်မလား"

သူ တစ်ချက်တော့စဉ်းစားလိုက်သည်။ ပြီးမှ ခေါင်းညိတ်ပြလိုက်ကာ လက်ခံလိုက်၏။ အမှန်တော့ ဒီအချိန်မှာ ဘာမှ ထွေထွေထူးထူး ပြောစရာလည်း မလိုသေးပါ။ ထို့နောက် သူတို့ ထွေရာလေးပါး ဆက်ပြောရင်း သောက်လိုက်ကြတာ ပုလင်းတစ်လုံးလည်း တက်တက်ပြောင်သွားလေတော့သည်။ လူလည်း မူးချင်သလိုလိုဖြစ်လာပြီး ထို့နောက် သူတို့ လမ်းခွဲကြ၏။

လမ်းခွဲခါနီးမှာ...

"ကိုဇော်ထိုက်က ဘာနဲ့ပြန်မှာလဲ"

"လိုင်းကားနဲ့..."

"ကျွန်တော် ကားငှားပေးလိုက်မယ်ဗျာ...လာ"

ဟုဆိုကာ ကားတစ်စီးငှားပေးပါသည်။ သူ အားနာသွားသော်လည်း မငြင်းပယ်မိ။ ကားသမားကို သူနေတဲ့လိပ်စာပြော၍ နောက်ခန်းထဲ ဝင်ထိုင်လိုက်ပါတော့သည်။ အချိန်တွေက ကုန်တာမြန်သည်။ သူ ကားပေါ်

ရာက်တော့ ရှစ်နာရီတောင်ခွဲနေလေပြီ…။

☼ ☼ ☼

လမ်းကလည်းဆိုးသောကြောင့် (Taxi)သမားကို အားနာ၍ လမ်းဆိပ်နားမှာပဲ ရပ်ခိုင်းလိုက်သည်။ ပြီးတော့ လမ်းလျှောက်ပြန်ချင်တာလည်းပါ၏။ ဒီအချိန် ကောင်းကင်ကြီးကိုမော့ကြည့်ရင်း ကြယ်အလင်းရောင်ကို ခံစားရတာ ဘာနဲ့မှမလဲနိုင်…။ သူနေတဲ့ရပ်ကွက်ရဲ့ပတ်ဝန်းကျင်က ကွင်းပြင်တွေများ၍ ညဆို ကောင်းကင်က ကြည်လင်ကာ သန့်ရှင်းနေသည်။

ဒီလို ခပ်တွေတွေပြန်လာတဲ့နေ့တွေဆို ကွင်းပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်ရနံ့ကို ရှုရှိုက်ရင်း တွေးချင်ရာတွေးလာရတဲ့ခံစားချက်ကို အကြိုက်ဆုံး။

ဒီနေ့ ခါတိုင်းနေ့တွေထက် ပို၍ ပတ်ဝန်းကျင်က လှပနေသလိုခံစားရသည်။ ထို့ကြောင့် ပေါ့ပါးလွတ်လပ်စွာ သီချင်းလေးညည်းရင်းလျှောက်လာစဉ်…

"အဟင့်…ဟင့်…ဟင့်"

ငိုသံတစ်ခု၊ သူ…မျက်မှောင်တစ်ချက်ကျုံ့ကာသွားသည်။ နားကြားများတာလားထင်၍ သေသေချာချာ အာရုံစိုက်မိ၏။

"အဟင့်…ဟင့်…ဟင့်…ဟင့်"

နည်းနည်းတော့ သေချာသွားပြီဟုထင်၏။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့လည်း သူတစ်ယောက်တည်း။ ရင်ထဲမှ ကြက်သီးတစ်ချက်ထသွား၏။ သရဲဆိုတဲ့အရာကို ငယ်ငယ်တုန်းကသာ ကြောက်ဖူးသော





လည်း အခုအရွယ်မှာတော့ မကြောက်တတ်တော့။ ပြီးတော့ အယုံအကြည်လည်းမရှိ။ သို့သော် အခုဟာက ဘယ်သူမှမရှိတဲ့ လမ်းမကြီးတစ်လျှောက်မှ ငိုသံက နားနဲ့ဆတ်ဆတ်ကြားခဲ့ရသည်။ လူကိုမတွေ့ရ…။

ကွင်းပိုင်ရှင်တွေများ သူ့ကို ကျီစယ်တာလားဟု တွေးမိသော်လည်း ဒီနေရာမှာ ကွင်းပိုင်တွေရှိတယ်လို့ မကြားဖူးပေ။ ရှိတယ်ထားဦး… ကွင်းပိုင်တွေက ဒီလိုငိုနေမှာမဟုတ်…။

သူ ဆက်လျှောက်လာလိုက်သည်။ လူက အမူးတော့ နည်းနည်းပြေသွား၏။

"အဟင့်…ဟင့်…ဟင့်"

ဟော…ကြားရပြန်ပြီ…။ ဒီတစ်ခါ အရင်ကထက် ပိုမိုကျယ်လောင်စွာကြားလာရသည်။ သေချာပြီ။ ရှေ့ကုက္ကိုပင်ခြေရင်းက…။

အတွေးနဲ့အတူ ကိုယ့်ကိုယ်ကို အားပေးကာ သတ္တိမွေးပြီး အပင်ခြေရင်းနား အသာလျှောက်လာခဲ့၏။ အသံလာရာ မှန်းဆလိုက်တော့ ထိုအပင်ကြီးနောက်မှာ…

သေချာပြီ…။ ငိုသံမှ ငိုသံစစ်စစ်…။

သူ…ရုတ်တရက် အပင်နောက်သို့ဖြတ်ဝင်ကာ ကြည့်လိုက်စဉ်…။

"ဟင်"

မိန်းကလေးတစ်ယောက် ငုတ်တုတ်ထိုင်ကာနေသည်။ ခန္ဓာကိုယ်တုန်နေတာကိုကြည့်ချင်းအားဖြင့် ငိုနေတာဖြစ်သည်။

သူ ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်ဖြစ်ကာသွားသည်။ ဒီလို တိတ်ဆိတ်ပြီး လူပြတ်တဲ့အချိန်မှာ ဘယ်ကမိန်းကလေးက ဒီလိုနေရာမျိုး လာငိုနေပါလိမ့်ဟု စဉ်းစားလိုက်၏။

ထိုစဉ် သူ့ဆီက လှုပ်ရှားမှုအသံကြောင့် မိန်းကလေးက လှည့်ကြည့်လိုက်တော့ သူ့ကိုတွေ့သွားပြီး...။

"ဟင်...ရှင်...ဘယ်သူလဲ..."

သူ နောက်ကို ခြေလှမ်းတစ်ချက်ဆုတ်သွားကာ...

"ကျွန်...ကျွန်တော် ဒီနားကရပ်ကွက်ကပါ၊ ခင်ဗျားက ရော ဘယ်သူလဲ..."

ကောင်မလေးက ကြောင်တောင်တောင်နဲ့ သူ့ကိုကြည့်ကာနေ၏။ ခဏကြာတော့မှ...

"ရှင်က လူကောင်းလား"

သူမ အမေးစကားကြောင့် ရယ်ချင်သွားမိ၏။

"လူဆိုးက သူ့ကိုယ်သူ လူဆိုးလို့ ပြောမလား"

"ဒါဆို ရှင်က လူဆိုးပေါ့"

သူ ခေါင်းကိုကုတ်လိုက်မိ၏။ ဘယ်လိုမျိုးကောင်မလေးနဲ့ လာတွေ့နေလဲမသိတော့။ သက်ပြင်းတစ်ချက်ချလိုက်ကာ...

"ကိုယ်က လူကောင်းပါ။ ဒါနဲ့ ခင်ဗျားက ဘယ်မှာနေတာလဲ၊ ဘာလို့ ဒီမှာ တစ်ယောက်တည်းလာထိုင်နေရတာလဲ"

သူပြောလိုက်မှပဲ ကောင်မလေးက ထငိုပါတော့သည်။ သူလည်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့...။

"ဟဲ့...ဟဲ့...မငိုနဲ့လေ၊ တော်တော့...။ မင်း အဲလိုငိုနေလို့ ပြီးမှာမဟုတ်ဘူး။ ဒီနေရာက လူပြတ်တယ်။ ညဉ့်လည်းနက်နေပြီ။ မင်း ဘယ်မှာနေလဲသာပြောပြ။ ငါ ဘာကူညီရမလဲ..."





"အစ်ကို့အိမ်က ဘယ်မှာလဲ"

ကောင်မလေးက ငိုနေရင်းမှ သူ့ကိုမေး၏။

"ဒီနားက ရပ်ကွက်မှာ"

"နီးလား"

"အင်း"

"ဒါဆို အစ်ကို့အိမ်လိုက်ခဲ့မယ်"

"ဟေ"

သူ မျက်လုံးပြူးကာသွားသည်။ ဒီကောင်မလေး လူကောင်းရော ဟုတ်ရဲ့လားဟု စဉ်းစားမိ၏။ တော်ကြာ ဘာတွေညာတွေဆိုရင် သူက အဲဒါမျိုးတွေ ပတ်သက်ဖူးတာမဟုတ်။

သူ ကြောင်တောင်တောင်ဖြစ်သွားစဉ် ကောင်မလေးက သူ့ကို စိုက်ကြည့်ကာ...

"ဘာလဲ၊ အစ်ကိုက မခေါ်ချင်လို့လား"

"ဟာ...မဟုတ်ဘူး၊ ငါက အိမ်မှာ တစ်ယောက်တည်း နေတာ"

သူ့စကားကြားတော့ ကောင်မလေး တွေဝေကာသွား၏။ ခဏစဉ်းစားပြီးသွားမှ...

"အစ်ကိုက လူကောင်းဆို"

"ဟုတ်တယ်လေ"

"ဒါဆို ကျွန်မ လိုက်ခဲ့မယ်လေ၊ ဒီတစ်ညပဲ၊ လုပ်ပါ အစ်ကိုရယ်၊ ကူညီပါ၊ ကျွန်မ ဒုက္ခမပေးပါဘူး"

ရင်ထဲမှာ ဘယ်လိုငြင်းပယ်ရမှန်းမသိအောင်ဖြစ်ကာသွားသည်။

ကြယ်အလင်းရောင်အောက်မှာ ထိုးကျလာသော ကောင်မလေး ကောက်ကြောင်းက ညဥ့်နက်လေပြည်နဲ့အတူ ရင်ခုန်စရာ...။

ဟိုဟိုဒီဒီ ယုတ်မာဖို့အတွေးမရှိသော်လည်း ယောကျ်ားလေးတစ်ယောက်အနေနှင့် ဒီလိုအချိန် မိန်းမသားတစ်ယောက်ကို ကူညီဖို့ဆိုတာ သမိုင်းပေးတာဝန်မဟုတ်လား...။

ဒါကြောင့်...။

"လိုက်ခဲ့"

ဘဝဆုံးရင် ဆုံးပါစေတော့။ ရဲရဲဝံ့ဝံ့ပြောချလိုက်သည်။ ကောင်မလေး သူ့နောက်ကပါလာ၏။ လေအသင့်မှာ ကိုယ်သင်းရနံ့တချို့ကို ရှူရှိုက်မိ၏။

ရင်ထဲမှာ ဟာခနဲ...ဟင်ခနဲ...။

✲ ✲ ✲

"ရှင် ဒီအခန်းထဲ ဝင်ရဲဝင်ကြည့်"

"ဗျာ"

"ဒီမှာတွေ့လား"

"ဟုတ်"

"အဲဒါ ဘာလဲ"

"ဓား"

"ဒီဓားက ရှင့်ဗိုက်ထဲဝင်သွားမယ် သိလား"

သူ ငှက်ကြီးရုပ်ကာ အခန်းအပြင်ဘက်မှာ ကျန်ခဲ့သည်။ ခြေနှစ်ချောင်း မကယ်ကောင်းဘူးဆိုတဲ့စကားက တော်တော်မှန်နေပြီ။ အခု နေစရာမရှိလို့ ခေါ်လာတဲ့ မချောက ပြဿနာကို ရှာနေလေပြီ။ မိန်းကလေး





ဖြစ်နေ၍ သူ့အခန်းကို အိပ်ဖို့ပေးလိုက်ကာမှ အခန်းဝလည်းရောက်ရော မြင်တဲ့အတိုင်း ပြဿနာတက်ပါတော့သည်။

ဖော်ထိုက် သက်ပြင်းကိုချ၏။

ပြီးတော့ ထိုင်ခုံတစ်ခုကို ဝင်ထိုင်လိုက်သည်။

နံရံမှာချိတ်ထားတဲ့ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သည်။

ဒီနေ့...။

ပြဿဒါး...။

ဒါကြောင့် ဒီလောက် အဖျက်အမှောက်ဝင်လာတာဖြစ်မည်ဟု တွေးမိလိုက်၏။ လွန်ခဲ့တဲ့အချိန်ကာလအတွင်း ပျော်ရွှင်ခဲ့ရတဲ့ စိတ်ကူးလေးတွေ ဘယ်မှာလိုက်ဖမ်းရမှန်း မသိတော့...။

"ဒီမှာရှင့်..."

"ဗျာ"

"ရှင့်ဆီမှာ ပုဆိုးရှိလား"

"ရှိတာပေါ့ဗျ၊ ယောကျ်ားလေးပဲ၊ ပုဆိုးမရှိဘဲ နေမလား"

"ဒါဆို ခဏပေး"

"ခင်ဗျားက ဘာလုပ်မလို့လဲ"

"ဝတ်မလို့"

ပထမတော့ ကြောင်တောင်တောင်ဖြစ်သွားသော်လည်း သူမမှာ အဝတ်လဲစရာ ပါမလာတာကို သတိထားမိသွား၍ ပုဆိုးတစ်ထည် ဝင်ယူပေးလိုက်သည်။

"ပုဆိုးယူရင် အခန်းထဲခဏဝင်ရမှာနော်၊ ရလား"

"ရတယ်၊ ယူပြီး ပြန်ထွက်နော်၊ မြန်မြန်..."

"ဟုတ်"

အိမ်ရှင်ကိုယ်တိုင် ပြန်ကြောက်နေရ၏။ မနက်မြန်မြန်ရောက်ပါစေဟု ကြိတ်ပြီးဆုတောင်းနေမိသည်။ လျှာရှည်ပြီး ခေါ်လာတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ပါးပိတ်ရိုက်ပစ်ချင်သည်။ အခုချိန် ရပ်ကွက်ကောင်စီရုံးသွားပြောရင်လည်း မရတော့...။ ရုံးပိတ်ပြီ...။

ဥက္ကဋ္ဌအိမ်ကိုသွားပြောရင် ကောင်းမလား စဉ်းစားမိ၏။ ဒီအချိန်ရောက်မှတော့ မကောင်းတော့...။ ရဲစခန်းသွားတိုင်ရအောင်လည်း အမှုကမားပြမှုလည်းမဟုတ်။ အဓမ္မမှုလည်း မဟုတ်။

ဘာလုပ်လို့လုပ်ရမှန်း မသိတော့ပေ...။

"ဗိုက်ဆာတယ်၊ ဘာမှမရှိဘူးလား"

"ဗျာ"

"ရှင်က ကြောင်တောင်တောင်ပဲ၊ ဒီမှာ ဗိုက်ဆာလို့ မေးနေတာ"

"ဘာ...ဘာမှ...ရှိဘူး"

"ဟား...စိတ်ညစ်ပါတယ်၊ ဘယ်လိုလူနဲ့ လာတွေ့နေလဲ မသိဘူး"

အလို...သူကပဲ ပြောရတယ်ရှိသေး၊ ဒီကပဲ ဟိုတယ်ပို့ပေးရတော့မလိုလို...

"ရှင်တို့ ဒီနားမှာ ဟမ်ဘာဂါရှိလား"

"ဘာရယ်..."

"ဟမ်ဘာဂါကိုပြောတာ"

"ဟမ်ဘာဂါမပြောနဲ့ ငါးပိရည်တောင် ဘယ်မှာမှ မရ





တော့ဘူး၊ အချိန်ကြည့်ဦး"

ကောင်မလေးက လက်ပတ်နာရီကိုကြည့်၍

"အာ...(၁၀)နာရီပဲရှိသေးတာ ဒီအချိန် ဘာရှိလို့လဲ... အစောကြီး"

သူ ခေါင်းကုတ်မိ၏။

ဒီကောင်မလေးပုံစံကြည့်၍ နည်းနည်းတော့လန့်လာသည်။ မဟုတ်မှလွဲရော ယဉ်ယဉ်လေးရူးနေတာလား မသိပေ။

"ကဲကဲ...အိပ်တော့မယ်၊ Good Night"

"ဟုတ်...ဟုတ်"

သူက အိပ်တော့မယ်ဆိုမှ ကိုယ်လည်း အိပ်ချင်လာတာကို သတိထားမိ၏။ အခုမှတော့ မထူးတော့ပြီ။ အပြင်က ကြိမ်ကုလားထိုင်မှာပဲ အိပ်ရတော့မည်။ ဒီညတော့ ဘယ်လိုပဲဖြစ်ဖြစ် ကုန်ဆုံးသွားဖို့သာ ဆုတောင်းမိပါတော့သည်။

* * *

"ညော့်စာရင်းစစ်တယ်၊ တံခါးဖွင့်ပါ"

ရုတ်တရက်ကြားလိုက်ရတဲ့အသံကြောင့် ခေါင်းနပန်းကြီးသွား၏။ ဘုရား...ဘုရား၊ ညော့်စာရင်းဆိုပါလား...။

"တံခါးဖွင့်ပါ၊ ညော့်စာရင်း"

ပြဿနာတော့ အကြီးအကျယ်တက်ပြီထင်သည်။ ရုတ်တရက်ထလိုက်၍ ကောင်မလေးအိပ်ခန်းတံခါးကို သွားခေါက်လိုက်၏။ တုတ်တုတ်မှမလှုပ်။

"ဗျို့ အိမ်ရှင်တို့"

အခုမှ ဒုက္ခရောက်ပြီ။ ဘာလုပ်ရမှန်းမသိတော့ တံခါးမဖွင့်ပေးလို့လည်း မရတော့။ ထို့ကြောင့် တံခါးသွားဖွင့်ပေးလိုက်ရတော့သည်။

ရပ်ရွာလူကြီးတချို့နှင့် အရန်မီးသတ်အဖွဲ့ဝင်တွေကို တွေ့ရ၏။

"ညီလေး...အိမ်မှာ ဧည့်သည်ရှိလား"

"ဟို...ဟိုဟာ မရှိဘူးဗျ"

မေးတဲ့လူကြီးက ရပ်ကို သေချာအကဲခတ်၏။ ပြီးတော့...

"သန်းခေါင်စာရင်း ခဏပြပါလား"

"ကျွန်တော်က အိမ်ငှားဗျ၊ သန်းခေါင်စာရင်း မရှိဘူး၊ ဧည့်စာရင်းနဲ့နေတာ"

"ဒါဆို ဧည့်စာရင်းလေး ပြပါ"

မေးသူက သူတစ်ခါမှမမြင်ဖူးသောသူတစ်ယောက်ဖြစ်၏။ သူတို့ရပ်ကွက်က ဥက္ကဋ္ဌလူကြီးက အနောက်မှာရပ်နေသည်။ သူနဲ့လည်း မျက်မှန်းတန်းမိနေသူဖြစ်သောကြောင့်...

"ဒီကောင်လေးက ဒီမှာနေတာ ကြာပါပြီ၊ သိပါတယ်၊ ဧည့်သည်လည်း မရှိလောက်ပါဘူး"

"ဟုတ်ကဲ့၊ သူတိုင်ထားတဲ့ဧည့်စာရင်းလေး ကြည့်ပြီးရင် ပြန်မယ်လေ"

ရပ်ကွက်ဥက္ကဋ္ဌ ခေါင်းညိတ်ကာ နောက်ဆုတ်သွား၏။ သူလည်း ဧည့်စာရင်းစာရွက်ကိုယူမလို့ အခန်းထဲဝင်ရမှာကို သတိရသွားမှ သတိရသွားကာ...

အခုမှ ဒုက္ခပဲ၊ အထဲမှာ ကောင်မလေးနဲ့ ဘယ်လိုလုပ်ရမလဲ။





ဧည့်စာရင်းလာစစ်တဲ့လူကြီးတွေက တံခါးဝမှာရပ်သူ ရပ်သည်။ တစ်စုက အထဲမှဝင်လာ၍ ရပ်နေကြ၏။

အခုမှ ပြဿနာတက်ပြီ၊ အထဲကိုဝင်ယူရင် သေချာပေါက် ကောင်မလေး နိုးသွားမှာ သေချာ၏။ ဘယ်လိုလုပ်ရမလဲ...။

ထိုသို့တွေးနေစဉ်မှာပင် အခန်းတံခါးက ရုတ်တရက်ပွင့်သွားကာ...

"ဘာတွေဖြစ်နေတာလဲဟင်"

အိပ်ချင်မူးတူးနဲ့ မျက်လုံးပွတ်ပြီး သူမက တံခါးဝမှာ မားမားကြီးရပ်၏။ ပြီးတော့ လူတွေကို သေချာကြည့်သည်။ အားလုံးက ကြောင်တောင်တောင်နဲ့ သူမကိုကြည့်၏။ နှစ်ဖက်စလုံး တော်တော်လေး ကြောင်တောင်တောင်ဖြစ်ပြီးသွားတော့မှ...

"ရှင်တို့က ဧည့်သည်တွေလား၊ ထိုင်ကြလေ"

"ကျုပ်မပြောဘူးလား၊ ဒီမှာရှိနိုင်တယ်လို့"

တစ်ယောက်က ထပြော၏။ ကျန်တစ်ယောက်က သူမရုပ်ကို ကြည့်ကာ...

"ဟုတ်တယ်ဗျာ၊ တော်တော်တူတယ်"

ဟုပြောသည်။

ဇော်ထိုက်ကတော့ ရင်ထဲမှာ ကုလားဘုရားလှည့်နေပြီ။ တစ်ခါမှ ဒီလိုကိစ္စမျိုးတွေနဲ့ မကြုံဖူး၍ ဘာလုပ်လို့လုပ်ရမှန်းမသိ။ ထိုအချိန်မှာပဲ လူကြီးတစ်ယောက်က...

"ကဲကဲ...ရုံးကိုလိုက်ခဲ့ကြ၊ ဟုတ်လား။ ရုံးရောက်မှ စကားပြောကြတာပေါ့။ ဒီကသမီးကလည်း စိတ်မပူနဲ့၊ အားလုံး ဖြေရှင်းလို့ရပါတယ်"

ဒီတစ်ခါကြတော့ ဘာကြောင့်မှန်းမသိ။ ကောင်မလေးက အလွယ်တကူ ခေါင်းညိတ်ကာပြ၏။

ပြီးတော့ သူ့အဝတ်အစားတွေကို အခန်းထဲဝင်ပြီး သွားလဲသည်။ ခဏကြာတော့ အားလုံး ရုံးရောက်သွားပါတော့သည်။

✻ ✻ ✻

"သမီးက အဲဒီအိမ်ကို ဘယ်လိုရောက်လာတာလဲ"

"သူခေါ်လာတာ"

"အမ်"

ကောင်မလေးရဲ့လက်ညှိုးကို သေနတ်တစ်လက်လို ကြောက်လန့်တကြားကြည့်ကာ...

"အာ...မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် မခေါ်ဘူး"

"မင်း မခေါ်ဘဲနဲ့ သူက အိပ်ခန်းထဲကို ဘယ်လိုရောက်နေမလဲ"

ဖော်ထိုက် ငြိမ်ကျသွားသည်။ ဘုန်းကြီးအမူတော့ ရှာကိုပတ်ပြီထင်သည်။ အခုမှ အကြီးအကျယ်ပြဿနာစပြီ...။

"ဟို...ဒီလိုပါခင်ဗျ၊ ဟိုဟာ...ကျွန်တော်က သူ့ ကို ကုက္ကိုပင်ကြီးအောက်က ခေါ်လာတာပါ၊ အဲ... ဟို...သူ့ကို... ဟိုဟာ..."

"ကဲ...ကဲ...ထားတော့၊ ဒါနဲ့ သမီးက ဘယ်ကလဲ"

"မြေကြီးပေါ်က"

"ဟင်"





လူကြီးတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။ တစ်ယောက်က စ၍...

"မဟုတ်လောက်ဘူးထင်တယ်၊ ဒီပတ်ဝန်းကျင်ကဟာတွေ ငါ့မျက်နှာ သိပါတယ်"

နောက်တစ်ယောက်က ဝင်၍...

"ခင်ဗျားကိုသိရအောင် ခင်ဗျားက မင်းသားလား"

အရေးထဲ သူတို့က ရန်ဖြစ်နေသေးသည်။ ပြီးတော့မှ ကောင်မလေးဘက် ပြန်လှည့်၍...

"ဒီမယ် ကလေးမ၊ ဦးတို့ပြောရင် သေချာဖြေပေးပါ၊ ဦးတို့က တာဝန်ရှိလို့ မေးနေတာ"

"သမီး ဖြေပါတယ်"

"ဒါဆို ကလေးမနာမည် ဘယ်လိုခေါ်လဲ"

ကောင်မလေး နည်းနည်းငြိမ်သွားသည်။ ကောင်မလေးပုံစံကို အခုမှ သေသေချာချာ အကဲခတ်မိ၏။ ရုပ်ရည်က အဆင့်အတန်းရှိတဲ့ရုပ်မျိုးဖြစ်သည်။ မျက်နှာက ကျက်သရေရှိသော်လည်း စိတ်ကတော့ နှံ့ပုံမပေါ်။ တကယ်လို့သာ ဒီကောင်မလေးဘက် ကတစ်ခုခုသာမဟုတ်တာထပြောရင် သူတော့ ဘဝပျက်ပြီဟု တွေးမိလိုက်၏။

"ကလေးမ...ဖြေလေ"

ကောင်မလေးက...

"သမီး...သမီးက ဘာမှမမှတ်မိတော့ဘူး"

လူကြီးတွေ သက်ပြင်းချ၏။ ပြီးမှ သူ့ဘက်လှည့်ကာ...

"မောင်ရင်က သူ့ကို ဘယ်ကခေါ်လာတာလဲ"

"ဟို လမ်းထိပ်က ကုက္ကိုပင်ကြီးအောက်ကပါ"

"အဲဒီအချိန် သူဘာလုပ်နေလဲ"

"ငုတ်တုတ်လေးထိုင်နေပါတယ်"

"အဲ...အပေါ့သွားနေတာလား"

"ဟုတ်ဘူးခင်ဗျ၊ ငိုနေတာ"

"အေးကွ...မင်းက သူ့ကို ဘာလို့ အိမ်ကိုခေါ်လာတာလဲ"

"သူ...သူက လိုက်မယ်လို့ပြောလို့ပါ"

"သမီးမပြောဘူး၊ ဦးလေး"

"အမ်...မင်းပဲ အစ်ကို့အိမ်ကိုလိုက်မယ်လို့ ပြောပြီးတော့"

ကောင်မလေး ပြန်ငြိမ်သွားသည်။ ဘယ်လိုဟာလေးကိုမှ ကယ်တင်မိမှန်းမသိဟု သူတွေးနေမိ၏။

"ထားပါတော့၊ ဒီကိစ္စ မင်းမှာ တာဝန်ရှိတယ်ဆိုတာ နားလည်လား"

"ဟို...ကျွန်တော်က မဟုတ်မဟပ်ကြံစည်ဖို့ မဟုတ်ပါဘူးဗျ၊ ညီမချင်း ကိုယ်ချင်းစာပြီးတော့ ညဘက်ကြီး သူတစ်ယောက်တည်းဖြစ်နေလို့ ခေါ်လာတာပါ။ ပြီးတော့ ကျွန်တော်ကလည်း မိကောင်းဖခင်သားသမီးတစ်ယောက်ပါ"

ထိုသို့ပြော၍ သူ့အမေနဲ့အဖေနာမည်တွေနှင့် အလုပ်အကိုင်ကို ဖွင့်ပြောမိသည်။ ထိုသို့ပြောလိုက်တော့ လူကြီးတွေက အံ့သြသွားကြကာ...

"မောင်ရင့်မိဘတွေက ချမ်းသာတဲ့လူတွေပဲ၊ မောင်ရင်က ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ"





"ကျွန်တော်က စာပေနယ်မြေကို အခုမှစဝင်တဲ့ စာရေးဆရာပေါက်စလေးတစ်ယောက်ပါ၊ မိဘတွေက ဒီအလုပ်ကို လုပ်တာ လုံးဝမကြိုက်ဘူး၊ ပြီးတော့ အိမ်က သူတို့စီစဉ်ပေးတဲ့အလုပ်ကိုပဲ လုပ်စေချင်ကြတယ်။ အဲဒါကြောင့် ကျွန်တော်က အိမ်ကထွက်လာတာ။ ထွက်လာကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ စဉ်းစားပြီးသား"

လူကြီးတွေက ခေါင်းတညိတ်ညိတ်လုပ်၏။ ထိုအချိန်မှာပဲ လူကြီးတစ်ယောက် ရုံးထဲဝင်လာကာ...

"ကောင်မလေးမိဘတွေလာပြီ ဦးလေး"

သူနဲ့အတူ အားလုံးကပါ အဝင်ဝဘက်လှည့်ကြည့်ကြသည်။ ထိုအချိန်မှာ အသားဖြူဖြူနဲ့ မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားကြီးတစ်ယောက် ဝင်လာကြ၏။

မိန်းမကြီးက ကောင်မလေးကို မြင်တယ်ဆိုရင်ပဲ...

"အောင်မလေး သမီးလေးရယ်၊ မသေကောင်း မပျောက်ကောင်း၊ တော်သေးတာပေါ့"

ဆိုပြီး ဖက်ငိုတော့၏။ သူအခုထိ ဘာကိုမှ အတိအကျ နားမလည်နိုင်သေး။

"ဒါ အစ်မကြီးတို့သမီးလေး မှန်လား"

ဥက္ကဋ္ဌက မေးတော့...

"သေချာပါတယ်ရှင်၊ ကျွန်မတို့ လူပျောက်ကြော်ငြာကို သတင်းစာမှာ ထည့်ပြီးသားပါ။ သမီးလေးက စိတ်သိပ်မနှံ့လို့ ဆေးကုနေရတာပါ။ အခု သူက ဘာစိတ်ကူးပေါက်မှန်း

မသိဘူး၊ အိမ်က ဆင်းသွားတာ”

ကောင်မလေးက အားလုံးကို ကြောင်တောင်တောင်နဲ့ ကြည့်၍ ပြုံးပြနေသည်။ အခုမှ ကောင်မလေးပုံက အရူးမလေးနှင့် ပိုတူလာ၏။ ကြည့်ရတာ ယဉ်ယဉ်လေးရူးနေတာဖြစ်မည်။ အကြမ်းအရမ်းကြီး ရူးနေပုံမရ။

“ဒါနဲ့ သမီးကို ဘယ်မှာတွေ့တာလဲဟင်”

“ဒီကောင်လေးအိမ်မှာပါ”

မိန်းမကြီးက သူ့ဘက်လှည့်ကြည့်၍...

“မောင်ရင်က အန်တီ့သမီးကို ဘယ်လိုတွေ့တာလဲ”

အမေးက ချိုသာသော်လည်း မျက်လုံးက သံသယနှင့်ဖြစ်သည်။ ထို့ကြောင့် ကုက္ကိုပင်ကြီးအောက်က တွေ့ရှိပုံနှင့်စ၍ ဧည့်စာရင်းလာစစ်သည်အထိ ပြည့်ပြည့်စုံစုံရှင်းပြရတော့၏။

အားလုံးပြောပြီးသွားတော့ လူလည်း တော်တော်မောဟိုက်သွား၏။ ညဦးပိုင်းက သောက်ထားတဲ့ ယမကာအရှိန်လေးလည်း ဘယ်ရောက်လို့ ရောက်သွားမှန်းတောင် မသိတော့ပေ။

နောက်ဆို ကောင်မလေးတစ်ယောက်တည်း လမ်းဘေးမှာတွေ့ရင် အဝေးဆုံးကရှောင်ဖို့ စဉ်းစားထား၏။ ညဘက်ဆို ပိုဆိုးသည်။ ပိုပြီး ဝေးအောင်ရှောင်မည်။

“အေးကွယ်၊ မင်းကို အန်တီတို့ ယုံပါတယ်။ ဒီလိုမျိုး ညီမလေးလို ကိုယ်ချင်းစာတရားရှိတာ ချီးကျူးပါတယ်။ ဒါနဲ့ မောင်ရင် အန်တီ့သမီးလေးကို တကယ်ပဲ ဖြူဖြူစင်စင်...”

“အာ...စိတ်ချပါခင်ဗျ၊ ကျွန်တော် သူ့ကို ကျွန်တော့်





အိပ်ခန်းထဲမှာ ထားတာပါ”

“ဟေ...မင်း...”

“ဟာ...မဟုတ်ဘူး၊ ကျွန်တော်ပြောတာက... သူ့ကို ကျွန်တော့်အိပ်ခန်းထဲထားပြီး ကျွန်တော်က အပြင်ထွက်အိပ်တာပါ”

အားလုံးငြိမ်နေကြသည်။ ဘာမှမပြော။ ထိုအချိန် ဧည့်စာရင်းလာစစ်တဲ့ထဲက လူကြီးတစ်ယောက်က တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေပုံနှင့် တွေးပြီး...

“ဒါနဲ့ ငါတို့ မင်းအိမ်ကိုဝင်တော့ ဒီကလေးမမှာ ဝတ်ထားတာ ပုဆိုးနဲ့ပါ”

သူ ခေါင်းနပန်းကြီးသွားသည်။ ဘယ်လိုရှင်းပြရမလဲ အမြန်စဉ်းစားတာ...

“ဟုတ်...ဟုတ်ကဲ့၊ သူက တောင်းလို့ ကျွန်တော် ထုတ်ပေးလိုက်တာပါ၊ မယုံ...မယုံရင် သူ့ကို မေးကြည့်လိုက်ပါဗျာ...”

ထိုအချိန်မှာ ကောင်မလေးက ဝင်၍...

“ဟုတ်ပါတယ်၊ သမီးတောင်းဝတ်တာ”

သူ သက်ပြင်းကို ဟင်းခနဲချမိသည်။ တော်ပါသေးရဲ့။ မယ်မင်းကြီးမလေး ဂြိုဟ်ကောင်းဝင်လို့...။

ထို့နောက် ကောင်မလေးရဲ့မိဘတွေက အားလုံးကို ကျေးဇူးတင်ကြောင်းပြောကာ ပြန်သွားပါတော့သည်။ သူတို့ပြန်သွားပြီး ခဏကြာတော့ ရဲတွေရောက်လာ၏။

ဥက္ကဋ္ဌနဲ့ စကားပြောသည်။

"အခုလို ကျွန်တော်တို့ဆီကို အကြောင်းကြားပေးတာ ကျေးဇူးပါပဲ"

"ရပါတယ်ဗျာ၊ ဒါ ကျွန်တော်တို့တာဝန်ပဲ"

"ဒါနဲ့ ဧည့်စာရင်းမတိုင်ဘဲ လူလက်ခံထားတာ ဘယ်သူလဲ"

"ဒီသူငယ်ပါ"

"ဒါဆို မောင်ရင် ကိုယ်တို့နဲ့ စခန်းကိုလိုက်ခဲ့ပါ"

"ဗျာ...ဘာလို့လဲ"

"ဧည့်စာရင်းမတိုင်မှု"

"အင်..."

ငြင်းမရတဲ့အဆုံး စခန်းကို ကောက်ကောက်ပါအောင် လိုက်သွားရတော့၏။

အပြန်လမ်းမှာ ကောင်းကင်ကြီးကို မော့ကြည့်မိတော့ ကြယ်တွေ လှောင်ပြောင်နေတာ တွေ့ရသည်။

ဒီနေ့ ထုတ်ဝေသူနဲ့တွေ့သည်။ လုံးချင်းစာအုပ်ထုတ်ဖြစ်ဖို့ သဘောတူဖြစ်သည်။ သူ့အဖြစ်ချင်ဆုံးအရာတစ်ခု ဖြစ်ခဲ့ပြီ...။

ပြီးတော့ သူ မဖြစ်ချင်ခဲ့သော ကိစ္စတစ်ခုကြောင့် ရဲစခန်းကို ရောက်ရပြီ...။

ဒီတစ်ခေါက်ပေးမယ့် ဝတ္ထုလေးအတွက် ဇာတ်လမ်းကျောရိုးလေး တစ်ခုတော့ ရပြီ။

ထိုဝတ္ထုထဲမှာ ကောင်မလေးက စိတ်မနှံ့ဘဲ သူ့အိမ်ရောက်လာမည်။





ပြီးတော့ ကောင်မလေးကို သူက သံယောဇဉ်တွေတွယ်ပြီး အစစအရာရာ သိမလေးတစ်ယောက်လို စောင့်ရှောက်ထားမည်။ နောက်တော့ ကောင်မလေးကို သူချစ်မိသွားမည်။ ဇာတ်သိမ်းခါနီးမှာ ကောင်မလေးက ငှက်ပျောခွဲ တက်နင်းပြီး တိုင်နဲ့ ခေါင်းနဲ့စောင့်ကာ ပြန်ကောင်းသွားမည်။ ပြီးတော့ အိမ်ပြန်သွား၊ သူက အသည်းကွဲပြီးကျန်ခဲ့။ နောက်တော့ ကောင်မလေးက သူ့ဆီပြန်လာ၊ သူနဲ့ကြိုက်...။

အားလုံး ကွက်တိ...။

အခု အပြင်လောကမှာတော့...။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

စခန်းမှူးကြီးအသံက အောင်ပြင်ခန့်ညားစွာ ထွက်ပေါ်လာပါတော့သည်။

ဒီဇာတ်လမ်းလေးက တတိယအုပ်မြောက်လုံးချင်းလေးဖြစ်၍ စာအုပ်အမည်ကို တတိယလုံးချင်းဟု ပေးလိုက်ပါတော့သည်။

ကြိုးစားလျက်...

**မိုးဆက်လင်းထက်**


ဝိရယ
ညှိညှိလေးလည်း
လန်းပါတယ်

## ( ၁ ) ပန်းနုရောင်ဒုက္ခ၏သမိုင်းအစ

သစ်ကိုင်းပေါ်မှာ ငှက်ကလေးတွေ ကျွမ်းထိုးနေကြသည်။ ရေချိုးပြီးစ အပျိုမအသားလို အေးစက်သောလေပြည်က သစ်ရွက်များအကြားတွင် တုတ္တုပုန်းတမ်းကစားနေ၏။ လိမ္မော်သီးနှင့်တူသော နေလုံးက သစ်ပင်အုပ်များအထက်မှ မေးထောက်ကာ သူ့ကိုကြည့်နေသည်။ စကားသာပြောခွင့် ရမည်ဆိုပါက သနားစရာကောင်းလွန်းပါဘိ မောင်လူသားဟု ဆိုလေ မလားမသိ။

သူ့နာမည်က မောင်လူသား မဟုတ်ပါ။ မောင်လူ၏သားလည်း မဟုတ်ပါ။ သူ့နာမည်က 'ဒိုး'ဖြစ်သည်။ အသက် ၂၅ နှစ်ခန့် အသားသတ်လတ် ဘွဲ့ရပညာတတ်။ ဖြုန်းခနဲကြည့်သော် နေတိုးနှင့်တူ၏။ အမှတ်တမဲ့ကြည့်သော် ဟိန်းဝေယံနှင့်တူ၏။ နောက်ကကြည့်သော် ခိုင်းစိုင်းခမ်းလှိုင်နှင့်တူ၏။ ဝေးဝေးကကြည့်သော် ရဲလေးနှင့်တူ၏။ တော်တော်ဝေးဝေးကကြည့်သော် ဘာမှမြင်ရမည်မဟုတ်ပါ။ ဒီလောက်ဆို သူ့ဥပဓိရုပ်အခြေအနေကို အကဲခတ်၍ရလောက်ပါပြီ။

**အိပ်မက်အသစ်**

သူသည် လှပသော နှစ်ထပ်တိုက်တစ်လုံးရှေ့ရှိ လှပသော ပန်းခြံတစ်ခုအတွင်းတွင် မလှမပ ထိုင်၍မှိုင်နေ၏။ မှိုင်တဲ့နောက်တော့ ဘယ်မှာလှပနိုင်ပါအံ့နည်း။ ထို့ကြောင့် လူတွေက လင်းတမှိုင်ဟုသာပြောကြ၏။ ရွှေဟင်္သာမှိုင်ဟု ပြောလေ့မရှိ။

အိမ်ထောင်မရှိသေးသည့် လူပျိုလူရွယ်တစ်ယောက် အခုလို မှိုင်နေသည်ဆိုသည့်နောက်တော့...

ဗေဒင်မမေးနှင့်၊ နာမည်ကြီးဗေဒင်ဆရာဆို တိုကင်ယူနေရဦးမည်။

သေချာတာက အချစ်ကိစ္စပေါ့ခင်ဗျာ။ ဒါကလွဲ၍ ဘာရှိဦးမည်နည်း။ အာဒံနဲ့အေးဝလည်း ချစ်ကြသည်။

သာဖံနဲ့ ထွေးမြလည်း ချစ်ကြသည်။ ဒီတော့...

ဒိုးနဲ့ တိုးလည်း ချစ်ကြသည်။

တိုးဆိုတာ ဒိုးချစ်သူ ကောင်မလေးလှလှလေးတစ်ယောက်ဖြစ်သည်။ ခေတ်မီဘွဲ့ရ ပညာတတ်တစ်ဦးဖြစ်ကာ ကုမ္ပဏီကြီးတစ်ခုတွင် ဒေါ်လာစား အလုပ်လုပ်နေ၏။ ကောင်မလေးကို ဒိုးသည် အတော်ပင်ချစ်၏။ ရိုမီယိုက ထိုင်ငိုရလောက်အောင်ချစ်၏။ မင်းနန္ဒာက ဆလံပေးလောက်အောင် ချစ်၏။ မင်းကုသက လက်ဖျားခါရလောက်အောင်ချစ်၏။

တိုးကား အိန္ဒြာကျော်ဇင် ကိုယ်လုံး၊ သင်ဇာဝင့်ကျော် မျက်လုံး၊ ချစ်သုဝေ အပြုံး၊ နန္ဒာလှိုင့်မျက်ခုံး၊ အေးမြတ်သူပါးချိုင့်၊ ပွင့်နန္ဒီမောင်သွား၊ မိုးဟေကိုနှုတ်ခမ်း...စသည်တို့ကို သူတစ်ဦးတည်း ပိုင်ဆိုင်၏။ သူ့အလှကား 'ရောသမမွှေ'ရာ၌ သားစိုးကပင် အရှုံးပေးရ၏။

ပန်းနုရောင်ဒုက္ခ၏ သမိုင်းအစကား ဤသို့ဖြစ်၏။

တစ်ခုသောတစ်ရက်တွင် တစ်ခုသောကော်ဖီဆိုင်၌ တစ်ခွက်လျှင်





တစ်ထောင့်ခုနစ်ရာကျပ် ပေးရသည့် ကက်ပချီနိုကော်ဖီတစ်ခွက်ကို တစ်ကျိုက်ချင်းသောက်ရင်း တစ်ခွန်းသောစကားကို သူကဆို၏။

"ဒိုး၊ တိုးကိုချစ်ရဲ့လား"

ဤစကားမှာ ဘိုးတော်ဘုရားလက်ထက်ကတည်းက ချစ်သူချင်း ဆုံကြလျှင် မေးလေ့ရှိသောစကား ဖြစ်ပုံရ၏။ မေးစရာရှားပုံ ရ၏။ မေးစရာပေါ့ပုံရသော ဆရာမင်းခိုက်စိုးစန်၏ ပဟေဠိ နန်းတော်ကိုကြည့်ဖို့ တိုက်တွန်းချင်၏။ သို့သော် ရယ်ချင်စိတ်ကို ရင်ထဲမှာမျိုသိပ်ကာ ဒိုးက ခပ်တည်တည်ဖြေ၏။

"မေးနေရသေးသလား တိုးရယ်"

"အို...ဆင်ပြုရန်ရှောင် လုပ်မနေပါနဲ့၊ မေးတာသာ ဖြေစမ်းပါ"

မိန်းမများက အတိုကြိုက်ပုံရ၏။ သူတို့ဝတ်တဲ့ ဘောင်းဘီတွေ၊ စကတ်တွေ တစ်နေ့တခြား တိုလာတာသာ ကြည့်ပေတော့။ ဝက်ဝုတ္တိ အလင်္ကာကိုလည်း နားလည်ပုံမရ။ ချစ်သူတွေတောင် ဖြစ်နေကြပြီ။ ဒီအချိန်ချစ်ရဲ့လား မေးတာက အနည်းငယ် ကြောင်စီစီမနိုင်ဖူးပေဘူးလား ခင်ဗျာ။

"ချစ်တာပေါ့ တိုးရယ်"

ချစ်သူတိုင်း ဒီမိုးခါးရေပဲသောက်နေတော့ ကိုယ်လည်း ရောကြိတ်လိုက်ရုံပေါ့။ သံပရာသီးလေးပင် ညှစ်မနေတော့။

"တကယ်လား"

ဟု မေးပြန်၏။ တော်ပါသေး၏။ ကလေးတွေကိုမေးသလို ဘယ်လောက်ချစ်လဲဟုမေးလျှင် ဟောသလောက်ချစ်တာပေါ့ဟု လက်ကြီး

နှစ်ဖက် ကားကားဖြေရသည်ရှိသော် တော်တော်ပင် အမြင်မတော်ရှိပေလိမ့်မည်။

"နှစ်ကယ်"

ဒီလောက်တော့လည်း သူ တတ်ပါသေးသည်။ ခပ်ပေါပေါ မြန်မာဗွီဒီယိုအချစ်ဇာတ်ကားတွေထဲကလို ပြောလိုက်ရုံပင်။

"ဒါဆို တိုး ခိုင်းတာလုပ်မလား"

ဒီစကားက သူ့အသည်းနှလုံးကို ကင်းကောင်က ကိုင်လှုပ်သလို တုန်ယင်စေ၏။ မဖြစ်ခံနိုင်ရိုးလား။ တိုးကား မကြာခဏ သူ့ကို ယခုလို အချစ်စမ်းတတ်၏။ အချစ်ဆန်းမဟုတ်။ အချစ်ကို စမ်းသပ်သည့် အချစ်စမ်းဖြစ်၏။ တစ်ခါက ပန်းခြံထဲတွင် ထိုင်နေစဉ် ရှူးဖိနပ်ကိုချွတ်၍ သူမ၏ဒေါက်ဖိနပ်ကိုစီးကာ ပန်းခြံတစ်ပတ် လမ်းလျှောက်ခိုင်း၏။

တစ်ခါက ဘေးကထိုင်စောင့်နေသည့်သူ့ကို မုန့်တီဆိုင်တစ်ဆိုင်၌ သူစား၍ကျန်သော မုန့်တီပန်းကန်တစ်ဝက်ကို ဆက်ကာစားခိုင်းသည်။ ဒိုးက ရွံတတ်၏။ အသန့်အပြန့် အင်မတန်ကြိုက်၏။ သူ့မိဘစား၍ကျန်သော စားကြွင်းစားကျန်ကိုပင် စားလေ့မရှိ။ ပြီးတော့ မုန့်တီ မုန့်ဟင်းခါး စသည်တို့ကို သူက မကြိုက်။ ပြီးတော့ အာပွလျှာပွဆိုသော အမည်နှင့်လိုက်အောင် တိုးစားလေ့ရှိသော မုန့်တီကား အပြင်းစားစပ်၏။ သို့သော် ငြင်းလိုက်လျှင် သူမကို မချစ်ဟု ထင်မှတ်ပေတော့မည်။ ထို့ကြောင့် ရွံရွံစပ်စပ်နှင့်ပင် ချွေးတလုံးလုံးနှင့် ကြိတ်မှိတ်ကာ စားရ၏။

ဤကဲ့သို့ အမျိုးမျိုး အချစ်စမ်းသည်ကို ခံရဖူးသည့် ဒိုးသည် "တိုး...ခိုင်းတာ လုပ်မလား" မေးသံကြားရသောအခါ...

လေသေနတ်မှန်ဖူးသော လင်းတကဲ့သို့ ထိတ်ရွံ့၍သွား၏။





"ဖြေလေ..."

တိုးအသံက ပီလေသပင်တက်သည့် ပက်ကျိထက်ပင် ချွဲချွဲပျစ်ပျစ်နိုင်သေး၏။ မဖြေ၍လည်းမဖြစ်။

"ပြောလေ၊ ဘာလုပ်ရမလဲ၊ ပင်လယ်ကို လက်ပစ်ကူးရမလား၊ မူဝံကြယ်ပဲ ဆွတ်ပေးရမလား"

ယောကျ်ားသားတွေ ကြွားဝါလေ့ရှိသောစကားဖြင့် ရောချလိုက်၏။ တကယ်ခိုင်းလျှင် ငမိုးရိပ်ချောင်းတောင် ကန့်လန့်ဖြတ်ကူးနိုင်တာမဟုတ်။ မူဝံကြယ်ဆွတ်ဖို့ မပြောနှင့်၊ ပီတောက်ပန်းတောင် အပင်ပေါ်တက်မခူးရဲ။

"မဖြစ်နိုင်တာတွေမပြောစမ်းပါနဲ့ ဒိုးရယ်၊ ပြီးတော့ တိုးက ဒိုးကို ဒီလောက်ခက်ခက်ခဲခဲလည်း မခိုင်းဘူး"

"ဒါဆို သိပြီ။ ငှက်ပျောသီးအခွံနွှာခိုင်းမလို့ မဟုတ်လား"

"တော်တော့၊ သူ ပေါဖို့ပဲသိတယ်"

ခံပေရော့။ မိဘများကြားသော် အဘယ်မျှ စိတ်နာရှာမည်နည်း။ ဒါမျိုးကား မျိုးရိုးလိုက်တတ်တယ်ဟုလည်း မကြားဖူး။ တိုးက စိတ်မရှည်နိုင်ဟန်ဖြင့်...

"တိုးက ရုပ်ရှင်မင်းသား လုပ်ခိုင်းမလို့"

ဆိုတော့ သူသဘောပေါက်သွားသည်။ ဒီလောက်ကတော့ သိပ်ပြဿနာမရှိလှ။

"ပြော...ဘယ်ရုပ်ရှင်မင်းသားကို ချောင်းရိုက်ရမှာလဲ။ နေတိုးလား၊ ထွန်းထွန်းလား၊ မိုးအောင်ရင်လား၊ စိုင်းစိုင်းလား"

တိုးက အချိန်အားရလျှင် သူသဘောကျသည့်ရုပ်ရှင်မင်းသားတွေဆီ စာရေးတတ်၏။ ဘယ်မင်းသားက မာနကြီးတစ်ခွဲသားနှင့်

စာမပြန်လေသည်မသိ။ ဒါကြောင့် ထိုမင်းသားအပေါ် ရွှေစိတ်တော်ညို အလိုမကျဖြစ်ကာ သူ့ကို ချောင်းရိုက်ခိုင်းလိုပုံရ၏။

"လွဲပြန်ပါပြီ၊ နီကိုရဲ့နဲ့ အမျိုးတော်လား"

မဆီမဆိုင် ဟိုငနဲကြားသော် တရားစွဲခံရနိုင်၏။

"တိုးပြောတာက ဒိုး မင်းသားလုပ်ရမယ်ပြောတာ"

"ဟင်..."

သူ့ပါးစပ်က အာမေဍိတ်သံ အရှင်လတ်လတ်ထွက်သွားသည်။

"ကိုယ်က ရုပ်ရှင်မင်းသားလုပ်ရမယ် ဟုတ်လား"

နားကြားများ လွဲလေရော့သလား။ မလွဲပါ။

"ဟုတ်တယ်လေ၊ ဘာလဲ မလုပ်နိုင်ဘူးလား"

"ခုန တိုးပြောတော့ ခက်ခက်ခဲခဲမခိုင်းပါဘူးဆို"

"ဟုတ်တယ်လေ၊ မင်းသားဖြစ်ဖို့ ဘာများခက်ခဲလို့လဲ"

မချောပြောပုံက ဆီးထုပ်ဖောက်စားရသလောက် လွယ်လွယ်ကူကူ။

"ကိုယ့်ရုပ်ကိုယ့်ရည်နဲ့"

"ဒိုးရုပ်က မဆိုးပါဘူး၊ ဗေလုဝထက် သာပါတယ်"

သေပေတော့။ ဗေလုဝတစ်ယောက် မင်းသားဖြစ်တာ မြန်မာပြည်က လူငယ်အတော်များများ ဒုက္ခရောက်ဖို့ဖြစ်လာ၏။ ဗေလုဝနှင့်ယှဉ်ကာ ကောင်မလေးတွေက သူတို့ကောင်လေးတွေကို ရုပ်ရှင်မင်းသား ဖြစ်စေချင်ကြ၏။ ကာကွယ်ဆေးမပေါ်သေးသော ဤရောဂါသည် အခုလောလောလတ်လတ် တိုးကို ကူးစက်သွားပုံရလေသည်။

"မင်းသားတော့ မလုပ်ပါရစေနဲ့ တိုးရယ်၊ နာမည်ကြီး မင်းသားတွေထားသလို ကိုယ်လည်း တိုးကို တိုက်နဲ့ကားနဲ့





ထားနိုင်ပါတယ်"

"ဒါပေမဲ့ သူတို့လို နာမည်မှမကြီးဘဲ"

"နာမည်ကြီးဖို့လည်း လွယ်ပါတယ်။ တနင်္ဂနွေနေ့ လူစည်ကားတုန်း ဒဂုန်စင်တာရှေ့သွားပြီး ကင်းမြီးကောက်ထောင် လမ်းလျှောက်ပြမယ်။ ကိုယ့်မိတ်ဆွေ ဂျာနယ်လစ်တွေ အများကြီး။ မောင်မျိုး(မြန်မာစာ)တို့၊ ကျော်သီဟတို့၊ လွမ်းဝေနိုင်တို့၊ သျှိသူအောင်တို့...ဒီကောင်တွေကို ကျော်နီဝါးကား အဝတိုက်မယ်ပြောပြီး ရေးခိုင်းရင် နောက်နေ့ထုတ်ဂျာနယ်တွေမှာ ခေါင်းစည်းစာလုံးအမည်းကြီး၊ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ ပါလာမှာ..."

"အဲသည်လိုလုပ်ရင် တွေ့တဲ့လူက ရှင့်ကိုဖမ်းချုပ်ပြီး စိတ်ရောဂါအထူးကုဆေးရုံ ပို့ပေးလိမ့်မယ်"

"တိုး ဒီလိုမပြောနဲ့။ ပန်းချီအေးကိုတို့၊ ထိန်လင်းတို့၊ စန်းဦးတို့လည်း အဲသလိုလုပ်နေကြတာပဲ"

"မဆိုင်ဘူးလေ၊ သူတို့က ပါဖောမင့်အားတစ်တွေ"

တိုးကား ဤမျှ ပို့စ်မော်ဒန်ဖြစ်၏။ အားလျှင် သူတို့နေသည် ရွှေမိုင်အဆောင်နှင့်နီးသော ဆရာကြီးဇော်ဇော်အောင်ထံသွားကာ ပို့စ်မော်ဒန်ဒေသနာ မကြာခဏကြားနာတတ်သူဖြစ်ရာ တော်ရုံတန်ရုံနှင့်တော့ မြီးမရ။ ဒိုးဂ...

"တိုးရယ်၊ မင်းပြောပုံအရဆိုရင် ပါဖောမင့်အားတစ်ဆိုတာ အရူးလိုင်စင်ရထားသလို ဖြစ်နေပြီ"

"တော်ပြီ၊ မဆီမဆိုင်တာတွေ မပြောနဲ့၊ ရှင် ရုပ်ရှင်

မင်းသားဖြစ်အောင်လုပ်မလား၊ မလုပ်ဘူးလား။ ဒါပဲပြော" ရာဇသံကား နာဂစ်၏ဖွားဖက်တော်လို ပြင်းထန်လှချေသည်။

"ကောက်ကာငင်ကာ မင်း ဒီစိတ်ကူး ပေါ်လာရတဲ့ အကြောင်း ကိုယ် သိခွင့်မရှိဘူးလား"

ဟု ဒိုးက တောင်းဆိုလိုက်၏။ တိုးက...

"တိုးတို့ကုမ္ပဏီမှာ အတူတူလုပ်နေတဲ့ ဝိုင်ချိုဆိုတဲ့ ကောင်မ သိတယ်မဟုတ်လား"

"သိတယ် သိတယ်။ အပေါ်ကောက် အောက်ကောက်နဲ့လေ။ ဟိုနှာခေါင်းကောက်ကောက်၊ ဖင်ကောက်ကောက်ကို ပြောတာ"

"အဲဒါ သူ့ရည်းစားက အခု ဗီဒီယိုရုပ်ရှင်မင်းသားသစ် အောင်ရင်ငြိမ်းတဲ့"

"ကိုယ်လည်း မကြားဖူးပါလား၊ မိုးအောင်ရင်ပဲ ကြားဖူးပါတယ်"

"သူက မိုးအောင်ရင်ကိုတုပြီး မှည့်တာနေမှာပေါ့။ အခု သုံးချောင်းညီညာ ဗွီဒီယိုထုတ်လုပ်ရေးနဲ့ ကား ၂၀ တောင် စာချုပ်ပြီး ရိုက်နေပြီတဲ့။ နှစ်ကား သုံးကားတောင် ဖြန့်ပြီးပြီလို့ ပြောတယ်"

ဒိုးက အနည်းငယ် နား မျက်စိလည်၍သွားသည်။

"ကိုယ်သိတာ သုံးချောင်းညီညာ စာအုပ်ထုတ်ဝေရေးပဲ ရှိပါတယ်။ သန့်ဇင်ထွန်းရယ်၊ အောင်နိုင်ဦးရယ် ဖိုးသကြန်ရယ်ဆိုတဲ့ လူငယ်သုံးယောက် ထောင်ထားတာ။ ကိုယ့်သူငယ်





ချင်း စာရေးဆရာလေး ဝေမှုံးသွင် စာအုပ်တွေ ထုတ်နေလို့ သိတာ"

"ဟုတ်တယ်၊ စာအုပ်ထုတ်တာ မဟန်လို့တဲ့။ ဗွီဒီယိုလိုင်းဘက် ပြောင်းသွားတာ။ ဒီကောင်မနဲ့ တိုးက အပြိုင်အဆိုင်တွေ။ အခု သူက ဒီအကြောင်းပဲ စကားစပ်ပြီး ကြွားနေတာ မခံချင်လို့။ ဒိုး မင်းသားဖြစ်မှ သူ့ကို အားရပါးရ လက်စားချေပစ်လိုက်မယ်။ ဘယ်လိုလဲ"

"ခက်တော့နေပြီ တိုးရယ်၊ ကိုယ်က သရုပ်ဆောင် ဝါသနာမပါတာလည်း သိရဲ့သားနဲ့။ ရုက်တတ်တာလည်း အငွေ့နံ့ပဲ။ ပုဆိုးမပါဘဲ တစ်ခါမှ အပြင်မထွက်ဘူး"

"ဒါဆို အခု မင်းသားလုပ်နေတဲ့သူတွေက အရှက်မရှိဘူး ပြောတာပေါ့၊ ဟုတ်လား"

"တိုး မဆိုမဆိုင် သူများနဲ့ ရန်တိုက်မပေးနဲ့လေ။ ဟိုငနဲတွေက ရုပ်ရှင်ကောင်စီမှာ စုတိုင်လို့ ကိုယ်တောင်းပန်နေရဦးမယ်"

"ဒါဆို မင်းသားလုပ်တော့မယ်ပေါ့"

ဒိုးက ခေါင်းကုတ်လိုက်ကာ...

"မင်းလည်း သိရဲ့သားနဲ့၊ ဒီရုပ်ရှင်မင်းသမီး ဆိုတာတွေက ချွေးမော်သိပ်နံတာ"

"ရှင် ဘယ်တုန်းက အနံ့ခံကြည့်ဖူးလို့လဲ"

"မင်းပဲ စဉ်းစားကြည့်လေ၊ ရှူတင်ရှိတယ်ဆိုရင် တစ်နေ့လုံး နေပူထဲမှာ အလုပ်လုပ်ကြရတာ။ အတွင်းခန်းဆိုလည်း

မီးတွေမှန်တွေက အားကုန်ထိုးထားတာဆိုတော့ ချွေးတလုံးလုံး နဲ့ နေကြမှာပေါ့။ အဲဒီတော့ ကိုယ်က သူတို့နား ဘယ်လိုလုပ် ကပ်မလဲ"

"ရှင် ဆင်ခြေတွေပေးမနေနဲ့။ ဒါ တစ်ချက်လွှတ်အမိန့်ပဲ၊ (၇)ရက်အတွင်း မင်းသားမဖြစ်ရင် ရှင်နဲ့ ကျွန်မ အပြတ်ပဲ"

ဤသို့ဖြင့် ပန်းနုရောင်ဒုက္ခ၏သမိုင်းကား စတင်ခဲ့လေသည်။ ခြံထဲ[illegible] အောင်မောင်းနှင့် ရွှေဝင်းဖော် ဝင်လာသည်။ ဒီကောင်နှစ်ကောင်ကို မြ[illegible] တော့ ဒိုး စိတ်ဓာတ်ကျသွားသည်။ ဒီကောင်နှစ်ကောင် ရောက်လာရ[illegible] သူ စိတ်ညစ်တာတောင် ကောင်းကောင်းညစ်ရတော့မည်မဟုတ်တော့[illegible] ထိုသူကောင့်သားနှစ်ဦးက သူ၏ပြောမနာဆိုမနာသူငယ်ချင်းများ ဖြစ်ကြ[illegible] ၏။ သူ့ပုံစံကိုကြည့်ကာ အနားရောက်သည်နှင့် အောင်မောင်းက...

"ဒိုးရာ၊ မင်းကလည်း ဒီလောက်မှိုင်မနေပါနဲ့။ တို့လည်း ကုန်တာပါပဲ။ ဒီအသင်းနဲ့ ဒီအသင်းကွာ မန်ယူကပဲ ထိုင်လိုက် တာပေါ့။ မန်ယူက မင်းသိတဲ့အတိုင်းပဲ။ အရေးရယ် အကြောင်း ရယ်ဆိုရင် ဖောက်ပြီ"

"ဖာဂူဆန် လူထုတ်တာ မဟုတ်တာကွာ၊ ရွန်နီက နာနေ လို့ မပါနိုင်ဘူး။ ဒိုးလေးကိုလည်း ပွဲပြီးခါနီးမှ ထုတ်တယ်။ ဒီနေ့မှ ပေါစခိုးကလည်း ညံ့လိုက်တာ"

စိတ်မရှည်စွာ ဒိုးက အော်လိုက်၏။

"ဟေ့ကောင်တွေ၊ ဘာတွေလာပြောနေတာလဲ။ ငါက မင်းတို့လို လောင်းကစားသမား မဟုတ်ဘူးကွ"

"အေးလေ၊ တစ်ခါတလေမှ အပျော်ကစားတာ ငါတို့





သိပါတယ်။ ဘာလို့ ဒီလောက်ဒေါသကြီးနေတာလဲ။ ဒီကောင် အောင်မောင်း မကောင်းတာပြော တာ။ ဒီကောင့်နာမည်ကို မောင်းမအောင်လို့တောင် ပြောင်းဖို့ကောင်းနေပြီ"

ရွှေဝင်းဖော်ကပြော၏။ အောင်မောင်းက...

"မင်းကရော ဘာထူးလို့လဲ။ ရွှေဝင်းဖော် လုပ်မနေနဲ့။ ကြေးဝင်းဖော်သာ ပြောင်းပစ်လိုက်"

"လူမှာရှိတဲ့ ရွှေလည်းကုန်ပြီ။ နာမည်က ရွှေတောင် အပေါင်ဆိုင်က လက်မခံလို့ ကျန်နေတာ"

ဒီကောင်တွေက အဲသလိုကောင်တွေ။ ဒီကောင်တွေနဲ့တွေ့တော့ [illegible]တ်ညစ်နေတာတွေတောင် ပျောက်ကုန်သည်။

"ကဲပြော၊ မင်းက ဘာလို့ ခွေးသေကောင်ပုပ်ပျောက်တဲ့ လင်းတလို မှိုင်နေရတာလဲ"

ဒိုးက အကြောင်းစုံပြောပြလိုက်တော့ ထိုနှစ်ကောင်က ဟားတိုက် [illegible]ယ်ကြသည်။ ဒိုးက...

"ဟေ့ကောင်တွေ၊ ဒါ ရယ်စရာလား"

"ရယ်စရာပေါ့ကွ၊ စဉ်းစားကြည့်၊ ဒိုး မင်းသား၊ မင်းသား ဒိုး၊ အင်း...အမြင်မတော်၊ ဆင်တော်နဲ့ နားပေါက်"

"ဆင်တော်နဲ့ ခလောက်ပါကွာ"

"ဟစ်ဟော့ခေတ်လေကွာ၊ စကားပုံတွေလည်း ပြောင်း ကုန်ပြီ။ တို့တောင် နားပေါက်ဖောက်တာ၊ ဆင်လည်း ဖောက် ချင်ဖောက်မှာပေါ့"

"ကဲ...ဒါတွေ ထားစမ်းပါ၊ ငါ ဘာလုပ်ရမှာလဲ"

"မင်းသားလုပ်လေ"

အောင်မောင်းက အတည်ပေါက်နဲ့ပြော၏။

"ဒါတော့ နင်တို့ပြောမှလား။ သုံးရက်လုံးလုံး ၃၅ လမ်းထဲက ရုပ်ရှင်ဗွီဒီယိုကုမ္ပဏီတွေ တစ်ခုပြီးတစ်ခု ဝင်ထွက်ပြီး မင်းသားလိုက်လျှောက်နေတာ ခြေတိုတာပဲအဖတ်တင်တယ်"

"အဲဒီမှာ တို့ရပ်ကွက်ထဲက ဦးချမ်းမင်းအိမ်ကြီး ရှိတယ်လေ။ သူက ဇာတ်ညွှန်းလောကထဲ ခြေစုံပစ်ဝင်ဖို့ ကြိုးစားနေတာ။ သူ့ကို အကူတောင်းပေါ့"

"သူ့ဇာတ်ညွှန်းတောင် မရောင်းရလို့တဲ့ စိတ်ဆိုးနေတာ။ အကူအညီသွားတောင်းရင် အကူအညီမရဘဲ လက်သီးပဲရလိမ့်မယ်။ ဆရာမြင့်ဦးဦးမြင့်ကတော့ ပြောတယ်။ မင်းလည်း ချမ်းသာတာပဲ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ထုတ်ရိုက်လိုက်ပါလားတဲ့။ သူ့တော့ ဇာတ်ညွှန်းအပ်ရမယ်နော်တဲ့။ အဲဒါ စရန်တောင်းနေလို့ ငါ မနည်းထွက်ပြေးလာရတယ်"

"သူပြောတဲ့အစီအစဉ် ကောင်းသားပဲကွ"

"မဖြစ်ဘူး ကိုယ့်လူတို့၊ တိုးက ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ထုတ်ရိုက်တာမျိုး မဖြစ်ရဘူးတဲ့။ အဲဒါဆို သူ ပိုအရှက်ကွဲရလိမ့်မယ်တဲ့။ တားမြစ်ထားတယ်"

"ဒီအတိုင်းဆို မင်းကိစ္စက မလွယ်ပါလား"

"ဇာတ်ထဲက သိကြားမင်းဆင်းကယ်မှ ဖြစ်လိမ့်မယ်ထင်တယ်"

"မနက်ကတောင် ဖုန်းဆက်သေးတယ်။ ကိုဒိုးရေ...





ရုပ်ရှင်မင်းသားဖြစ်ဖို့ နီးစပ်နေပြီလားတဲ့။ အဲဒါကြောင့် စိတ်ပျက်ပျက်နဲ့ ငါ ဒီမှာလာငိုင်နေတာ"

"အင်း...ငါသိတယ်။ ဒီလိုဖြစ်မယ့်အရေးတွေ ကြိုတင်မြင်လို့ ငါ ရည်းစားမထားတာ"

အောင်မောင်းက အသားလွတ်ကြွားပြန်သည်။ ရွှေဝင်းဇော်က...

"အကြောင်းသိချင်းကွာ၊ မစွံရင် မစွံဘူးလို့ ပွင့်ပွင့်လင်းလင်း ဝန်ခံစမ်းပါ"

"ဟေ့ကောင် ကြေးဝင်းဇော်၊ ဒိုးပြောရင် ခံမယ်။ မင်းနဲ့ငါက အတူတူနဲ့ အနူနူ။ ဘိန်းတစ်လုံး ပိုမရှူချင်နဲ့။ ဒါထက်မင်း ဒီလိုထိုင်တွေးနေလို့ အဖြေပေါ်လာမှာမဟုတ်ဘူး ဒိုး"

"ဒီလိုမထိုင်လို့ ဘယ်လိုထိုင်ရမလဲ။ ခြေထောက် ခေါင်းပေါ်တင်ထိုင်ရမှာလား"

"မဟုတ်ဘူးလေ၊ ဉာဏ်ရွှင်စေတဲ့ အရည်ကလေး ဘာကလေးသောက်ပြီး စဉ်းစားကြရ ပိုကောင်းမယ်လို့"

"ဝက်ဝံ့ဆီလက်ဘ်မသုံးဘဲ ပြောရရင်တော့ ဘီယာဆိုင်သွားရအောင်လို့ ခေါ်နေတာဟေ့"

"ဪ...မသိချင်ယောင်ဆောင်နေလို့လည်း မရတော့ပါလားဟေ့"

❋ ❋ ❋

# ( ၂ ) မှုကြိုတစ်ဦးရဲ့ နုပ်ချေးအရသာ

ယခုတော့...

ဒိုးသည် အောင်မြင်ကျော်ကြားသော ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်၍နေလေပြီ။ သူ့ဘေးတွင် ထုတ်လုပ်သူတွေ၊ ဒါရိုက်တာတွေ ပိုင်းဝိုင်း လည်နေ၏။

"မင်းသား ကျွန်တော့်ကို ဘယ်တော့ ရက်ပေးနိုင်မလဲ"

"ကျွန်တော်က လျက်ပေးရအောင် ခင်ဗျားက ထန်းလျက် ခဲလား"

"မဟုတ်ဘူး ခွေးစာခွက်။ အဲလေ...မင်းသားလုပ်တာနဲ့ ကျွန်တော်တောင် ယောင်ကုန်ပြီ။ ကျွန်တော်က ကျွန်တော့် ကုမ္ပဏီအတွက် ဘယ်တော့ ကားရိုက်ရက် ပေးနိုင်မလဲ။ မေးနေတာပါ"

"အဲသလို ရှင်းရှင်းပြောပါဗျ"

ဒိုးက အတော်ကြာအောင် အချိန်ယူစဉ်းစားပြီးမှ...

"၂၀၀၉ ခုနှစ်အတွက်တော့ ရိုက်ရက် လုံးဝမပေးနိုင် တော့ဘူး။ အကုန်လုံး ရက်စေ့နေပြီ"





"ဒါဆို ၂၀၁၀ အတွက်ရော၊ မင်းသားလက်ခံမယ်ဆို ကျွန်တော် စရန် သန်း ၂၀ ပေးခဲ့ပါ့မယ်"

"ဟာ...ဖြစ်မယ်မထင်ဘူး၊ ၂၀၁၀ ကျ ကျွန်တော် အပြင်ထွက်ရိုက်မလို့"

"အပြင်ထွက်ရိုက်မယ်ဆိုတာ အောက်ဒိုး (out door) ရိုက်မယ် ပြောတာပေါ့နော်"

ဒိုးက သံပုရာသီးကို အလုံးလိုက်ကိုက်မိသလို မျက်နှာကို ရှုံ့မဲ့ကာ...

"နိုး...နိုး၊ အပြင်ထွက်ရိုက်မယ်ဆိုတာ နိုင်ငံတကာ ရုပ်ရှင်လောကထဲ ဝင်ဆံ့တော့မယ်ပြောတာ။ ဒါမှ ဂလိုဘယ် လိုက်ဖေးရှင်းခေတ် မင်းသားပီသမှာပေါ့"

အမြင်ကတ်နေဟန်တူသော ဒါရိုက်တာတစ်ယောက်က...

"မင်းသားက ဘယ်ထွက်ရိုက်မှာလဲ။ အာဖဂန်နစ္စတန် လား၊ ကင်ညာလား၊ ဇင်ဘာဘွေလား..."

"ဟောလီးဝုဒ်တို့ ဘောလီးဝုဒ်တို့ဗျ..."

"ဟောလီးဝုဒ်ဆိုတာ အမေရိကန်ရုပ်ရှင်လောကမှန်း သိပါတယ်။ ဘောလီးဝုဒ်ဆိုတာ..."

"အိန္ဒိယက ဘုံဘေရုပ်ရှင်လောကကို ဘောလီးဝုဒ်လို့ ခေါ်တာဗျ။ အဲဒီက အက်ရှဝါရိုင်းတို့၊ ကရီနာကပူးတို့ဆိုတဲ့ ကုလားမလေးတွေက ကျွန်တော်နဲ့ ရိုက်ချင်လွန်းလို့တဲ့။ ထမင်း တောင် မစားနိုင်အောင် ဖြစ်နေကြတယ်။ ချပါတီပဲ စား တယ်တဲ့"

"ဒံပေါက်ရော မပါဘူးလား"

အမြင်ကတ်ပုံရသည့် ထုတ်ဝေသူတစ်ယောက်က စကားထောက်၏။

"တစ်ခါတလေတော့ ပါမှာပေါ့ဗျာ။ ဆိုးလ်ကလည်း တယ်လီဖုန်းဆက်တယ်။ KBS က ရုပ်သံဇာတ်လမ်းတွဲတစ်ခု ရိုက်ချင်လို့တဲ့။ အပိုင်းပေါင်း ငါးရာ့ငါးဆယ်ရှိတယ်တဲ့"

"ငါးရာ့ငါးဆယ် နိပါတ်တော်များ ပြန်ရိုက်မှာလား"

မျက်မှန်းကျိုးပုံရသည့် ဒါရိုက်တာတစ်ယောက်က ဝင်ထောက်သည်။ ဒိုးက မဖြေ။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ မင်းသမီးတွေက ကျွန်တော်ကြိုက်တဲ့ အွန်စော၊ ဂျင်ဆန်းမိ၊ ဆိုအောနီ၊ ဟယ်ရွှန်၊ အိုဗျာ...ကိုရီးယားမင်းသမီး အကုန်ပါအောင် ဇာတ်လမ်းဆင်ထားတယ်တဲ့။ ဒါပေမဲ့ အခုတော့ သူတို့ကို ဦးစားမပေးနိုင်သေးဘူး။ ဟောလီးဝုဒ်က စတီဗင်စပီးဘတ် ပို့ထားတဲ့ ဇာတ်ညွှန်းကို ဖတ်နေရတယ်။ တာထွက်ကောင်းအောင် ဟောလီးဝုဒ်မှာ စ,ရိုက်မယ် စိတ်ကူးထားတယ်"

"ဒါဆို အဲဒီမှာပဲ ရုပ်ရှင်သွားရိုက်တော့မယ်ပေါ့။ ဟုတ်လား"

"ကျွန်တော်က ဇာတ်ညွှန်းဖတ်ကြည့်နေတုန်းပဲ။ ဇာတ်ညွှန်းကတော့ နည်းနည်းပြင်ဖို့လိုသေးတယ်"

"ရိုက်ဖြစ်ရင် ဘယ်မင်းသမီးနဲ့ တွဲဖြစ်မှာလဲဟင်"

ထုတ်ဝေသူတစ်ယောက်က အဆင်းချောက်ချလိုဟန်ဖြင့် မေးသည်။ ဒိုးက အထာမပေါက်။

"ကျွန်တော် စိတ်တိုင်းကျရွေးနေတုန်းပဲ။ နီကိုးလ်ကစ်မင်း





ကျတော့လည်း နှာခေါင်းချွန်လွန်းတယ်။ စကားလက်ဂျိုဟတ်ဆန်ကျတော့လည်း အောက်နှုတ်ခမ်း နည်းနည်းထူတယ်။ ဂျက်ဆီကာအယ်လ်ဘာကျတော့လည်း အသားနည်းနည်းညိုနေတယ်။ ကီရာနိုက်တလေးကျတော့လည်း မေးရိုး နည်းနည်းကားတယ်။ အင်ဂျလီနာဂျိုလီကျတော့လည်း ပိန်လွန်းတယ်။ ဒရူးဘယ်ရီမိုးကျတော့လည်း ခါးနည်းနည်းတုတ်တယ်"

ဟောလီးဝုဒ်က ရုပ်ရှင်မင်းသမီးတွေကုန်တော့မည်။ သူ့စိတ်ကြိုက် မတွေ့သေး။ ထိုစဉ် မီဒီယာလောကမှ စာနယ်ဇင်းဆရာတွေ အင်တာဗျူးလုပ်ရအောင် ရောက်လာကြသဖြင့် ထုတ်ဝေသူတွေ၊ ဒါရိုက်တာတွေ နောက်ဆုတ်ပေးကြရ၏။ ဒီလိုနှင့် ဂျာနယ် မဂ္ဂဇင်းလောကမှ POP ဆောင်းပါးရှင်များမှာ ရုပ်ရှင် ရုပ်သေကင်မရာများ တဖျပ်ဖျပ်ရိုက်ရင်း အလုအယက်မေးမြန်းကြသည်။

"ဒိုးဆိုတဲ့နာမည်ကြည့်ပြီး လူတွေက ကုလားကားလားလို့ မေးကြတယ်။ ရေး...ဒိုး၊ တင်းချားဆိုတဲ့ ကုလားစကားရှိတယ်မဟုတ်လား။ ဒိုးဆိုတာ (၂)ဆိုတဲ့ အဓိပ္ပာယ်လေ"

"ဒိုး (Doll)ဆိုတာ အရုပ်လို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စာလုံးမဟုတ်လား။ ဘာအဓိပ္ပာယ်နဲ့ မှည့်ထားတာလဲ"

"တစ်ခုမှ မဟုတ်ပါဘူး။ ဒိုးဆိုတာ ဗမာစကားစစ်စစ်ပါ။ ကျောက်ဒိုးဆိုတာ ကြားဖူးမှာပေါ့။ အဓိပ္ပာယ်ကတော့ Rolling Stone ပေါ့။ လိမ့်နေတဲ့ ကျောက်တုံးလေးလေ။ လိမ့်နေတဲ့ ကျောက်တုံးတွေဟာ ရေညှိမတက်ဆိုတဲ့စကားလည်း ရှိတယ် မဟုတ်လား"

"မင်းသား၊ တစ်နေ့ ဝမ်းဘယ်နှစ်ခါသွားပါသလဲ"

"ပုံမှန်ကတော့ တစ်ကြိမ်ပါပဲ။ ပဲဟင်းတို့ ချဉ်ရည်ဟင်းတို့ စားတဲ့အခါတော့ ပိုများတာပေါ့ခင်ဗျာ"

"မင်းသား အားတဲ့အချိန် ဘာများလုပ်ပါသလဲ"

"သန်းရှာပါတယ်"

"ဗျာ...မင်းသား အနီရောင်ဂျင်ဖဲလား မသုံးဘူးလား"

"နိုးနိုး...ကျွန်တော့်ခေါင်းမှာ သန်း မရှိပါဘူး"

"ဒါဖြင့် ဘယ်နေရာမှာ ရှိတာလဲ"

"ဘယ်နေရာမှာမှ မရှိပါဘူး။ သန်းရှိနေတာက ရှယ်လီပါ"

စာနယ်ဇင်းသမားတွေအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ မင်းသားမှာ ဒီလိုတိတ်တိတ်ပုန်းရည်းစားရှိနေတာ သူတို့မသိ။ သတင်းထူးဖြစ်ဦးမှာ သေချာ၏။

"ဘယ်တော့ လက်ထပ်ဖို့ရည်ရွယ်ထားပါသလဲ"

"ဘယ်သူနဲ့လဲ"

"ရှယ်လီနဲ့လေ..."

"မိုးကြိုးတော့ပစ်ကုန်တော့မှာပဲ။ ရှယ်လီဆိုတာ ကျွန်တော့် အန်တီ မွေးထားတဲ့ တယ်ရီယာ ဘိုခွေးမလေးဗျ။ အားရင် ကျွန်တော်က သူ့ကို သန်းရှာပေးတယ်"

ဒီတော့ စာနယ်ဇင်းသမားတွေမှာ ပါးစပ်နားရောက်ခါနီး ဟမ်ဘာဂါကို ပုတ်ချခံရသူတွေလို ဆတ်တငံ့ငံ့ဖြစ်ကုန်သည်။

"မင်းသားရဲ့ ရှေ့လုပ်ငန်းစဉ်လေး သိပါရစေ"





"လူကြိုက်များနေသေးသရွေ့ တစ်နေ့သုံးကားရိုက်ပြီး ငွေစုမယ်၊ တိုက်တွေ ခြံတွေ ကားတွေဝယ်မယ်။ ငှားမယ့်လူ မရှိတော့ရင်တော့ ဖိုးသူတော် သုံးရက်ဝတ်မယ်"

"မင်းသား မေးသမျှဖြေနေရတာ မောလှပြီ။ မျက်နှာတစ်ခုလုံး ချွေးတွေရွှဲနေတာပဲ။ ရော့...ဒီ စနိုးတာဝါလေး သုံးလိုက်ပါဦး"

သူက မန်နေဂျာခန့်ထားသော အောင်မောင်းက ရေခဲစိမ် စနိုးတာဝါ တစ်ခု လာပေး၏။ စနိုးတာဝါဖြင့် မျက်နှာကို သုတ်လိုက်၏။ တာဝါ၏ အေးမြစိုစွတ်မှုက သူ့မျက်နှာအနှံ့။

"ဟဲ့...ထ...ထ၊ ဒိုး...ထစမ်း၊ ဒီကောင် အအိပ်မက်လိုက်တာ၊ မျက်နှာကို ခွေးလျက်နေတာတောင် မနိုးဘူး"

သူ့အန်တီက လှုပ်နှိုးသဖြင့် ဒိုး နိုးလာ၏။ သူသည် ဧည့်ခန်းထဲရှိ ယောက်ထိုင် ဆက်တီပေါ်တွင် ခဏလှဲရင်း အိပ်ပျော်သွားကာ အိပ်မက်မက်နေခြင်းဖြစ်၏။ သူ့မျက်နှာကို အန်တီ မွေးထားသော ခွေးမလေး ရှယ်လီက လျှာဖြင့်လာလျက်(ယက်)နေခြင်းဖြစ်၏။

"မင်း ထမင်းစားပြီး ပါးစပ်စင်အောင် မဆေးဘူး ထင်တယ်။ ဒါကြောင့် ဟင်းစော်နံလို့ ငါ့ခွေးက လျက်နေတာ ဖြစ်မှာ"

သူ့ပင် အပြစ်ပြောနေသေးသည်။ အဖေနှင့်အမေက သူတို့လုပ်ငန်း စင်ကာပူမှာ အနေများ၏။ သူနှင့်အတူနေသည်က အဖေ့ညီမ အပျိုကြီးဖြစ်သူ အန်တီလေးဖြစ်၏။ သူက ဒီအန်တီလေးကိုတော့ ကြောက်ဖြစ်၏။ အပျိုကြီးဒေါသကား ဘယ်ဒေါသနှင့်မှမတူ။

"အိပ်နေရင်း မင်းမျက်နှာက ပြုံးစိစိဖြစ်နေတယ်။ ဘာတွေဖြစ်နေတာလဲ"

"ဟို...ဟို အိပ်မက် မက်နေတာပါ အန်တီ"

"မင်း အိပ်မက်ထဲ ငါရောပါသေးလား"

ဒီအိမ်မှာ နှစ်ယောက်တည်းနေတာ၊ မပါဘူးဆို၍မဖြစ်။ အိပ်မက် မက်တာ သူ မပါကောင်းလားလို့ အပြစ်တင်နေလိမ့်မည်။ ထို့ကြောင့်...

"ပါ...ပါ,ပါတယ် အန်တီ"

"ဒုက္ခပါပဲ၊ ငါ ဒီနေ့ ရေမချိုးရသေးဘူး။ နောက်ဆို အိပ်မက် မက်မယ်ဆို ကြိုပြောထား"

အပျိုကြီးပီသပါပေသည်။ အိပ်မက် မက်တာတောင် နို့တစ်ပေးပြီးမှ မက်ရမလို ဖြစ်နေ၏။

"တော်တော်အညောင်းမိနေပြီ"

"ကျွန်တော်နှိပ်ပေးမယ်လေ၊ အန်တီလေး"

"အညောင်းမိနေတာ ငါမဟုတ်ဘူးဟဲ့၊ ရှယ်လီ။ ဒီနေ့ တစ်နေ့လုံး သူ အပြင်မထွက်ရသေးဘူး။ ပန်းခြံထဲကို လမ်းလျှောက်ရအောင် ခဏခေါ်သွားလိုက်ဦး"

"ဟုတ်ကဲ့...အန်တီလေး"

အိပ်မက်မက်တာ ကြည်နူးနေတာလေးတွေ ပျောက်ဆုံး၍သွားသည်။ နုပ်ချေးတွဲလောင်းကျနေတဲ့ မူကြိုကလေးတစ်ယောက် သူ့နှုတ်ခမ်းကို လျှာနဲ့လျက်သလို ကိုယ့်အရသာနဲ့ကိုယ် အဆင်ပြေနေတာလေး ပျက်စီး၍ သွားပါပြီ။ အခုတော့ သူ့အလုပ်က ခွေးထိန်း။

✻ ✻ ✻





# ( ၃ ) လွဲလွဲလေးလည်း လန်းပါတယ်

လှိုင်းဂယက်ကလေးတွေက ကမ်းပါးမှာ ခလုတ်တိုက်လဲနေကြသည်။ တိမ်ဖြူဖြူတစ်အုပ်က အင်းလျားကန်ထဲ ရေဆင်းငုပ်နေ၏။ ကန်စပ်မြက်ခင်းပေါ်မှာ သူထိုင်နေ၏။ သူ့ဘေးမှာ ရှယ်လီက ငြိမ်ငြိမ်ကလေး လက်ပေါ်မေးတင်၍ ဝပ်နေသည်။

အင်းလျားကန်မှာ သာယာလှသည်။ ဒွိယံ ဒွိယံ အုပ်စုတွဲတွေမှ အလုပ်မရှိ အလုပ်ရှာ ဟိုမှသည်မှ လမ်းသလားနေကြ၏။ သူတို့ကို မြင်ရသောအခါ ဒိုး ပို၍ရင်နာလာ၏။ အင်းယား၏ သာယာလှပမှုက သူ့ကို မဖမ်းစားနိုင်။ မနက်ဖြန်ဆို တိုးက ချိန်းဆိုထားသော (၇)ရက်စေ့ပြီ။ (၇)ရက်အတွင်း မင်းသားမဖြစ်လို့ကတော့ ရှင်နဲ့ကျွန်မ အပြတ်ပဲဟု တိုးပြောသွားသောစကားကို ပြန်လည်ကြားယောင်နေ၏။

မြန်မာပြည်မှာ ကျူရှင်တွေ မှိုလိုပေါက်နေသည်။ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ -အင်တာနက်ကြည့်နည်း၊ ရေကူး၊ အလှပြင်၊ မော်ဒယ်၊ ဖက်ရှင်ဒီဇိုင်း၊ စက်ချုပ်၊ တယ်လီဗေးရှင်းပြင်၊ မော်တော်ကားမောင်း၊ ဟင်းချက်နည်း... နောက်သင်တန်းတွေ ဒီလောက်စုံတကာစေ့နေတာ တောင် (၇)ရက်အတွင်း မင်းသားဖြစ်နည်းသင်တန်းရယ်လို့မရှိ။ သင်တန်း

ပေါင်းစုံ ဖွင့်စားနေသည့် နတ်သမီးအနုပညာမှ သွန်းနေစိုးနဲ့တွေ့တော့ မြှောက်ပေးလိုက်သေးသည်။ ပြောမယ့်သာပြောရတာ။ ဒီနည်းကိုသိမှ သူကိုယ်တိုင် မင်းသားအရင်လုပ်တော့မှာပေါ့။

ထိုအခိုက် သူ့မျက်လုံးထဲမှာ ဝင်းခနဲ တစ်ချက်လင်းလက်သွား၏။ နွေခေါင်ခေါင် နေ့ခင်းကြောင်တောင်ကြီး ဘာကြောင့် လျှပ်စီးလက်ရသနည်း။ နောက်တစ်ခါ ဝင်းခနဲလက်ပြန်၏။ တရားခံကို ရှာတွေ့လေပြီ။

လူတစ်ယောက်က သူ့ကို ဓာတ်ပုံရိုက်နေသဖြင့် ကင်မရာမီးခွက်က မွှင့်ခိုက် ဝင်းခနဲ လက်ခနဲ ဖြစ်နေခြင်းဖြစ်၏။

"တစ်ဆိတ်လောက် ကျွန်တော့်ကို ဓာတ်ပုံရိုက်ခွင့်ပြုပါ ခင်ဗျာ"

ကျလည်းကျတဲ့သူ။ ရိုက်ပြီးမှ ခွင့်တောင်းနေသေးသည်။

"ရိုက်ပါခင်ဗျာ ရိုက်ပါ"

သူက ခွင့်ပြုချက်ပေးကာ သူ့ခွေးလေးနှင့်အတူ အိုက်တင်အမျိုးမျိုး ထုတ်၍ ဓာတ်ပုံအရိုက်ခံနေသည်။ ဓာတ်ပုံရိုက်နေသူက ဗိုက်ရွှဲရွှဲ ဂင်တိုတို တီရှပ်အနက်နှင့် ဂျင်းဘောင်းဘီကို အောက်ကခေါက်ကာ ဝတ်ဆင်ထား၏။ အသက်က မငယ်လှ။ သို့သော် လျှာထိုးဦးထုပ်အဖြူကို ခေါင်းတွင်ဆောင်းထားကာ ငယ်ရုပ်ဆောင်ထား၏။ သူက ရှုထောင့်အမျိုးမျိုးမှ အားရအောင် ဓာတ်ပုံရိုက်ပြီးတော့မှ သူ့အနီးရောက်လာကာ လက်ကမ်းပေးရင်း မိတ်ဆက်၏။

"မြမြင့်မိုရ်ပါ"

ဒုက္ခတော့ရောက်ပြီ။ ဒါက မြန်မာဆေးတစ်မျိုး၏ နာမည်ဖြစ်၏။ ထိုဆေးသည် အမျိုးသားအားတိုးဆေးဖြစ်ကာ သူ့ဓာတ်ပုံနှင့် ကြော်ငြာ





ခါက အန်တီလေးတွေ့လျှင် အိမ်ကနှင်ချတာ ခံရပေလိမ့်မည်။

"ဆေးတိုက်ကပေါ့နော်"

"မဟုတ်ပါဘူး၊ လူ့နာမည် အဲလေ...အနုပညာလုပ်တဲ့ နာမည်က မြမြင့်မိုရ်ပါ။ ကျွန်တော်က ကဗျာရေးတယ်။ စာရေးတယ်။ ဓာတ်ညွှန်းရေးတယ်။ ရုပ်ရှင်မန်နေဂျာလုပ်တယ်။ လက်ထောက်ဒါရိုက်တာ လုပ်တယ်"

"လက်ထောက်ဒါရိုက်တာ ဟုတ်လား"

ဒိုးက အံ့သြဝမ်းသာသွား၏။

"ဒီဓာတ်ပုံတွေကို ကျွန်တော် ကုမ္ပဏီပိုင်ရှင်ကို ပြကြည့်လိုက်မယ်။ ကုမ္ပဏီပိုင်ရှင်ကလည်း သဘောကျမှာပါ။ တကယ်တော့ ကျွန်တော်ကြိုက်ရင် ပြီးတာပါပဲ။ မနက်ဖြန် (၉)နာရီလောက် ကုမ္ပဏီရှိရာကို အရောက်လာခဲ့ပါ"

သူက Visiting လိပ်စာကတ်လေး ထုတ်ပေးပြီး ပြန်ထွက်သွား၏။ ဒိုးမှာ အံ့သြဝမ်းသာလွန်းသဖြင့် စကားပင် ကောင်းကောင်းမပြောလိုက်ရ။ ဆွံ့အသလိုဖြစ်သွား၏။ ဓာတ်သဘင်တွေကလို မိုးပေါ်ကသိကြားမင်းဆင်းကယ်သလိုပဲ။ သူ့အဖြစ်က ယုံနိုင်စရာမရှိ။ ပြေလည်ပြီ။ တိုးနဲ့လည်း ပြေလည်ပြီ။ မနက်ဖြန်ဆို သူ မင်းသားဖြစ်ပြီ။

အိမ်အပြန်ပြန်ကာ ခွေးကလေးကို ထားခဲ့သည်။ ပြီးတော့ ကားနှင့် အောင်မောင်းတို့ ရွှေဝင်းဇော်တို့ သွားခေါ်ကာ စားသောက်ဆိုင်တွင် အဝကျွေးရင်း အားရပါးရ ကြွားပစ်လိုက်သည်။ ဒါတောင် ဒီကောင်တွေက အင်တင်တင်။

"မင်းကျွေးတာတွေစားရမှာ စိတ်မရဲဘူး။ မင်းပြောတာ

ဟုတ်မှဟုတ်ရဲ့လား၊ မယုံနိုင်အောင်ဖြစ်နေလို့။ တော်တော်ကြာ မဟုတ်ရင် မင်းကျွေးထားတာတွေ ပြန်လျော်ခိုင်းနေဦးမယ်"

"စိတ်ချလက်ချစားစမ်းပါ အောင်မောင်းရာ၊ လက်ထောက် ဒါရိုက်တာကိုယ်တိုင်က ပြောသွားတာပဲ။ ဒီလူကြည့်ရတာ တည်တည်တံ့တံ့ပါ၊ နောက်ပြောင်ချင်တဲ့ပုံ မရှိပါဘူး"

"နောင်ခါလာ နောင်ခါချေးပေါ့ကွာ၊ စားပြီ"

ရွှေဝင်းဇော်က ပလုတ်ပလောင်းစားရင်း ပြောလေသည်။ ဒိုးက...

"တစ်ခုတော့ရှိတယ်ကွ။ ဘယ်မင်းသမီးနဲ့ တွဲရမှာလဲ ငါ မမေးလိုက်မိဘူး။ အေးလေ...အပျိုဖြစ်ရင် ပြီးတာပါပဲ။ မနက်ဖြန်ကျ မင်းတို့ ငါနဲ့ ခဏလိုက်ခဲ့ကြစမ်းပါ"

"တို့က ဘာလိုက်လုပ်ရမှာလဲ။ မင်းက မင်းသားဆိုတော့ တို့က လူရွှင်တော်လုပ်ရမှာလား၊ လူကြမ်းလုပ်ရမှာလား"

"မဟုတ်ဘူး။ မင်းသားနောက်လိုက်လုပ်ဖို့"

"နောက်လိုက်...ဟုတ်လား"

"ဟုတ်တယ်လေ။ တစ်ယောက်က မိတ်ကပ်သေတ္တာဆွဲ၊ တစ်ယောက်က အဝတ်သေတ္တာဆွဲပေါ့ကွာ။ ငါက မင်းသားဆိုတော့ ဒီလို အခြွေအရံလေးနဲ့မှ တင့်တယ်မှာပေါ့။ မင်းတို့ကို မနက်ဖြန်ကျလည်း ဒီလိုပဲ ထပ်ကျွေးပါဦးမယ်"

"အေးလေ...အခုတော့ ရှေ့တိုးရအောင်၊ နောက်ဆုတ်ရင် အခက်ဖြစ်နေပြီ။ မင်းကျွေးထားတာတွေ စားထားတော့ ပြန်အန်ထုတ်လို့လည်း မရဘူး။ ဒီတော့ လိုက်ရတော့မှာပေါ့"

"ဒါဆိုလည်း မြန်မြန်စားကြကွာ"





ဒိုးက လောဆော်လိုက်၏။ ရွှေဝင်းဇော်က...

"နေရင်းထိုင်ရင်း ဘယ်လိုဖြစ်ပြန်တာလဲ..."

"ငါက အချိန်မရှိဘူးလေ။ အိမ်ပြန်ပြီး အက်တင်ကျင့်ရဦးမှာ။ မနက်ဖြန် ရှူတင်ရှိတယ်လေကွာ။ ငါက ဒီတစ်ကားတည်းနဲ့ အကယ်ဒမီရအောင် သရုပ်ဆောင်မယ်လို့ ဆုံးဖြတ်ထားတယ်"

"အင်း...ပေါ့သေးသေးရောဂါတော့ မဟုတ်ဘူး"

"အက်တင်ကျင့်ပြီးရင် စောစောအိပ်ရမယ်။ မျက်နှာက ပြည့်ပြည့်ဖြိုးဖြိုးဖြစ်နေဖို့လိုတယ်။ မင်းသားက အိပ်ရေးပျက်လို့ မျက်တွင်းဟောက်ပက်နဲ့ဆို ဘယ်ကြည့်လို့ကောင်းတော့မလဲ"

"ပြောလေ ကဲလေပါလား"

"ဒီကအပြန် နာမည်ကြီး ဗျူတီပါလာတစ်ခုဝင်ရမယ်။ ဆံပင်ညှပ်ပြီး မျက်နှာပေါင်းတင်ရမယ်။ အို...တစ်ကိုယ်လုံး ပေါင်းတင်လိုက်တာ ကောင်းပါတယ်။ အပြန်ကျ ရှော့ပင်းစင်တာတစ်ခုဝင်ပြီး အဝတ်အစားတွေလည်း ဝယ်ရဦးမယ်။ ပြောရင်းဆိုရင်း လုပ်စရာတွေက များလာပြီ။ ဟော့ကောင်တွေ ...မြန်မြန်စားကြကွာ"

"ဒိုး...မင်းလုပ်ပုံနဲ့တော့ ငါတို့ စားပိုးနင့် သေကုန်တော့မှာပဲ"

"နေပါဦး၊ ရေလေးတစ်ခွက်တော့ သောက်ပါရစေဦးကွာ။ အခု မင်းသားအလောင်းအလျာဘဝမှာပဲ ရှိသေးတယ်။ တကယ့်မင်းသားစစ်စစ် အရှင်လတ်လတ်များ ဖြစ်နေရင်

တို့တော့ နေစရာတောင် ရှိမှာမဟုတ်တော့ဘူး”

❋ ❋ ❋

နောက်တစ်နေ့မနက်မှာတော့...

ဒိုးသည် အိမ်မှာ အစစအရာရာ ပြင်ဆင်ပြီး၍နေလေသည်။ မိတ်ကပ် သေတ္တာကိုင်ဖို့ ရွှေဝင်းဇော်နှင့် အဝတ်သေတ္တာကိုင်ဖို့ အောင်မောင်း တို့လည်း ရောက်ရှိနေလေပြီ။ အောင်မောင်းက...

“အဝတ်သေတ္တာကလည်း လေးလိုက်တာကွာ၊ ဒီနေ့ ရှုတင်တစ်ရက်နဲ့ ဒီအဝတ်အစားတွေ အကုန်ဝတ်ဖို့လိုလို့လား”

“ဇာတ်ဝင်ခန်းနဲ့ ဘယ်အဝတ်အစား လိုက်မယ်မသိဘူး လေ။ ဒါကြောင့် အများကြီးယူလာရတာ”

“ကဲ...ကိုးနာရီထိုးတော့မယ်။ သွားကြရအောင်”

ရွှေဝင်းဇော်ကပြောတော့ ဒိုးက...

“ငါသိပါတယ်၊ ငါက မင်းသားလေ။ မင်းသားဆိုတာ ဒီလိုပဲ ချိန်းထားတဲ့အချိန်ထက် နောက်ကျပြီး လာရတယ်တဲ့။ ဒါက ရုပ်ရှင်လောကရဲ့ ထုံးစံပဲ။ ငါက တိတိကျကျရောက် သွားရင် အစဉ်အလာဖျက်သလို ဖြစ်သွားမှာပေါ့”

“အင်း...မင်းသာ မင်းသားဖြစ်ရင် ဟိုစကားပုံလိုနေမှာပဲ။ (ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ) ဆိုတာလေ”

ကိုးနာရီခွဲတော့မှ ဒိုးက ကားနဲ့ထွက်လာခဲ့သည်။ သူ့ကိုယ်မှာလည်း အကောင်းဆုံး အတောက်ပြောင်ဆုံး ဆင်ယင်လာခဲ့၏။ သေတ္တာကြီး သေတ္တာငယ်တွေနှင့် ဝင်လာသော သူတို့ကို ကုမ္ပဏီကဝန်ထမ်းတွေက





တအံ့တသြကြည့်ကြ၏။

“ဦးမြမြင့်မိုရ်နဲ့ တွေ့ချင်လို့ပါ”

ဟုမေးတော့ ကောင်မလေးတစ်ယောက်က လေအေးစက် တပ်ထား သည့် အတွင်းခန်းတစ်ခုကို ညွှန်ပြ၏။

“အောင်မောင်းနဲ့ရွှေဝင်းဇော် မင်းတို့ အပြင်မှာနေခဲ့ကြဦး”

ဟု ဒိုးက ပြောကာ အခန်းထဲဝင်သွားသည်။ အခန်းလယ်ရှိ တောက် ပြောင်သားနားသော စားပွဲတစ်လုံးနောက်တွင် အသက် ၅၀ ခန့် ကုမ္ပဏီ ပိုင်ရှင်ဖြစ်ဟန်တူသော လူဝကြီးတစ်ယောက်ကို တွေ့ရ၏။ တခြားစားပွဲ တစ်လုံးတွင်တော့ မြမြင့်မိုရ်ဆိုသူကြီး ထိုင်နေလေသည်။ ဒိုးဝင်လာတာ မြင်တော့ ဝမ်းသာအားရ ထ,ကြိုဆို၏။

“ဟာ...ရောက်လာပြီလား”

“ဟုတ်ကဲ့၊ တစ်ခုတော့ပြောချင်ပါတယ်”

“ပြောပါ...ပြောပါ”

“တစ်ခုမဟုတ်ဘူးဗျာ၊ နှစ်ခု သုံးခု ပြောစရာရှိတယ်။ မနေ့က ခင်ဗျားနဲ့တွေ့တုန်းက ပြောချင်တာတွေ မပြောလိုက်ရ ဘူး။ ဒီလိုပါ...ရုပ်ရှင်မရိုက်ခင် ဇာတ်ညွှန်းကို ကျွန်တော် အရင်ဖတ်ကြည့်ချင်တယ်”

“ဟာ...ဇာတ်ညွှန်းဖတ်စရာ မလိုဘူးထင်တယ်”

“ပြီးတော့ သရုပ်ဆောင်ခကိုလည်း ငွေသားမလိုချင်ဘူး။ ချက်လက်မှတ်ပဲ လိုချင်တယ်။ ငွေသားဆိုရင် ကိုင်ရတာ လက်လေးလို့။ ပြီးတော့...”

မြမြင့်မိုရ်ဆိုသူက ခေါင်းညိတ်သည်။ သူဌေးဆိုသူက နားမလည်သလို

ကြည့်သည်။ ဒိုးက ဆက်လိမ့်နေသည်။

"ကျွန်တော်နဲ့တွဲရမယ့် မင်းသမီးဟာ အပျိုဖြစ်ရမယ်။ အသက် ၂၀ အောက်ဆို ပိုကောင်းမယ်။ နယ်ထွက်ရိုက်ရမယ်ဆိုရင် အညာတော့မဖြစ်ဘူး။ ကျွန်တော် အသားမည်းသွားမှာစိုးလို့။ ပြီးတော့... မင်းသား ၂ လက်ပါရင် ကျွန်တော့်နာမည်ကို ရှေ့ကထားရမယ်။ နောက်..."

"တော်တော့..."

မြမြင့်မိုရ်ဆိုသောလူကြီးက ဒေါသကို မချုပ်တီးနိုင်ဟန်ဖြင့် ကုန်းအော်လိုက်၏။

"မင်း ဘာတွေလာပြောနေတာလဲ။ ခွေးလေ... ခွေးရောမပါဘူးလား"

"ကျွန်တော့်ခွေးလေးလား။ ခေါ်မလာဘူးလေ။ ရုပ်ရှင်ရိုက်နေတုန်း ခွေးက ကန့်လန့်ကန့်လန့်ဖြစ်နေရင် ဘယ်ကောင်းမလဲ"

"ခွေးက ကန့်လန့်ကန့်လန့်မဖြစ်ဘူး။ ကန့်လန့် ကန့်လန့်ဖြစ်နေတာက မင်းကွ"

"ဗျာ...**အ**ရာတို့ ရုပ်ရှင်ရိုက်မယ်ဆိုတာ ကျွန်တော့်ကိုမဟုတ်ဘူးလား"

ဒိုးက အံ့အားသင့်စွာမေးလိုက်၏။ သူဌေးလူဝကြီးက...

"မင်းလိုကောင် မင်းသားတင်ရိုက်မှတော့ တို့ကုမ္ပဏီစည်းစိမ်ပြုတ်ပြီပေါ့။ တို့က ဒီလောက်မိုက်ပါ့မလား။ အခုမင်းသားနေတိုးနဲ့ တို့ရိုက်နေတဲ့ကားမှာ ဓာတ်ဝင်ခန်းအရ





ထည့်သုံးဖို့ ခွေးကလေးတစ်ကောင် လိုနေတယ်။ မနေ့က ဆရာမြမြင့်မိုရ်က အဲဒီခွေးကလေးတွေ့လို့ ဓာတ်ပုံရိုက်ယူလာပြီးပြတော့ ငါကလည်း သဘောကျတယ်။ အခု ခွေးရောက်မလာဘဲ မင်းရောက်လာတော့ ခွကျကုန်တာပေါ့"

ဒိုးက သူ့နဖူးသူ လက်ဝါးနဲ့ရိုက်လိုက်ကာ...

"ဒါဆို မနေ့က ခင်ဗျားဓာတ်ပုံရိုက်တာက ကျွန်တော့်ကိုမဟုတ်ဘူး။ ခွေးကိုပေါ့။ ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ မင်းပုံကိုတော့ ဖလင်အကုန်ခံပြီး ဘယ်ရိုက်ပါ့မလဲ"

ဒိုးကား အရုပ်ကြိုးပြတ်ဖြစ်၍သွားသည်။

"ဒါဆို ကျွန်တော်ဘာလုပ်ရမလဲ"

"ဘာလုပ်စရာလိုလဲ၊ အိမ်ပြန်ပြီး ခွေးသာခေါ်လာခဲ့ပေတော့"

အခုတော့ ခေါင်းငိုက်စိုက်နှင့် သူ့အခန်းထဲက ထွက်လာခဲ့ရသည်။ အပြင်ခန်းတွင်စောင့်နေကြသည့် အောင်မောင်းနှင့် ရွှေဝင်းဇော်တို့ကိုပင် စကားမပြောနိုင်ဘဲ တိုက်ရှေ့တွင်ရပ်ထားသော သူ့ကားဆီ လျှောက်လာခဲ့သည်။ ဘုမသိဘမသိနှင့် အောင်မောင်းနှင့် ရွှေဝင်းဇော်က သေတ္တာကိုယ်စီနှင့် သူ့နောက်ပြေးလိုက်လာကြကာ မောင်းထွက်လုဆဲဆဲကားပေါ် အလုအယက်တက်ထိုင်လိုက်ကြရ၏။ လမ်းရောက်တော့မှ အောင်မောင်းက...

"ဘာဖြစ်နေတာလဲ၊ တောမိမင်းသား ဓာတ်ကားရိုက်မလို့ အက်တင်ကျင့်နေတာလား"

"ဟုတ်တယ်၊ မင်းက စကားတစ်ခွန်းမှမပြောတော့ ငါတို့က ဘယ်လိုနားလည်ရမလဲ"

ဒိုးက ကားကို အနီးဆုံးဘီယာဆိုင်ရှေ့ ထိုးရပ်လိုက်၏။

"သူငယ်ချင်းတို့ ကမ္ဘာကြီးက ၂၃ ၁/၂ ဒီဂရီ တိမ်းစောင်းပြီး အမြဲလည်နေတော့ မူးပြီးသား။ တို့လည်း ကမ္ဘာကြီးနဲ့ အမီလိုက်ပြီး မူးလိုက်ကြရအောင်"

ဘီယာတစ်ခွက်နှစ်ခွက်ဝင်တော့ သူက အဖြစ်မှန်ပြောပြလိုက်၏။ အောင်မောင်းနှင့် ရွှေဝင်းဇော်က ခွက်ထိုးခွက်လန်ရယ်ကြရာ ဘီယာတွေပင် သီးကုန်သည်။

"ဒါ ရယ်စရာလားကွ"

"ရယ်စရာမဟုတ်လို့ ငိုစရာလား"

သူတို့ကပင် ပြန်ဟောက်နေသေး၏။ ပြန်တွေးကြည့်လိုက်တော့လည်း ဒီနှစ်ယောက်ပြောတာ ဟုတ်နေလေသည်။ တော်တော်ရယ်စရာကောင်းသည့် အဖြစ်ပင်။ ဒီတော့ ဒီနှစ်ကောင်နှင့်ရောကာ သူလည်း အားရပါးရ ရယ်နေမိလေတော့သည်။

* * *

ဒါကြောင့် ညနေစောင်း တိုး ရောက်လာသောအခါ သူ့ဘက်က ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။ ဒီနေ့က တိုးခွင့်ပြုထားသော (၇)ရက် ဆိုသော ရက်ချိန်းစေ့သည့်နေ့...။

တိုးအတွက် သူ ဘာမဆို အကုန်လုပ်ပေးနိုင်သည်။ သို့သော် ဤတစ်ခုကတော့ မဖြစ်နိုင်။ တိုးကျေနပ်အောင် တိုး ခွင့်လွှတ်အောင် သူ





တောင်းပန်မည်။

သူတို့နှစ်ယောက် တိုက်ရှေ့ပန်းခြံထဲရှိ သစ်ခွရုံနားက ဒန်းပေါ်မှာ နှစ်ယောက်တွဲထိုင်နေကြသည်။ တိုးက ဝမ်းနုတ်ဆေး မစားရသေးသည့် ပုံလို ဖြစ်နေသော ဒိုးကိုကြည့်ကာ တစ်ချက်ပြုံး၏။ ပြီးမှ...။

"ဒိုးကို ပြောရဦးမယ်"

"ဘာလဲဟင်"

"ဒိုး မင်းသားမလုပ်နဲ့တော့"

ဒိုးရင်ထဲ ဒိန်းခနဲ သံပုံးအလွတ်ကို ခဲမှန်သလို မြည်သွား၏။ သို့သော် ဟန်လုပ်ကာ...

"ဘာဖြစ်လို့လဲ တိုးရဲ့"

"အခု ဝိုင်ချိုဆိုတဲ့ကောင်မ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေပြီ"

"ငရုတ်သီးထောင်းရင်း မျက်လုံးထဲဝင်သွားလို့လား"

"မဟုတ်ဘူး။ သူ့ကောင် အောင်ရင်ငြိမ်းက ပစ်သွားလို့"

"ဟင်...ဘယ်လိုဖြစ်တာလဲ"

"ဟိုက မင်းသားဆိုတော့ ဘေးမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာပေါ့။ သူ့ထက်သာတာတွေ့တော့ ကောက်တွဲလိုက်တာပေါ့။ အခုမှ တို့လည်း စဉ်းစားမိလာတယ်။ ဒိုးသာ မင်းသားဖြစ်ရင်လည်း ဒီလို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲ။ ကံမကောင်းရင် တိုး ကျန်ရစ်ဖြစ်မှာ။ ဒီတော့ ဒိုး မင်းသား မလုပ်နဲ့တော့..."

"ဟာ...အဲဒါမှ ဒုက္ခပဲ"

ဒိုးက အလန့်တကြားအော်လိုက်၏။ တိုးက...

"ဘာဖြစ်လို့လဲ"

"တိုးက မင်းသားဖြစ်အောင် လုပ်ရမယ်ဆိုလို့ ဒိုးမှာ နေ့မအား ညမအား ကြိုးစားလိုက်ရတာ၊ မနေ့ကပဲ သုံးချောင်းညီညာ ဗွီဒီယိုထုတ်လုပ်ရေးနဲ့ ကား (၃၀)ရိုက်ဖို့ စာချုပ်လိုက်တယ်"

"ဝုတ်...ဝုတ်"

တိုးပါးစပ်က မြည်ခြင်းမဟုတ်ပါ။ သူ့ရှေ့ကို ခွေးကလေး ရှယ်လီ ရောက်လာကာ သူ့ကိုကြည့်၍ဟောင်ခြင်းဖြစ်သည်။ သူ ကြွားနေတာများ သိနေလေသလားမသိ။ သူက ခြေတစ်ဖက်နှင့် လှမ်းကန်လိုက်မှ ထွက်ပြေးသွား၏။ တိုးက...

"ဘာပဲဖြစ်ဖြစ် မင်းသားတော့ မလုပ်ရဘူး။ စာချုပ်ဖျက်ပစ်လိုက်"

"ဒါဆို ကိုယ်က စာချုပ်ဖောက်ဖျက်မှုနဲ့ လျော်ရဦးတော့မှာပဲ"

"ဘာဖြစ်လဲ။ မင်းသားတော့ မလုပ်ရဘူးနော်။ မင်းသားလုပ်ရင်တော့ တိုးနဲ့ အကွဲပဲ"

"အိုကေ..."

လွဲတာတော့ လွဲတာပေါ့ဗျာ။
ဒါပေမဲ့ လွဲလွဲလေးလည်း လန်းပါတယ်။

"ရယ်ပြုံးနိုင်ကြပါစေ..."

ဝိဇယ

၂၀၀၈၊ စက်တင်ဘာလ

❤





[ ၁ ]

ဖိုးသကြား တော်တော်စိတ်ကလည်းပျက်၊ နှမြောကလည်း နှမြော၊ ယူကျုံးမရကလည်း ဖြစ်နေပါသည်။

ဘယ့်နှယ် တယုတယ အပင်ပန်းခံ စိုက်ပျိုးထားသော ပန်းပင်တွေကော၊ နှစ်စဉ်မှန်မှန်သီးသည့် သရက်ပင်ကော၊ ထို့အပြင် အိမ်ကိုမိုးထားသော သွပ်ပြားတွေပါ မထင်မှတ်ဘဲ ဝင်မွှေသွားသည့် 'နာဂစ်' မုန်တိုင်းကြောင့် လဲပြိုကြေမွကုန်ပါတော့သည်။

ဖိုးသကြားလိုပဲ ရပ်ကွက်ထဲရှိ အိမ် တော်တော်များများ နာဂစ်ဒဏ်ခံလိုက်ရသည်။ လမ်းတွေလမ်းတွေမှာ သစ်ပင်ပြိုလဲတာတွေ၊ ဓာတ်တိုင်လဲတာတွေ၊ သစ်ကိုင်းအကျိုးတွေ၊ သွပ်ပြားအပိုင်းအစတွေနှင့် မြင်မကောင်းအောင် ဖြစ်နေပါသည်။

တော်သေးတာပေါ့ဟု ဖိုးသကြားက ဖြေသိမ့်နေရပါသေးသည်။ မုန်တိုင်းဖြစ်သည့်ညက အိမ်အပေါ်ထပ်မှာ ဇနီးဖြစ်သူ မအေးမြနှင့် တစ်ဦးတည်းသော အမည်မပေးရသေးသည့် သားလေးနှင့် အိပ်နေရာမှ အိမ်အောက်ကို ဆင်းပြေးရပါတော့သည်။

အိမ်ခေါင်မိုးမှ သွပ်တွေ တဖျပ်ဖျပ်လွင့်သံကို အိမ်အောက်ထပ်က ကြားနေရပြီး အိမ်ပေါ်သို့လည်း မတက်ရဲ။ အိမ်ရှေ့က သရက်ပင် လဲပြိုသွားတာကို သားကလေးရင်ခွင်ပိုက်ထားရင်းက စိတ်မကောင်းကြီးစွာ ဖြစ်ရင်းနှင့် ကိုယ်လို အိမ်နီးနားချင်းတွေလည်း သွပ်ပြားလန်၊ တိုင် အင်တိန်နာတိုင်ပြုတ် စသည့် အပျက်အစီးမြင်ကွင်းများကို မှောင်မှောင် မည်းမည်းထဲမှာ ဓာတ်မီးထိုးရင်း ကြည့်နေမိပါသေးသည်။

အခုတော့ နာဂစ်က မွှေချင်တိုင်းမွှေပြီးသွားပြီဖြစ်၍ သင်းက ဘယ် လောက်များ လူတွေကို ဒုက္ခပေးသွားပြီလဲလို့ ဖိုးသကြားလဲနေသော သရက်ပင်ကြီးကို စိုက်ကြည့်ရင်းက တွေးနေမိပါသည်။

●

[ ၂ ]

"ဖိုးသကြား...ဘာလုပ်နေတာလဲ၊ မမောင်ခင် သွပ်ပြား တွေ လိုက်ရှာဦးလေ..."

လဲပြိုနေသောသရက်ပင်ကြီးရှေ့မှာ မတ်တတ်ရပ်နေသော ဖိုးသကြား အား လမ်းထဲက ဦးလှမောင်က အပျက်အစီးများကို ရှောင်ရှားရင်းမှ ပြောပါသည်။

"ဦးလှမောင်ရာ၊ ဒီလောက် အိမ်တိုင်းလိုလို သွပ်တွေ လန်ကုန် လွင့်ကုန်တာ ဘယ်လိုလို့ ရှာလို့ရမှာလဲ..."

"ဟာ...ဒီလိုမနေနဲ့လေ၊ အိမ်ခေါင် ဒီလောက်ပွင့်တာ တော်ကြာ မိုးရွာလာရင် ဘယ်လိုလုပ်မလဲ၊ လက်သမားရှာပြီး မိုးလေ၊ မမိုးနိုင်ရင်လည်း တာလပတ်အုပ်ဦး..."

"လက်သမားကတောင် လွယ်ပါ့မလားဗျ၊ အကုန်လုံး အိမ်ကိုင်းပျက်စီးတာ လက်သမားက အိမ်တိုင်းလိုမှာ သွပ်တွေ လည်း ဒီအတိုင်းဆို ဈေးတက်ပြီ၊ ဒုက္ခပါပဲ..."

"အေး...ငါက မင်းကို အကြံပေးတာ မင်းပြောတော့မှပဲ

ငါတောင် သွေးတက်ချင်လာပြီ၊ သွားပြီဟေ့၊ နည်းနည်းလိုက်
စပ်စုကြည့်ဦးမယ်"

ဦးလှမောင်က ဟိုဟိုဒီဒီကြည့်ပြီး လမ်းထိပ်ဘက် ထွက်သွားပါသည်။ ဖိုးသကြားကတော့ အမဇုန်သစ်တောကြီးလိုဖြစ်နေသော ကိုယ့်ပတ်ဝန်းကျင်နှင့် ကိုယ့်လမ်းကိုကြည့်ပြီး အာဖရိကတောနက်ထဲ ရောက်နေသလိုမျိုး ဖြစ်နေသလားလို့ တွေးနေမိသေးသည်။

သည်အချိန်မှာ လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ရလျှင် သိပ်ကောင်းမှာပဲဟု ဖိုးသကြားက တွေးပေမယ့် ယခုလောက်ဆိုလျှင် ထိုင်နေကျလက်ဖက်ရည်ဆိုင်လည်း အမိုးအကာတွေ၊ ဝါတာဖလူးတွေ ဘာမှမရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေလောက်ပြီဟု စိတ်ထဲက သိနေပါသည်။

မနက်က မုန်တိုင်းအရှိန် မသေသေးခင် အိမ်မှာရှိတာလေးနှင့် စားခဲ့ရတာ ယခုညနေစာလည်း ရှိတာလေးနှင့်ပဲ အောင့်အည်းပြီး စားရပေဦးမည်။ သည်ကြားထဲ ဓာတ်တိုင်တွေကော၊ ဓာတ်ကြိုးတွေပါ လဲကုန်ပြတ်ကုန်သဖြင့် ပြန်လည်ပြင်ဆင်ရေးကာလက ကြာမြင့်ဦးမှာဆိုတော့ မီးစက်မောင်းဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့။ ဖယောင်းတိုင်ကိုတော့ မနက်ဖြန်မနက်ရောက်လျှင် မရမက ရှာဝယ်ရဦးမည်ဆိုသောအတွေးနှင့် အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

●





[ ၃ ]

ညက ဖြစ်ချင်တာဖြစ် မှောင်မှောင်မည်းမည်းမှာပဲ ဖိုးသကြားတို့ မိသားစု အိပ်ရာစောစောဝင်ခဲ့သဖြင့် သည်မနက်တော့ ဖိုးသကြား အစောကြီးနိုးနေပါသည်။ မနိုးလို့က မဖြစ်။ အဓိကအရေးကြီးတာက အိမ်အမိုး အမြန်မိုးဖို့ လက်သမားရှာပြီး ရှိစုမဲ့စု ပိုက်ဆံလေးနှင့် သွပ်ကို မရ,ရအောင်ရှာဝယ်ရဦးမည်။ ကိုယ်လိုလူမျိုးတွေကလည်း နည်းမှာမဟုတ်။

"ဖိုးသကြား၊ ငါတို့သောက်နေကျဆိုင် ပြန်ဖွင့်တယ်၊
လာကွာ..."

အိမ်ရှေ့မှထွက်လာသော ဖိုးသကြားကို တစ်လမ်းတည်းနေ ကိုမြင့်ဝေက ပြောသဖြင့် ဖိုးသကြားလည်း ကိုမြင့်ဝေနှင့် လက်ဖက်ရည်ဆိုင်သို့ လိုက်ပါလာခဲ့သည်။

"နာဂစ်ကတော့ဗျာ၊ ညက ဓာတ်ခဲရေဒီယိုနဲ့ နားထောင်
တာ ရေဒီယိုက ကြေညာတာ လူတွေ တော်တော် မုန်တိုင်းထဲ
ပါကုန်တယ်တဲ့။ ဧရာဝတီတိုင်းဘက်မှာ ရွာလုံးကျွတ်ပဲတဲ့ဗျာ၊
ရန်ကုန်မှာလည်း အပျက်အစီးတွေက မနည်းဘူးတဲ့"

"အင်း...တစ်ခါမှ ကျွန်တော်တို့ မဖြစ်ဖူးတော့ အိပ်မက် လိုပါပဲဗျာ..."

ဖိုးသကြားတို့ လက်ဖက်ရည်ဆိုင်ရောက်တော့လည်း အားလုံးက နာဂစ်မုန်တိုင်းအကြောင်းကိုသာ ပြောနေကြသည်။

"ဟာ...ကိုအေးလွင်၊ အတော်ပဲ၊ ခင်ဗျား ဘာမှလုပ် မနေနဲ့၊ ဒီနေ့ ကျွန်တော့်အိမ် သွပ်မိုးမယ်"

"ဖိုးသကြားရာ၊ ဒါဆိုလည်း သွပ်ကိစ္စ အရင်လုပ်"

ဖိုးသကြား တော်တော်ဝမ်းသာသွားပါသည်။ လက်သမားဆရာ ကိုအေးလွင်တစ်ယောက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာလို့ဖြစ်ပါသည်။ ထိသိန်းငါးရာဆုပေါက်သလိုမျိုးကို ဝမ်းသာမိသွားပါသည်။

"အချိန်သိပ်ဆွဲမနေနဲ့ ဖိုးသကြား၊ ငါ မင်းအိမ် လိုက် ကြည့်ပြီး သွပ်ကိုတွက်ပေးမယ်။ ကားငှားပြီး ဇော်ဘွားကြီးကုန်း မှာသာ အမြန်သွားဝယ်ပေတော့။ ရန်ကုန်တစ်မြို့လုံး လာဝယ် မှာ တော်ကြာ မရဘဲနေမယ်"

"ဟုတ်ကဲ့ဗျာ..."

ခါတိုင်း လေအင်မတန်မှကိုရှည်သော ဖိုးသကြား၊ သည်နေ့မနက် တော့ လက်ဖက်ရည်ကို မြန်မြန်သောက်ကာ အဖော်ပါလာသော ကိုမြင့်ဝေ ကို နှုတ်ဆက်ပြီး လက်သမားဆရာ ကိုအေးလွင်ကို အိမ်သို့ခေါ်လာ ခဲ့သည်။

ကိုအေးလွင်က ဝယ်ရမည့်သွပ်အရေအတွက်က အချပ်သုံးဆယ်ရှိ ကြောင်း တွက်ပြပြီး သွပ်ရိုက်သံကော တခြား ပြင်စရာ ဆင်စရာရှိသည် များကို မှာကြားခဲ့ပါသည်။





ဖိုးသကြားလည်း မအေးမြဆီက ပိုက်ဆံတောင်းကာ သွပ်ဝယ်ဖို့ ထွက်လာခဲ့သည်။ လက်သမားဆရာ ကိုအေးလွင်ကတော့ သူ့သားများကို အိမ်မှာပြန်ခေါ်ပြီး လုပ်စရာရှိသည်များကို လုပ်နေမည်ဟု ပြောကာ အိမ်သို့ပြန်သွားပါသည်။

●

[ ၄ ]

ဖိုးသကြားအဖို့ ဘဝမှာ တစ်ခါဖူးမှ ကားငှားရတာ ယခုလောက် ခက်ခဲတာ မကြုံဖူးပါ။ ကားလမ်းမဘေးတွေမှာလည်း ပြိုလဲနေသော သစ်ပင်တွေနှင့် ဓာတ်တိုင်နှင့် မီးကြိုးတွေက ဘယ်လိုမှ မြင်မကောင်း။ ကားတွေက ရှောင်မောင်းနေရသည်။ နောက်ဆုံး စော်ဘွားကြီးကုန်းကို ဒတ်ဆန်းကားတစ်စီး ငှားလို့ရသည်။ အသွားအပြန် ငွေနှစ်သောင်းပေးရသည်။ မတတ်နိုင်။ အငှားလိုက်သောကားဆရာကိုပင် ကျေးဇူးတောင် တင်နေရပါသေးသည်။

ဖိုးသကြား အံ့အားသင့်သွားပါသည်။ စော်ဘွားကြီးကုန်းနား မရောက်ခင်မှာပဲ ကားတန်းကြီးက နှစ်ထပ်သုံးထပ်မက ဖြစ်လို့နေသည်။ ကားဆရာက စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်ဟောင်းသို့ အိမ်ဆောက် ပစ္စည်းများလာဝယ်သော ကားတွေကို ဘယ်လိုရှောင်ကွင်း ကျော်လွှား မောင်းရမည်ကို ကောင်းကောင်းကြီးသိနေပါသည်။

ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားတွေမှာ ဂျိမ်းစ်ဘွန်းက ကားကို ရန်သူတွေနှင့် တိုက်ခိုက်သည့်အခါ ကျွမ်းကျင်စွာမောင်းနှင်သလိုမျိုး ကားဆရာ





က ဟိုကျွံကျော် ဒီကားကိုရှောင်ရင်းနှင့် စော်ဘွားကြီးကုန်း အိမ်ဆောက် ပစ္စည်းများရောင်းသည့်နေရာသို့ ကားကို ရောက်အောင်မောင်းလာခဲ့သည်။

အိမ်မိုးသွပ်နှင့် သံဈေးတွေကလည်း တစ်ရက်ဆို ဆိုသလောက် ဈေးက ယခင်ထက်ကို ကြီးနေပါသည်။ သဲဈေးလည်း ထိုနည်းငှင်းပါပဲ ပြောရပါမည်။ ဖိုးသကြားလည်း ဖြစ်ချင်ရာဖြစ် နောက် သည့်ထက် ဈေးတက်လျှင် မိုးကရွာ၊ အိမ်အမိုးက မလုံနှင့် ဒုက္ခတော့ အရောက် ခံနိုင်ဘူးဆိုပြီး လက်သမားဆရာ ကိုအေးလွင်မှာသည့် စာရင်းအတိုင်း သွပ်ကော၊ သံကော၊ အခြားလိုအပ်သောပစ္စည်းများကိုပါ ဝယ်ရပါတော့သည်။

'နာဂစ်'တစ်ရက်မွှေလိုက်တာ ဖိုးသကြားတောင် ငွေငါးသိန်း လောက် ထွက်သွားတာ အခြားအသက်ပေးသွားသူတွေ၊ ပစ္စည်း တိုက်တာ အိမ်ခြေတွေ၊ ယာမြေဟေ့ဂက မည်ရွေ့မည်မျှလောက် လူတွေဆုံးရှုံးကုန်ပြီလဲလို့ ဖိုးသကြား စာနာတွေးနေမိလိုက်ပါသေးသည်။

●

[ ၅ ]

သည်ညတော့ ဖိုးသကြား အတော်ကြီးကျေနပ်နေပါသည်။ အိမ်အမိုးက ပြန်လည်မိုးပြီးရုံသာမက ပြင်ဆင်စရာရှိတာတွေ ပြန်လည်ပြင်ဆင်ပြီးသွားသဖြင့် နေလို့ထိုင်လို့ ရနေပါသည်။ ပြီးတော့ အိမ်ရှေ့က အမှိုက်သရိုက်အပျက်အစီးတွေကိုလည်း လမ်းထဲကလူတွေက သူ့ဟာနှင့်သူ ဝိုင်းပံ့ပေးထားသဖြင့် ရှင်းလို့နေပါသည်။

ညရှစ်နာရီလောက်က ဓာတ်ခဲရေဒီယိုဖွင့်ပြီး သတင်းနားထောင်သောအခါ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံများနှင့် မုန်တိုင်းကြောင့် ကွယ်လွန်သွားသော လူများအကြောင်း သိရသည့်အခါ ကလေးကိုနို့တိုက်နေသော မအေးမြနှင့် သူပါ တော်တော်စိတ်မကောင်းဖြစ်မိပါသေးသည်။

"ဒုက္ခပါပဲ ကိုဖိုးသကြားရယ်၊ ဘိုကလေးက အဘွားလေးတို့အိမ်တွေကော ပါသွားပြီလားမသိဘူး။ ဖုန်းကလည်းဆက်မရ ဆိုတော့ ဒုက္ခပါပဲ"

"မင်းကလည်းကွာ၊ တစ်ခုခုဖြစ်ရင် လူကြုံလာမှာပေါ့၊ စိုးရိမ်မနေပါနဲ့၊ ဘာမှသိရသေးတာမှ မဟုတ်တာ"





ဖိုးသကြားက မအေးမြအား နှစ်သိမ့်စကား ဆိုရပါသေးသည်။ မအေးမြနှင့် ဖိုးသကြားတို့လင်မယားနှစ်ယောက် နာဂစ်မုန်တိုင်းကြောင့် စီးပွားရေးတွေတော့ တစ်လအတွင်း ပြန်လည်တည့်မတ်နိုင်မှာမဟုတ်ဘူးဟု တိုင်ပင်ဆွေးနွေးရင်း အိမ်တွင် လက်ကျန်ငွေ ဘယ်လောက်ကျန်သေးကြောင်း မေးမြန်းရင်း ရှေ့တစ်လအတွင်း ဘယ်လိုစားကြသောက်ကြရမည်ကို တိုင်ပင်ပြီးသောအခါ မအေးမြက ကလေးနှင့်အတူ အိပ်ရာဝင်ပါတော့သည်။

မအိပ်နိုင်သေးသူကတော့ ဖိုးသကြားပင် ဖြစ်ပါသည်။ ဟိုတွေးဒီတွေးနှင့် ဖယောင်းတိုင်မီးရောင်အောက်မှာ တစ်ဦးတည်း ဆေးပေါ့လိပ်ဖွာရင်းက တစ်လမ်းလုံး မှောင်မည်းတိတ်ဆိတ်နေသော အိမ်အပြင်ဘက်လမ်းမဆီသို့ ကြည့်နေမိပါသည်။ ဖိုးသကြားလိုပဲ ယခုလို ညဆယ်တစ်နာရီခွဲချိန်ထိ မှောင်မှောင်မည်းမည်းထဲမှာ မည်သူတွေများ ထိုင်တွေးနေမလဲလို့ မဆီမဆိုင် စဉ်းစားနေပါသေးသည်။

ထိုအချိန်မှာပင် လေက အနည်းငယ်တိုက်ခတ်လာသဖြင့် ဖိုးသကြားတစ်ယောက် နာဂစ်များ ထပ်လာချင်လို့လားဆိုပြီး စိုးရိမ်နေရင်းက သမ္ဗုဒ္ဓေဂါထာကို ရွတ်နေမိပါသည်။ သမ္ဗုဒ္ဓေဂါထာကို ရွတ်နေရင်းမှ ဖိုးသကြားအကြည့်က အိမ်ရှေ့ခြံတံခါးဝသို့ ရောက်သွားပါသည်။

တစ်စုံတစ်ယောက်က လက်ဖြင့် ခြံတံခါးကို တွန်းနေသလိုမျိုး ရပ်နေသည်ကို မြင်နေရသည်။

"ဘယ်သူလဲဟေ့..."

ဖိုးသကြားက အိမ်ထဲကနေ လှမ်းမေးလိုက်ပေမယ့် ဘာမှ ထူးသံမကြားရ။ မထူးပါဘူးဆိုပြီး ဖိုးသကြားက ထိုင်ရာမှ ထလိုက်သည်။

တစ်အိမ်ကျော်က မအေးမြတို့အမေတွေ အိမ်ဘက်ကများ တစ်ခုခုလိုလို ခြံတံခါးလာဖွင့်တာလားလို့ တွေးရင်း အိမ်ရှေ့ခြံတံခါးရှိရာသို့ သွားလိုက်သည်။

"ဘယ်သူလဲ..."

"အား...သရဲ...သရဲ...သရဲ..."

ဖိုးသကြား ဘယ်လိုမှ မထင်ထားပါ။ ခြံတံခါးရှိရာသို့ ရောက်သောအခါ ညမှောင်မှောင်မည်းမည်းထဲတွင် ဆံပင်ဖားလျားချထားပြီး မျက်နှာမှာလည်း မည်းမှောင်ကာ နားနှစ်ဖက်တွင် ကွင်းကြီးဆွဲထားသော ပါးစပ်မှာ သွားနှစ်ချောင်းသာရှိသည့် အဘွားကြီးတစ်ဦးကို မြင်လိုက်ရပြီး လန့်အော်လိုက်တာ ကမ္ဘာပျက်သလားတောင် ထင်ရသည်။

ဘဝမှာ တစ်ခါဖူးမှ ထိုမျက်နှာမျိုးကို မမြင်ဖူးပါ။ တစ်ခါဖူးမှ သရဲခြောက်တာလည်း မမြင်ဖူးသဖြင့် ယခု ပထမဦးဆုံး ဖိုးသကြား သရဲခြောက်ခံရခြင်းဖြစ်သည်။

သရဲကလည်း ဘာလျင်မြန်သလဲမမေးနှင့်။ ဖိုးသကြား အော်... တုန်းမှာပဲ ပျောက်သွားသည်။

"ကိုဖိုးသကြား...ဘယ်လိုဖြစ်တာလဲ"

အိမ်ထဲကနေပြီး မအေးမြက အလန့်တကြားပြေးထွက်လာသည်။

"သရဲခြောက်ခံရလို့ဟ"

"ကိုဖိုးသကြားကလည်း ဟုတ်ရဲ့လား..."

"ဟော့...ဖိုးသကြား၊ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

ဖိုးသကြားအော်လိုက်သောအသံကြောင့် တိတ်ဆိတ်နေသော လမ်းထဲ





ကွင် လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပြီး အိမ်တွေဆီကနေ တရုတ်လက်နှိပ်ဓာတ်မီးတွေ ကိုယ်စီယွန်းပြီး လမ်းထဲကလူတွေကပါ ဖိုးသကြားအိမ်ရှေ့ ရောက်လာကြသည်။

"ခြံတံခါးကိုပိတ်ဖို့လာတာ တံခါးကို တွန်းနေသလိုမျိုး လုပ်လို့ ဘယ်သူလဲလို့မေးတော့ ဆံပင်တွေ ဖားလျားချထားပြီး နားနှစ်ဖက်မှာ ကွင်းကြီးက အကြီးကြီးနှစ်ကွင်း ရယ် သွားနှစ်ချောင်းတည်းရှိတဲ့ အဘွားကြီးလိုပုံစံမျိုး သရဲကိုတွေ့ရတာ။ အော်လည်းအော်၊ အဲဒီသရဲလည်း အပြေးပဲ"

ဖိုးသကြားက သူခံစားခဲ့ရသည်ကို ထပ်မံရှင်းပြနေပါသည်။ နားထောင်နေသူတွေကလည်း လက်နှိပ်ဓာတ်မီးနှင့် ဟိုထိုးဒီထိုး ထိုးကြည့်နေသည်။

"မင်းကလည်းကွာ၊ ဒီလောက် မီးမရှိဘာမရှိနဲ့ မှောင်မည်းနေတာကို တံခါးတွေဘာတွေ ဘာလို့ စောစောမပိတ်တာလဲ။ တစ်ရပ်ကွက်လုံး ဒီအချိန်ဆို အိပ်ကုန်ကြပြီပဲဟာ"

လမ်းထဲက ဦးဘသော်က ဖိုးသကြားအား ပြစ်တင်စကား ဆိုပါသည်။

"အင်း...နာဂစ်လေဘေးကြောင့် အပင်ကြီးတွေဘာတွေ အကုန်လဲပြိုတော့ အဲဒီအပင်ကြီးတွေမှာ ခိုကပ်နေတဲ့ မကျွတ်မလွတ်သေးတဲ့ နာနာဘာဝတွေ လျှောက်သွားနေလားမှ မသိတာ"

အရေးထဲ လမ်းထောင့်မှ ကိုစိန်ပန်းက သူ့ထင်မြင်ချက်ကို ပြောလိုက်သဖြင့် ကျန်သည့်လူတွေပါ ယုန်ထင်ကြောင်ထင်နှင့် ကြောက်ကုန်သလား

မသိ။

"ကဲ...ကဲ...ကိုယ်က ကလေးအငယ်လည်းရှိတာ တံခါး ပိတ် အိပ်တော့။ နောက်ညတွေဆို ဒါမျိုး တံခါးတွေ ညကြီး အချိန်မတော်မှ ဖွင့်ထားတာကို ထပိတ်တာမျိုး မလုပ်နဲ့ဟေ့..."

လမ်းထဲမှ ရာအိမ်မှူး ဦးသောင်းဒန်ကပြောလို့ စကားအဆုံးမှာပဲ ဘယ်နေရာကခွေးက အူလိုက်သည်မှန်းမသိ။ အသံက အတော်ကျယ်လောင်သွားပါသည်။

"ဟဲ့...ဟဲ့...ခွေးတွေဘာတွေတောင်အူလို့... ကဲ...ကဲ... ပြန်ကြ...ပြန်ကြတော့..."

ရာအိမ်မှူးဦးသောင်းဒန်တောင် စကားမဆုံးသေး လမ်းထဲကလူတွေက ခပ်သုတ်သုတ်နှင့် ဖိုးသကြားအိမ်ရှေ့နားကနေ ကိုယ့်အိမ်ကိုယ့်ရာဆီသို့ ပြန်ပြေးကုန်ကြသည်။

"ဟဲ့...နေပါဦး..."

ဦးသောင်းဒန်လည်း လက်နှိပ်ဓာတ်မီးတဝင်းဝင်းထိုးပြီး နောက်ကနေ ပြေးလိုက်သွားသည်။

"ကဲ...မအေးမြ၊ အိမ်ထဲဝင်တော့"

ဖိုးသကြားလည်း မအေးမြကို အိမ်ထဲဝင်ခိုင်းရင်းမှ ခြံတံခါးကို သော့အသေအချာပိတ်ကာ အိမ်တံခါးမကြီးကို ပိတ်လိုက်ပါသည်။

ထို့နောက်တော့ ဘိတ်ဆိတ်သောညဥ့်နက်နက်မှာ ဖိုးသကြားတစ်ယောက် ဘုရားကို အကျယ်ကြီးအော်ဟစ်ရှိခိုးသံကို တစ်ရပ်ကွက်လုံး ကြားနေရပါတော့သည်။

●





[ ၆ ]

နောက်တစ်နေ့မနက် ရပ်ကွက်ထဲမှာတော့ မနေ့ညက ဖိုးသကြား ခရဲခြောက်ခံရသည့်သတင်းက တိုက်ခတ်သွားခဲ့သော 'နာဂစ်'သတင်းနှင့် အပြိုင် ပြောဆိုနေကြသည်။

အထူးသဖြင့် ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှာလည်း ဖိုးသကြား ခရဲခြောက်ခံရသည့်သတင်းကို ဝေဖန်ချက်အမျိုးမျိုးပေးနေကြပါသည်။ ထိုအချိန်မှာပဲ ဖိုးသကြားတစ်ယောက် လက်ဖက်ရည်ဆိုင်သို့ ရောက်လာပါသည်။

"လာဟေ့...ဖိုးသကြား၊ ညက ဘယ်လိုဖြစ်တာလဲ"

ဆိုင်ပိုင်ရှင် ဦးတင်ထူးက မနေနိုင်ဘဲ ရောက်ရောက်ချင်းဆိုသလို မေးပါသည်။

"မကြုံဖူးပါဘူးဗျာ..."

ဖိုးသကြားက မနေ့ညက ကြုံတွေ့ခဲ့သမျှ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြရပြန်ပါသည်။ ဖိုးသကြားပြောသမျှကို လက်ဖက်ရည်သောက်နေ သူအားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။

"ဖြစ်နိုင်တာပေါ့ဗျာ၊ မုန်တိုင်းမိသွားတော့ သစ်ပင်တွေက လဲပြို၊ လမ်းတွေပိတ်၊ ဓာတ်တိုင်တွေကျိုး၊ ဓာတ်ကြိုးတွေပြတ်နဲ့ အားလုံးမှောင်နေတော့ သရဲတွေလည်း နေစရာမရှိ၊ စားစရာမရှိ ဖြစ်ကုန်တာနေမှာ"

"ဟုတ်တယ် ဖိုးသကြား၊ မင်းအိမ်က တံခါးဖွင့်ထားတော့ ညဥ့်နက်သန်းခေါင် အစာစားချင်လို့ ကိုယ်ထင်ပြတာလားမှ မသိတာ..."

"ဒီညတော့ တံခါးကို စောစောပိတ် ဖိုးသကြားရေ၊ မှောင်တော့ မကောင်းဘူးကွာ၊ အိမ်ရှေ့မှာ ဖယောင်းတိုင် အမွှေးတိုင်လေးထွန်းပြီး မကျွတ်မလွတ်တဲ့သူတွေကို အမျှဝေ ပေးပော့..."

ဖိုးသကြားအား တစ်ယောက်ပြီးတစ်ယောက်က ထင်မြင် ဝေဖန်ချက် တွေပေးနေပါသည်။

ထို့နောက်တော့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း နာဂစ်ဒဏ် ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အကြောင်းအရာများကို ပြောဆိုနေကြ ပါသည်။ ထို့အပြင် သွပ်ကိစ္စ၊ သံကိစ္စနှင့် လက်သမားကိစ္စတွေကလည်း ဖိုးသကြားတို့စကားဝိုင်းမှာ မပါမဖြစ် ပါဝင်လို့နေပါသေးသည်။

●





[ ၇ ]

ည...။ တစ်လမ်းလုံး မှောင်အတိဖုံးနေသည်။ လမ်းပေါ်မှာ မည်သူ တစ်ဦးတစ်ယောက်မှမရှိ။

လမ်းဘေးဝဲယာမှာတော့ မရှင်းမလင်းရသေးသည့် သစ်ကိုင်းများက ပုံလို့ထားသည်။

ဖိုးဆောင်းတစ်ယောက် ခြေလှမ်းတွေက သိပ်မဟန်ချင်။ သူငယ်ချင်း တွေနှင့် ဈေးထိပ်က အရက်ဆိုင်မှာ တစ်ခွက်တစ်ဖလားကနေ ဆယ်ခွက် ဆယ်ဖလားလောက် ဖြစ်သွားသည်မို့ အတော်မူးနေပြီဖြစ်သည်။ သောက် ကောင်းကောင်းနှင့် သောက်လာတာ ညဥ့်နက်မှ လူစုခွဲဖြစ်ကြသည်။

ဖိုးဆောင်းက သူနေထိုင်သောအိမ်ကိုရောက်ဖို့ သည်နေ့ အတော် လျှောက်ရပါလားဟု မူးမူးနှင့် ပါးစပ်ကပြောရင်း ခြေလှမ်းကို အားယူပြီး သယ်လာရင်းမှ လမ်းထဲသို့ဝင်ဖို့ ခြေလှမ်းတွေကို ဦးတည်လိုက်သည်။

ရုတ်တရက်ဆိုသလို ဖိုးဆောင်းအကြည့်က လမ်းထိပ်အုတ်ခုံဆီသို့ ရောက်သွားသည်။

အုတ်ခုံမှာ ဆံပင်ကို ဖားလျားချပြီး မျက်နှာက မည်းနေကာ နားမှာ နားကပ်အကြီးကြီးနှစ်ကွင်းကို ပန်ထားသော အဘွားကြီးတစ်ဦး ထိုင်နေသည်ကို မြင်နေရသည်။

မှုးပေမယ့် ဖိုးဆောင်း စဉ်းစားမိတာက သည်လို…။ ညဥ့်နက်သန်းခေါင်အချိန်မှာ ဘယ်ကအဘွားကြီးက လာထိုင်နေသလဲလို့ သူမူးနေလို့ အမြင်မှားတာလားဆိုပြီး မျက်လုံးကိုပွတ်ကြည့်ကာ အုတ်ခုံနားသို့ မူးနေသောခြေလှမ်းတွေနှင့် တစ်လှမ်းချင်းလှမ်းလာခဲ့သည်။

"ဘာစားဖို့ပါလဲ၊ ငါ့ကိုပေးစမ်း…"

အုတ်ခုံနားသို့ ဖိုးဆောင်းရောက်လာသောအခါ အုတ်ခုံမှာ ထိုင်နေသော အဘွားကြီးက လက်လှမ်းပြီး ဖိုးဆောင်းဆီက စားစရာကို တောင်းလိုက်သည်။ လက်တွေက လက်သည်းချွန်တွေနှင့်ဖြစ်သည်။

ဖိုးဆောင်း ချက်ချင်းဆိုသလို သောက်ထားသော အမူးတောင်ပြေမလိုဖြစ်သွားရင်းက မနက်က လမ်းထဲမှာ ဟိုဘက်လမ်းက ကိုဖိုးသကြား မနေ့ညက သရဲခြောက်ခံရသည့်သတင်းကို ကြားခဲ့ရသည်။ ခြောက်သည့်သရဲက ယခု သူမြင်နေရသောပုံစံနှင့် တစ်ထပ်တည်း။ ဖိုးဆောင်း ကြက်သီးများထရင်းက…

"သရဲ…သရဲ…"

ကြောက်လန့်တကြား အော်ဟစ်ရင်း ဖိုးဆောင်း လန့်ပြီး လဲကျကာ သတိမေ့သွားသည်။

ဖိုးဆောင်းအသံကြောင့် လမ်းထဲမှလူများက လမ်းမသို့ထွက်လာကာ ဓာတ်မီးတွေဘာတွေထိုးရင်းနှင့် လမ်းထိပ်တွင် သတိမေ့လဲကျနေသော ဖိုးဆောင်းကို မြင်တွေ့သွားကြသည်။





"ဟ…ဘယ်လိုဖြစ်တာလဲ၊ ဒီကောင် မူးပြီး ဘာဖြစ်လို့ အော်ရတာလဲ၊ သူ့အိမ်ကိုပွေ့ခဲ့"

လဲကျနေသော ဖိုးဆောင်းကို အိမ်သို့ပွေ့ချီခေါ်လာပြီး သတိရအောင် လမ်းထဲကလူတွေက လုပ်ကြသည်။

သတိရလာသော ဖိုးဆောင်းက လမ်းထိပ်အုတ်ခုံမှာ သူမြင် တွေ့ရသော မြင်ကွင်းနှင့် အဖြစ်အပျက်ကို ပြောပြသည်။ ထိုသို့ပြောပြချိန်ထိ ဖိုးဆောင်းမှာ အကြောက်မပြေသေး။

"ဒါဆို သေချာပြီ၊ မနေ့ညက ဟိုဘက်လမ်းကဖိုးသကြားကို ခြောက်တဲ့သရဲဖြစ်ရမယ်။ ဩော်…ဖိုက်ဆာလို့ အစာတောင်းတာကိုး၊ ဒုက္ခပါပဲကွာ…၊ တစ်ခါဖူးမှ တို့ရပ်ကွက်မှာ ဒါမျိုးမကြားဖူးတာ နာဂစ်ဖြစ်ပြီးတော့မှပဲ ဒါမျိုးတွေ တွေ့နေရတယ်၊ ဒုက္ခပါပဲ"

လမ်းထဲကလူကြီးတစ်ဦးက စိုးရိမ်တကြီးပြောပါသည်။ ထို့နောက်တော့ ဖိုးဆောင်းတို့အိမ်မှ လမ်းထဲကလူတွေ လူစုခွဲပြီး လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ဟိုထိုးဒီထိုး လမ်းထဲလျှောက်ထိုးနေကြပါသည်။

သရဲခြောက်ခံရသူ ဖိုးဆောင်းကတော့ အကြောက်မပြေသေးဘဲ မိန်းမဖြစ်သူ မထွေးအား ဘုရားစင်မှ ပရိတ်ရေ အတင်းတိုက်ခိုင်းနေပါတော့သည်။

●

[ ၈ ]

"နာဂစ်ပြီးမှ တို့ရပ်ကွက်ထဲမှာခြောက်တဲ့သရဲက တော်တော်ထူးဆန်းနေတာပဲ"

ဖိုးသကြားအိမ်သို့ ဖိုးဆောင်း၏မိန်းမ မထွေးက မနေ့ညက သူ့ယောကျ်ားဖိုးဆောင်း ခြောက်ခံရသည့်သရဲကိစ္စကို လာပြောသဖြင့် ဖိုးသကြားက အံ့အားတသင့်ဖြင့် နှုတ်ကရေရွတ်လိုက်ပါသည်။

"ငါ့ကိုခြောက်တဲ့သရဲက ဖိုးဆောင်းကိုလည်း ခြောက်ပြီး အစာတောင်းတာဆိုတော့ သူက မကျွတ်မလွတ်လို့ မစားရတာပဲဖြစ်မှာ။ ဒီတော့ ဒီညနေ နေဝင်ရီတရောအချိန် လမ်းထိပ်မှာ အစာကျွေးရင် ကောင်းမယ်"

ဖိုးသကြားစကားအဆုံး ကလေးကိုနို့တိုက်နေသော မအေးမြက ဖိုးသကြားကို စိုးရိမ်ထိတ်လန့်သည့်ပုံစံမျိုးနှင့်ကြည့်ပြီး...

"ကိုဖိုးသကြား၊ မဟုတ်တာတွေ လျှောက်လုပ်မနေနဲ့ဦး၊ တော်ကြာ ရှင်က လမ်းထိပ်မှာ နေဝင်ရီတရောအချိန် သွားကျွေးတာက ကိစ္စမရှိဘူး၊ အပမှီလာပြီး အိမ်က ကလေးကိုပူးမှ ဒုက္ခပါပဲ၊ မလုပ်ပါနဲ့နော်"





ဖိုးသကြား ဘာမှမပြောဘဲ မအေးမြပြောသောစကားကို စဉ်းစားနေမိသည်။ အေးမြပြောတာ ဟုတ်တော့ဟုတ်သားလို့။ သွေးလွန်တုပ်ကွေးပြီး ကလေးက ဆေးရုံကနေဆင်းလာတာ တစ်လလောက်ပင်ရှိသေးတာ၊ မဖြစ်သေးဘူးဟုဆိုပြီး အတွေးထဲမှာပင် ပယ်ချလိုက်ပါသည်။

"ကဲ...မိထွေး၊ နင့်အဖို့ အိမ်မပြန်သေးဘူးဆိုရင်လည်း အေးမြနဲ့ စကားပြောချေဦး၊ ငါ အပြင်သွားဦးမယ်..."

ဖိုးသကြားက အိမ်ကနေထွက်လာခဲ့သည်။ သည်လို နှစ်ရက်ဆက်တိုက် သရဲခြောက်ခံရသည့်ကိစ္စကို ဘာလုပ်ရရင်ကောင်းမလဲလို့ စဉ်းစားရင်း အကောင်းဆုံးက ရာအိမ်မှူးဦးသောင်းဒန်အိမ်ကိုသွားပြီး တစ်ခုခု တိုင်ပင်လျှင် ကောင်းမည်ဟု စိတ်ကူးလိုက်ပါသည်။

ဦးသောင်းဒန်အိမ်ရောက်တော့ အိမ်မှာ ဦးသောင်းဒန်က မရှိ။ လက်ဖက်ရည်ဆိုင်သို့သွားသည် ဆိုသဖြင့် ဖိုးသကြား လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်မှာ ဦးသောင်းဒန်ကို လမ်းထဲကလူအချို့နှင့် လက်ဖက်ရည်သောက်ရင်း စကားပြောနေသည်ကိုတွေ့ရသဖြင့် ဖိုးသကြားက သူတို့ဝိုင်းမှာ ဝင်ထိုင်လိုက်ပါသည်။

"ဖိုးသကြားရေ၊ ကြားပြီးပြီလား၊ ဖိုးဆောင်း မူးမူးနဲ့ သရဲခြောက်ခံရတယ်ဆိုတာလေ"

လက်ဖက်ရည်စားပွဲဝိုင်းမှာ ဝင်ထိုင်ထိုင်ချင်းမှာပဲ ဦးသောင်းဒန်က ပြောလိုက်သည်။

"ကြားပြီးပါပြီ၊ ဖိုးဆောင်းရဲ့မိန်းမ မိထွေး အိမ်လာပြောလို့ သိပြီးပြီ။ အဲဒါ ကျွန်တော် အကြံတစ်ခု တင်ပြ

ချင်လို့...။

"ဘာအကြံလဲ...ဖိုးသကြားရဲ့..."

"ဒီလိုဗျာ၊ သရဲခြောက်တာ နှစ်ရက်ရှိပြီဆိုတော့ မဟုတ်တော့ဘူး၊ ဒီတော့ လမ်းထိပ်မှာ အန္တရာယ်ကင်း ပရိတ်လေး ဘာလေးရွတ်မလားလို့၊ လမ်းထဲမှာ အလှူလေးဘာလေး ခံကြည့်ပေါ့ဗျာ၊ လိုတာ ကျွန်တော်စိုက်မယ်"

ဖိုးသကြားစကားကြောင့် ဦးသောင်းဒန်က တစ်စုံတစ်ရာကို တွေးရင်းက...

"နေပါဦး ဖိုးသကြားရာ၊ နာဂစ်က ဖြစ်ထားတာဆိုတော့ လူတွေက အကုန်လုံး ကိုယ့်အိမ်ကိုယ် ပြန်ပြင်ရနဲ့ ငွေကုန်ကြေးကျများနေတာ၊ ပြီးတော့ လမ်းထိပ်မှာလည်း ရှင်းဖို့ လင်းဖို့က ရှိသေးတော့ စောင့်ကြည့်ပါဦး...သရဲက နေ့တိုင်းတော့ မခြောက်နိုင်လောက်ပါဘူးကွာ..."

ဖိုးသကြားလည်း ဘာမှပြန်မပြောတော့ဘဲ လက်ဖက်ရည် တစ်ခွက်မှာလိုက်ပါသည်။

ဖိုးသကြား လက်ဖက်ရည်သောက်ရင်း စဉ်းစားနေတာက သည်ညရော မည်သူများ သရဲခြောက်ခံရဦးမလဲလို့...။

●





[ ၉ ]

ရာအိမ်မှူး ဦးသောင်းဒန် ရပ်ကွက်အေးချမ်းသာယာရေးရုံးကနေ ပြန်လာတော့ ညဆယ့်တစ်နာရီရှိပြီဖြစ်သည်။

ရုံးအနီး ဓမ္မာရုံထဲမှာ ရပ်ကွက်ထဲက လေဘေးသင့်သည့်အိမ်အချို့ကလူတွေကို ကယ်ဆယ်ရေးစခန်းဖွင့်ထားသဖြင့် အလှည့်ကျ တာဝန်ယူပြီးသွားသောကြောင့် ဖြစ်ပါသည်။

လမ်းတစ်လမ်းလုံးကလည်း မှောင်နေပါသည်။ လက်ထဲမှာ ကိုင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် ဟိုထိုးဒီထိုး ထိုးကြည့်ရင်း သူ့အိမ်ရှေ့သို့ရောက်လာပါသည်။ စေ့ထားသော ခြံဝင်းတံခါးကို တွန်းဖွင့်ပြီး ဇနီးဖြစ်သူက ခြံဝင်းတံခါးမှာ သော့မခတ်ဘဲ ချိတ်ထားသောသော့ကို ယူပြီး အိမ်ခြံဝင်းအတွင်းကနေ သော့ခတ်လိုက်ပါသည်။ ထို့နောက် ပိတ်ထားသော အိမ်တံခါးမကြီးရှိရာဆီသို့ ခြံဝင်းတံခါးကနေ ကျောအခိုင်းမှာ...

"ဟဲ့...နေဦး..."

ဦးသောင်းဒန်၏ နောက်ကျောကနေ ခေါ်သံကိုကြားသဖြင့် လှည့်ကြည့်ပြီး လက်ထဲမှာ ဖွင့်လျက်သားကိုင်ထားသော လက်နှိပ်ဓာတ်မီးနှင့်

အသံလာရာဘက်သို့ ကြည့်လိုက်သောအခါ ကြက်သီးတွေ တဖျန်းဖျန်းထ
သွားပါသည်။

"နင့်ရဲ့အိမ်ခေါင်းရင်း အုန်းပင်အောက်ကိုတူး၊ ရွှေအိုး ရှိတယ်"

ဆံပင်ဖားလျားချပြီး မျက်နှာက မည်းနေကာ နားမှာ နားက
ကွင်းကြီးနှစ်ကွင်းကို ပန်ထားပြီး ပါးစပ်မှာ သွားနှစ်ချောင်းသာရှိသော
သရဲလိုလိုလူလိုလိုက ပြောလိုက်ပါသည်။

ဦးသောင်းဒန် သိလိုက်ပါသည်။ ဖိုးသကြားရော ဖိုးဆောင်းပါ
ခြောက်တာ ထိုသရဲပဲဖြစ်လိမ့်မည်ဟု။ ထိုတော့မှ ကြောက်လန့်တကြား
ဖြင့်...

"မိန်းမ...မတင်မြင့်ရေ...၊ မတင်မြင့်...တံခါး မြန်မြန်ဖွင့် စမ်းပါ၊ ငါ့ကို သရဲခြောက်လို့..."

ရာအိမ်မှူး ဦးသောင်းဒန်က အိမ်တံခါးမကြီးရှိရာသို့ အော်ဟစ်ပြေး
သွားပြီး တံခါးကို အတင်းလက်ဖြင့်ထုပါတော့သည်။

တိတ်ဆိတ်နေသောညဥ့်ယံမှာ ဦးသောင်းဒန် တံခါးထုသံက လမ်းထဲ
မှာ ဆူညံသွားပါတော့သည်။

"ဘယ်လိုဖြစ်တာလဲ ကိုသောင်းဒန်"

"အမေ...ဘယ်လိုဖြစ်တာလဲ"

ဇနီးဖြစ်သူရော သားသမီးတွေပါ ဖယောင်းတိုင်မီးထွန်းနေရင်းက
လှမ်းမေးပါသည်။

"မမေးနဲ့၊ ငါ့ကို သရဲခြောက်လို့၊ အိမ်ရှေ့မှာ နေဦး... ရေအုံရင်တိုက်ဦး"





ဦးသောင်းဒန်က ကြောက်စိတ်မပြေသေးဘဲ ရေကို တစ်ဝကြီး
သောက်ချလိုက်ပါသည်။ ပြီးမှ သရဲခြောက်ခံရပုံကို ရှင်းပြပါသည်။

"ကိုသောင်းဒန်ကလည်း ရှင့်ကို သရဲက ခြောက်တာမှ မဟုတ်တာ။ အဲဒါ 'မ'တာ၊ ရှင်က လမ်းအကျိုး လူမှုရေး အကျိုးတွေလုပ်နေလို့ သရဲက ကျွန်မတို့ အိမ်ခေါင်းရင်းက အုန်းပင်အောက်မှာရှိတဲ့ ရွှေအိုးကိုပြောရင်းက 'မ'တာပေါ့။ ဒါကို လူတွေမသိစေနဲ့နော်"

"ဟုတ်လို့လားကွာ..."

"ဟုတ်လို့ပေါ့၊ ဒီ မကျွတ်မလွတ်တဲ့ နာနာဘာဝက အိမ်မှားပြီး ဖိုးသကြားနဲ့ ဖိုးဆောင်းကို သွားခြောက်မိတာ နေမှာ..."

ဦးသောင်းဒန်နှင့် ဇနီးဖြစ်သူ မတင်မြင့်တို့ အပြန်အလှန် စကား
တိုးတိုးပြောနေကြသည်ကို သားသမီးသုံးယောက်က ဘာမှနားမလည်
သလိုမျိုးနှင့်ကြည့်ရင်းက နားထောင်နေကြသည်။

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ ကိုသောင်းဒန်ရဲ့၊ နက်ဖြန် အဲဒီ အုန်းပင်ကို နောက်ထပ်မုန်တိုင်းလာမှာကြောက်လို့ အန္တရာယ် ရှိလို့ ခုတ်ပစ်တာ ဘာညာဆိုပြီး ခုတ်မှာပေါ့။ ပြီးမှ ကိုယ့် ဘာသာ မြေတူးသလို ဘာလိုလိုနဲ့ ရွှေအိုးကို တူးမှာပေါ့။ ဘယ်သူသိတာမှတ်လို့..."

"မတင်မြင့်ရာ...ကြည့်လုပ်ပါဦး၊ ဒီအပင်က အသီးအရမ်း သီးတာ၊ ပြီးတော့ နာဂစ်တုန်းကတောင် မလဲတာ။ မဟုတ်

ရင်တော့ နမြောစရာကြီး"

"တော်ကလည်းလေ...ရွှေအိုးနဲ့ အုန်းပင် မလဲရဲဘူးလား။ ဒါ ရှင့်ကို 'မ'တာ။ ရွှေအိုးရလို့ကတော့ ကျုပ်တို့မိသားစု သူဌေးဖြစ်ပြီ..."

"ဒါဆိုလည်း ပြီးရောကွာ"

ထို့နောက်တော့ ရာအိမ်မှူးဦးသောင်းဒန် ဘုရားဝတ်ပြုပြီး အိပ်ရာဝ ပါသည်။ သို့သော် မအိပ်နိုင်သေးပါ။ မိန်းမဖြစ်သူ မတင်မြင့်ပြောသလိုမျ ဟုတ်နေပြီလားလို့ စဉ်းစားရင်း နက်ဖြန်ခါလုပ်ရမည့် အစီအစဉ်အ တွေးနေမိပါသည်။

ဦးသောင်းဒန်သာမက ဇနီးဖြစ်သူ မတင်မြင့်နှင့် သားသမီး သုံးယောက်ကလည်း အုန်းပင်ကိုခုတ်ပြီး အုန်းပင်အောက်က တူးလို ရလာမည့် ရွှေအိုးကြီးကို မျက်စိတွေထဲမှာ မြင်ယောင်နေရင်း ကိုယ်ထ တာကိုယ်တွေးရင်းက ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိကြ တော့ပါ။

●





[ ၁၀ ]

ဖိုးသကြားသည် မနက် လက်ဖက်ရည်ဆိုင်သွားဖို့ ထွက်လာတော့ ူးထူးခြားခြား ဘာသတင်းမှမကြားရ။

နှစ်ရက်ဆက်တိုက် သူနှင့် ဖိုးဆောင်း သရဲခြောက်ခံရသလိုမျိုး ည်သူတွေ ခြောက်ခံရသလဲဆိုသည့်သတင်းကိုလည်း သိချင်နေပါ သေးသည်။

"ဖိုးသကြား...ဘယ်လဲ၊ လက်ဖက်ရည်ဆိုင်လားကွ..."

လမ်းထိပ်ရောက်ရောက်ချင်းမှာပဲ ဖိုးသကြားကို ဦးသောင်းဒန်က လမ်းထဲဝင်လာရင်းမှ နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် ဦးလေးရေ၊ လက်ဖက်ရည်ဆိုင် သွားမလို့..."

ဖိုးသကြားက ဦးသောင်းဒန်အမေးကို ဖြေရင်း ဦးသောင်းဒန်ဆီးမှာ ါလာသော လူသုံးဦးကို သတိထားမိသွားသည်။ ရဲဒင်းတွေရော၊ ားမကြီးတွေရော ကြိုးတွေကိုပါ ကိုင်ထားလို့ဖြစ်သည်။

"ဒီနေ့မနက်တော့ လက်ဖက်ရည်ဆိုင် မထိုင်နိုင်တော့ဘူး ဟေ့၊ အိမ်ခေါင်းရင်းက အုန်းပင်ကို လှဲမလို့၊ အဲဒါ ဟိုဘက်ရပ်ကွက်က အုန်းပင်ခုတ်တဲ့လူတွေ သွားခေါ်တာ။ လေတွေဘာတွေတိုက်ရင် အန္တရာယ်ရှိတယ်လေကွာ"

"ဦးသောင်းဒန်ရာ၊ နှမြောစရာကြီး၊ အုန်းပင်က အုန်းသီးတွေ တော်တော်သီးတာဗျာ..."

"ဘယ်တတ်နိုင်မလဲ ဖိုးသကြားရာ၊ အန္တရာယ်ဆိုတာ မဖြစ်ခင် ကြိုတင်ကာကွယ်ရတာပေါ့"

ဦးသောင်းဒန်က စိတ်ထဲကနေ တော်တော်အမေးအမြန်းထူသည့် ဖိုးသကြားပဲလို့၊ ကိုယ့်ဘာသာကိုယ် လက်ဖက်ရည်သွားသောက်တာ မဟုတ်ဘူးဟု ပြောရင်း အုန်းပင်ခုတ်မည့်လူသုံးဦးကို အိမ်သို့ခေါ်လာခဲ့သည်။

"အုန်းပင်ကို မြန်မြန်ခုတ်နော်၊ တော်ကြာ လေတွေဘာတွေ ထပ်တိုက်လာရင် မလွယ်ဘူး"

"ဦးသောင်းဒန်ရာ၊ မြန်မြန်ခုတ်လို့ ဘယ်ရမလဲ၊ လူတွေဘာတွေ အိမ်တွေ အန္တရာယ်မရှိအောင် ခုတ်ရမှာ မလောပါနဲ့ဗျာ၊ လေက မတိုက်ပါဘူး"

ဦးသောင်းဒန်၏စိတ်ထဲက အဖြစ်မှန်ကို လုံးဝမသိသော အုန်းပင်ခုတ်သမားတစ်ဦးက ရှင်းပြနေပါသည်။

ဦးသောင်းဒန်ကတော့ အုန်းပင်ခုတ်၍ ကြွေကျလာသည့် အုန်းသီးမျိုးကို လိုက်ကောက်ရင်း အုန်းပင်ခုတ်လို့ပြီးသွားလို့ကတော့ မြေကြီးကို အပြီးတူးပြီး ရတနာရွှေအိုးကို ရအောင်ယူမည်။ ပြီးတော့ အိမ်ထဲမှာ





ရွှေတွေဘယ်လောက်ရှိမလဲဆိုကာ ချိန်ကြည့်မည်ဆိုပြီး တွေးလို့မဆုံး။

ဦးသောင်းဒန်သာမက မိန်းမဖြစ်သူကော သားသမီးတွေကလည်း အုန်းပင်မြန်မြန်လှဲလို့ပြီးပါစေလို့ ဆုတောင်းနေပါသေးသည်။

●

[ ၁၁ ]

ဖိုးသကြားတစ်ယောက် လက်ဖက်ရည်ဆိုင်သာ တစ်နာရီခွဲလောက်ထိုင်သည်။ သရဲခြောက်ခံရသော သတင်းကို ထပ်မံမကြားရ။ သရဲက သူနှင့် ဖိုးဆောင်းကိုသာ ကွက်ပြီးခြောက်ပါလားလို့။ သူနှင့်ဖိုးဆောင်းကံတော်တော်နိမ့်နေလို့ပဲ ဖြစ်ရလိမ့်မည်ဟု တွေးနေမိသေးသည်။

ရပ်ကွက်ထဲမှာ မည်သည့်လူတွေများ သရဲခြောက်ခံရလေသလဲ ထပ်မံသိချင်လာသဖြင့် ရပ်ကွက်အနှံ့ မသိမသာစုံစမ်းကြည့်သေးသည်။ ဘာမှမထူးခြားပါ။

သို့သော် ထူးခြားသည့်တစ်ချက်ကတော့ သူ့လမ်းထဲက ဦးသောင်းဒန်က အုန်းပင်ခုတ်ဖို့ စီစဉ်သလိုမျိုး လမ်းသုံးလေးငါးလမ်းခန့်ရှိ အိမ်အချို့ကတော့ အုန်းပင်တွေခုတ်နေတာ ထူးထူးခြားခြားတွေ့သည်။

သည်လူတွေလည်း နာဂစ်မုန်တိုင်း ထပ်လာမှာ စိုးရိမ်နေပါပကောဟု တွေးပြီး သူ့အိမ်ခြံဝင်းထဲမှာ အုန်းပင်မရှိတာကိုပဲ ဖိုးသကြားက ကျိတ်ပြီး ကျေနပ်မိနေပါသေးသည်။

●





[ ၁၂ ]

ဦးသောင်းဒန်ကော သူ့မိသားစုတွေပါ တော်တော်ကို မောနေကြပြီဖြစ်သည်။ အိမ်ခေါင်းရင်းက အုန်းပင်ကို ခုတ်လှဲပြီးကတည်းက ရှင်းစရာရှိတာများကို ရှင်းပြီး ခြစ်စည်းရိုးတံခါးကို ပိတ်ပြီး တစ်ယောက်တစ်လှည့်အုန်းပင်လှဲထားသောမြေကြီးကို တူးနေတာ အချိန်က အတော်ကြာလာပြီဖြစ်သည်။

ဦးသောင်းဒန်သာမက သူ့မိသားစုတွေ၏ လက်တွေလည်း ပေါက်ပြဲနေကုန်ပြီဖြစ်သည်။ ရွှေအိုးကိုတော့ မတွေ့ရသေးဘဲ တူးသည့်မြေကြီးထဲက ရေတွေထွက်လာတာပဲ မြင်နေရသည်။

"အဖေရာ...အဖေ့ရဲ့သရဲမပြောတာက ဟုတ်ကော ဟုတ်သေးရဲ့လား၊ ရွှေအိုးက ဒီလောက်တော့ မြေကြီးအတွင်းထဲ မရောက်ဘူးထင်တယ်။ အဖေ့ဟာက ရွှေအိုးမတွေ့ဘဲ ရေတွေပဲထွက်နေတယ်။ ကြာရင် တူးရင်း တူးရင်း အဝီစိရောက်တော့မယ်"

မြေကြီးတူးထားသဖြင့် တွင်းထဲသို့ရောက်နေသော သားဖြစ်သူက လှမ်းပြောလိုက်သဖြင့် ဦးသောင်းဒန်က...

"ဟေ့ကောင်...တိုးတိုးပြောပါကွ၊ တော်ကြာ လူဝိုင်းလာဦးမယ်..."

"ဝိုင်း ဝိုင်း အဖေရာ၊ တဖြည်းဖြည်း ကျွန်တော်လည်း ဒီတွင်းထဲကနေ ငရဲပြည်ရောက်တော့မယ်။ အဖေ့ရွှေအိုးက တွေ့မှမတွေ့တာ..."

"ဟုတ်တယ် အဖေ၊ တော်ကြာ အိမ်ရှေ့ကကြည့်ရင် သမီးတို့အိမ်ရှေ့မှာ အိမ်သာတွင်းတူးနေတယ် ထင်လိမ့်မယ်"

သားဖြစ်သူနှင့် သမီးဖြစ်သူစကားကို နားထောင်ရင်း ဦးသောင်းဒန် တစ်ခုခုတော့ လွဲနေပြီလားလို့ စဉ်းစားနေမိပါသည်။

"ဗျို့...ဦးသောင်းဒန်၊ ဥက္ကဋ္ဌက ရုံးကို အမြန်လာခဲ့ပါတဲ့။ သရဲမအကြောင်း ပြောချင်လို့တဲ့"

အိမ်ရှေ့ ခြံတံခါးကနေ လမ်းထဲက ဆယ်အိမ်မှူး ထွန်းလင်းက အော်ပြောလိုက်သဖြင့်...

"အေး...လာခဲ့မယ်၊ ဘယ်ကသရဲမလဲဟ..."

"ဒါတော့ မသိဘူး..."

ဦးသောင်းဒန်က နည်းနည်းစိတ်ဝင်စားသွားပါသည်။

"ကဲ...သား၊ တွင်းထဲက တက်တော့၊ ရုံးကပြန်လာမှ တစ်ခုခုဆက်လုပ်မယ်"

ဦးသောင်းဒန်က အိမ်ခြံဝင်းထဲကနေ ခပ်မြန်မြန်ထွက်သွားပါသည်။

"ဖိုးသကြားရေ၊ ရုံးကိုလိုက်ခဲ့မလား၊ သရဲမကိစ္စတဲ့..."





"ဟုတ်လား၊ လိုက်မယ်...လိုက်မယ်"

ဖိုးသကြားတို့အိမ်ရှေ့သို့ရောက်သော် ဦးသောင်းဒန်က ဖိုးသကြားကို လှမ်းခေါ်လိုက်သည်။ ဖိုးသကြားလည်း ချက်ချင်းဆိုသလို ဦးသောင်းဒန်နှင့်အတူ ရုံးသို့လိုက်လာခဲ့ပါသည်။

●

[ ၁၃ ]

ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်သောအခါ ရုံးထဲမှာ လူတွေက အုံနေပါသည်။ လမ်းတစ်လျှောက်မှာ ရပ်ကွက်ထဲမှာခြောက်နေသော သရဲကို ဖမ်းမိထားသည်ဆိုသော သတင်းတွေကလည်း ပြန့်နေပါသည်။

"လာဗျို့...ဦးသောင်းဒန်..."

ဥက္ကဋ္ဌက ခေါ်သဖြင့် ဦးသောင်းဒန်က ဥက္ကဋ္ဌနားသို့ သွားပါသည်။ ဖိုးသကြားလည်း ရုံးထဲမှာထိုင်နေသော ဆံပင်ဖားလျားချပြီး မျက်နှာကို အိုးမည်းသုတ်ထားကာ နားမှာနားကွင်းကြီးနှစ်ကွင်းကို ဆွဲထားပြီး သွားနှစ်ချောင်းတည်းသာရှိသော အဘွားကြီးကို သေသေချာချာကြည့်မိသည်။

"ဟာ...ဒါ...ကျုပ်တော့်ကိုခြောက်တဲ့ သရဲပဲ"

ဖိုးသကြားက အံ့အားတသင့်ပြောလို့မဆုံးခင် ဦးသောင်းဒန်ကလည်း ကြည့်လိုက်ရာ...

"ဒါ မနေ့ညက အုန်းပင်အောက်မှာ ရွှေအိုးရှိတယ်ပြော ပြီး ထွက်သွားတဲ့ သရဲမပဲ၊ ဘာတွေလဲဗျာ..."





ဦးသောင်းဒန်စကားကြောင့် ဆူညံနေသောလူတွေ၏ အသံတွေက တိတ်ဆိတ်သွားပါသည်။

"ဘာရမှာလဲ ဦးသောင်းဒန်ရဲ့၊ ဒါက သရဲမှ မဟုတ်တာ၊ စိတ်ဝေဒနာခံစားနေရတဲ့ အဘွားအိုပါဗျာ၊ နာဂစ်မုန်တိုင်းဖြစ်တော့ ကြောက်ကြောက်လန့်လန့်နဲ့ အိမ်ကထွက်ပြေးလာရင်း ရောက်ချင်တဲ့နေရာရောက်၊ ပြောချင်တာပြောနဲ့ သူ့ရဲ့ ပုံပန်းသဏ္ဌာန်က စိတ်မမှန်ဆိုတော့ ညမှောင်မှောင်မှာ လူတွေရဲ့ အမြင်က တစ်မျိုးထင်ကုန်တာကိုး...စိတ်မမှန်တဲ့သူဆိုတော့ ပါးစပ်က ပြောချင်တာတွေ ပြောတာပေါ့ဗျာ..."

"ဥက္ကဋ္ဌ...ဒါဆို သွားပါပြီဗျာ၊ ကျွန်တော့်အိမ်က အုန်းပင်တော့ ဒီအဘွားကြီးကို သရဲမှတ်လို့ သူပြောတဲ့အတိုင်း ရွှေအိုးရမလားလို့ အုန်းပင်လှဲပြီးတူးတာ အသီးတွေသီးတဲ့အပင်ကြီး မရှိတော့ဘူး..."

"ဟဲ...ဟဲ...အဲဒါက လောဘတက်တာကိုးဗျ"

ဦးသောင်းဒန်ပြောသည်ကို နားထောင်ပြီး ဥက္ကဋ္ဌက ရယ်မောလို့နေပါသည်။

ဖိုးသကြား ပြုံးမိပါသည်။ သည်နေ့ မည်သူ့ သရဲခြောက်ခံရသလဲလို့ လမ်းတွေမှာ လိုက်စုံစမ်းတာ အိမ်တွေမှာ အုန်းပင်တွေလှဲနေကြသည်မှာ ယခု ရုံးထဲရောက်နေသည့် အဘွားကြီးက ညဘက် လျှောက်သွားပြီး ပြောချင်ရာလျှောက်ပြောတာကို လူတွေက တစ်မျိုးတွေးပြီး ရွှေအိုးရမလားဆိုသည့်ကိစ္စပဲ ဖြစ်နေလိမ့်မည်လို့...။

"ဒါနဲ့ သူက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ

ဥက္ကဋ္ဌရဲ့"

"ဘယ်လိုရမလဲဗျ၊ နေ့လယ်က ဒီအဘွားအိုက ဒီရုံးကို ရောက်လာပြီး ဒါ အရင်တုန်းက သူ့နန်းတော်၊ ဒီနန်းတော် အောက်မှာ ရတနာသိုက်ရှိတယ်၊ အဲဒါ သူပိုင်တယ်၊ ဖယ်ပေး ဆိုပြီး ဒီနေရာကနေ မသွားဘဲ နေနေလို့ မောင်းလို့ကလည်း မရ၊ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာနဲ့ ရဲစခန်းက ဖုန်းဝင် လာတာ။ လူပျောက်ကြော်ငြာကိစ္စ အသိပေးတော့ ပျောက်တဲ့ လူက ဒီအဘွားကြီးနဲ့ အချက်အလက်တွေတူနေလို့ တော်ကြာ သူ့ဆွေမျိုးသားချင်းတွေ လာခေါ်လိမ့်မယ်။ အဲဒါ ခင်ဗျားတို့ လိုလူကြီးတွေလည်း ရှိမှပေါ့ဗျာ"

"ဒီလိုဆို ဥက္ကဋ္ဌ…ခဏလေး၊ အိမ်ခဏပြန်ပြီး ပြန်လာ ခဲ့မယ်"

ဦးသောင်းဒန်က ဥက္ကဋ္ဌကို ခွင့်ပန်ပြီး ဖိုးသကြားကိုခေါ်ကာ ရုံးထဲက ထွက်လာခဲ့ပါသည်။

"အမြင်မှားဆိုတာ ဒါပဲ ဦးလေးရေ၊ မုန်တိုင်းကြောင့် ပတ်ဝန်းကျင်က ချောက်ချားနေ၊ မှောင်ကလည်း မှောင်နဲ့ ထင်ချင်ရာထင်မိတာ၊ ဒီနာဂစ်တစ္ဆေက ဦးသောင်းဒန် တစ် ယောက်တည်းမကဘူး၊ ဟိုဘက်လမ်းကလူတွေကိုလည်း ခြွေအိုးကိစ္စ ပြောချင်ရာပြောသွားတာ။ သူတို့အုန်းပင်တွေလည်း ကုန်ပြီ။ တစ်ပင်မှမရှိတော့ဘူး။ မနက်က အပင်တွေခုတ်နေ တာ တွေ့ခဲ့ရတယ်"

"ဟေ…ဟုတ်လား…"



ဖိုးသကြားစကား နားထောင်ပြီး ဦးသောင်းဒန်၏နှုတ်ဖျားမှ …စကားသံသာ ကြားရပါသည်။

●

[ ၁၄ ]

အဖြစ်မှန်များကိုသိရပြီးသည့်နောက်မှာတော့ အုန်းပင်ခုတ်လှဲခဲ့သော
အိမ်အသီးသီးမှာတော့ ကိုယ့်အဖြစ်ကိုယ်တွေးရင်း ရယ်ရမလို ငိုရမလို
ဖြစ်ခဲ့ရသည်ကိုတော့ အထူးပင် ပြောဖို့လိုမည် မထင်တော့ပါ။

ဩော်...နာဂစ်တစ္ဆေရယ်လို့ ထင်မှထင်တတ်ကြလေရဲ့ကွယ်...။





ဤလူကြီးသည် ကလေးငယ်မဟုတ်။ ဖုတ်ဝင်သည် ဆိုရအောင်လည်း နှာတာရှည်မဆိုထားနှင့် နှာကလေးပင် မစေးသော ဒေါင်ဒေါင်မြည်ကြီး ဖြစ်နေ၏။ ဤလူကြီးသာ ပုခက်ထဲက နားရွက်ရဲအောင် ရယ်နေလျှင်လည်း နတ်သူငယ် အမြှူလွန်သွားသည်ဟု ဆိုရတော့မည်။ ယခုတော့ ဘယ်လိုယူဆရမှန်း မသိသဖြင့် ခင်မောင်ဦးလည်း ဘယ်လိုမှ မယူဆတော့ဘဲ အကြောင်သား ကြည့်နေလိုက်တော့၏။

"ဟား…ဟား…ဟား…မင်းက…ငါက ဟား…ဟား…"

"ဦးလေး…ဦးလေး"

ခင်မောင်ဦးက အလန့်တကြားခေါ်လိုက်သဖြင့် ဦးညွန့်မောင်သည် ချက်ချင်းအရယ်ရပ်လိုက်ပြီး မျက်လုံးပြူးကြည့်သည်။

"ဘာလဲကွ"

"ဦးလေး သတိကောင်းပါတယ်နော်"

"ကောင်းတယ်လေ ဘာဖြစ်လို့လဲ"

"စောစောက မင်းက ငါကနဲ့ ဖြစ်နေလို့ အလကားနေရင်းတော့ ဘာဖြစ်လို့ ကရမှာလဲ၊ ကျွန်တော်လည်း ကစရာမလိုဘူး၊ ဦးလေးလည်း ကစရာမလိုဘူး"

"အရှုး...ဒါတွေထားစမ်း၊ မင်းကို ငါက ခင်လှမျိုးနဲ့ စေ့စပ်နေတယ်မှတ်သလားကွ"

"နို့...မဟုတ်ဘူးလား"

"ထတ်တေရီ...ဘယ်က ဟုတ်ရမှာလဲ၊ ခင်လှမျိုးကို ငါယူတော့မလို့ မင်းကို ဖွင့်တိုင်ပင်တာ"

"မြတ်စွာဘုရား..."

"ဒါ ဘုရားတ,ရမယ့်ကိစ္စ မဟုတ်ပါဘူးကွ၊ သံသရာ လည်ကြောင်းတွေပါ၊ အဲဒါ ခင်လှမျိုးကို ငါယူရင် တော်ပါ့ မလားလို့ မင်းကိုတိုင်ပင်တာ"

"တော်ပါ့မလားဆိုတာကို ဘာမျက်စိနဲ့ ကြည့်ရမှာလဲ"

"မိန်းမယူလည်း မျက်စိနဲ့ပေါ့ကွ"

"မိန်းမယူလည်း မျက်စိနဲ့ဆိုရင် အထူးသဖြင့် ဦးလေးရဲ့ မျက်စိမျိုးနဲ့ဆိုရင် သိပ်တော်တာပေါ့၊ ဘေးလူမျက်စိနဲ့ ဆိုရင် တော့..."

"ဟော့...ဘေးလူတွေ ဘေးမှာပဲထားလိုက်၊ သူတို့က ဘာပြောပြော ငါ့မင်္ဂလာဆောင်မှာ ကျွေးတာတွေ မမျိုမယ့်လူ မရှိပါဘူးကွ၊ ဒါကြောင့် ဘေးလူဆိုတာ ဘေးမှာပဲထားရတယ်၊ မင်းကတော့ ငါ့အတွင်းလူမို့ သိအောင်ပြောရတာ"

"ဒေါ်ဒေါ်ကြွေကိုကော ပြောပြီးပြီလား"

"ပြောပြီးပါပေါ့ကွာ၊ အဘွားကြီးကျေနပ်လို့ ဖြစ်တာပေါ့ ကွ၊ တို့အရွယ်ဆိုတာ ကောင်မလေး ဒါရိုက်တွေ့လို့ ပြောလို့ ရတာမှ မဟုတ်တာ၊ အညာကို ကိုင်လှုပ်ရတာပေါ့"





"ကြည့်လည်း လှုပ်နော်၊ အတွဲလိုက်ပြုတ်ကျဦးမယ်"

"ဘာလဲကွ"

"ဩော်...အဘွားကြီးပါ၊ အိမ်ပေါ်ရောက်ဦးမယ်လို့ ပြော တာ"

"ငါ အားလုံး အကျေအလည်ဆွေးနွေးပြီးပါပြီကွယ်၊ ခင်လှမျိုးတစ်ယောက်တည်း ဒီမှာလာနေမှာ၊ အဘွားကြီးက သူ့သားရယ်၊ အငယ်မရယ်နဲ့ သူ့ဘာသာသူ နေနေမှာပါကွ၊ ဒါကြောင့် မင်းလည်း စိတ်ကူးမလွဲနဲ့လို့ သံသရာလည်ကြောင်း ကျင့်ရင်း ပီပီသသကျင့်၊ မရှင်းမရှင်းလုပ်တာ ငါမကြိုက်ဘူး၊ ဒီတော့ မိန်းမရှာပေတော့"

"ကျွန်တော်တော့ ကြီးကြီးပဲကြိုက်တယ်"

"ဒီလိုဆိုရင်တော့ အညာကိုလှုပ်လို့မရဘူး၊ အပင်ခြေရှင်း ကန်ပြီး လှုပ်ရမှာပဲကွ၊ တွေ့ကော တွေ့ထားပြီလား"

"မတွေ့သေးပါဘူး ဦးလေးရာ၊ ဒီမျက်စိမျိုးနဲ့မှ မကြည့် သေးတာ"

"အေး...ကောင်းပြီ၊ ခုချိန်ကစပြီး ကြည့်တော့။ ဒါပေမဲ့ ကိုယ့်အိမ်ထောင်ရေးကို ဘယ်တော့မှ ဘေးလူမျက်စိနဲ့တော့ မကြည့်လေနဲ့နော်"

"ကောင်းပါပြီ ဦးလေး"

နှစ်ယောက်သားသည် ခြံထဲမှ အိမ်ပေါ်သို့ ပြန်တက်ခဲ့ကြလေ၏။

* * *

ဦးညွန့်မောင်ကား စိတ်သွားတိုင်း ကိုယ်ပါသူဖြစ်သည်။

ခင်မောင်ဦး စာမေးပွဲအောင်ပြီး၍ ရက်ပိုင်းကလေးတွင်ပင် ခင်လှမျိုးနှင့် လက်ထပ်လိုက်၏။ သူ့စိတ်ကူးကား အကောင်အထည်ပေါ်သွားလေပြီ။ သူ့တူ ခင်မောင်ဦး၏စိတ်ကူးကိုလည်း အကောင်အထည်ပေါ်စေချင်၍ နင်းကန်တိုက်တွန်းသည်။ ခင်မောင်ဦး၏စိတ်ကူးဟု ဆိုရာ၌ အိမ်ထောင်ပြုရေးစီမံကိန်းကို ဆိုသည်မဟုတ်။ ဘွဲ့ချီးမြှင့်သည့် စာမေးပွဲကို အောင်ပြီးပြီဖြစ်၍ အလုပ်အကိုင်ရှာဖွေနေစဉ် အိမ်တွင် အလကားမနေဘဲ လုံးချင်းဝတ္ထုရေးရန်ဖြစ်သည်။ ရန်ကုန်တွင်ရှိသော ဦးညွန့်မောင်၏မိတ်ဆွေပိုင်သည့် "ဆောင်တော်ကူးစာပေ"သို့ ဦးညွန့်မောင်ကိုယ်တိုင် စာရေးဆက်သွယ်ပေးသည်။ ဤသို့ဖြင့် ခင်မောင်ဦးသည် လုံးချင်းဝတ္ထု၏ လေးပုံသုံးပုံကို ပေးပို့ခဲ့၏။ ကျန်ရှိသော လေးပုံတစ်ပုံကိုလည်း ပြီးအောင်ဆက်ရေးနေရသည်။ ဤလေးပုံ တစ်ပုံပြီးလျှင် ပို့ပေးလိုက်လျှင် စာအုပ်ထုတ်ရေးကိစ္စကို အပြီးအပြတ် အကြောင်းပြန်မည်ဟု စကားဆိုထားကြသည်။

အောက်ထပ်ရှိ ခင်မောင်ဦး၏ စာရေးစားပွဲရှိရာသို့ ဦးညွန့်မောင် ချဉ်းကပ်လာပြီး အနားက ကုလားထိုင်တွင် ထိုင်လိုက်သည်။

"မင်းရေးနေတဲ့ဝတ္ထုနာမည်က ဘာလဲ…"

ခင်မောင်ဦးသည် လက်ထဲမှဖောင်တိန်ကို ချထားလိုက်ပြီး ဦးလေးဖြစ်သူကို ကြည့်လိုက်၏။

"ရင်ကို ဟင်းလင်းဖွင့်ထားတယ်…"

"ဩော်…မင်းက ကြယ်သီးတွေ ဈေးကြီးတဲ့အကြောင်းကို ရေးသလား"





"မဟုတ်ပါဘူး ဦးလေးရဲ့"

"ဒါဖြင့် ကြက်သားဟင်းရောင်းတဲ့အကြောင်း ဖြစ်မှာပဲ"

"ဟာ…ဦးလေးကလည်း ကြံကြံဖန်ဖန် ကျွန်တော့်ဝတ္ထုက အချစ်ဝတ္ထုစစ်စစ်ခင်ဗျ၊ ဇာတ်သိမ်းပိုင်းမှာ မျက်ရည်တောက်တောက်ကျရမယ့် ဝတ္ထုမျိုး"

ဦးညွန့်မောင်သည် သူ့နဖူးသူ လက်ဝါးလေးနှင့် ရိုက်မိတော့၏။

"သေလိုက်ပါတော့ ခင်မောင်ဦးရယ်"

"သေလို့ ငိုတာမဟုတ်ဘူး ဦးလေးရဲ့၊ ချစ်လျက်နဲ့ ဝေးရလို့ အဆွေးကြီး ဆွေးရမယ့်ဝတ္ထုမျိုးလေ"

"မင်း တော်တော်ခွကျတာပဲ၊ ကလောင်ကို စပြီးကိုင်တယ်ဆိုရင် လူကြိုက်များတာတွေကို ရေးရမယ်ကွ၊ ဒါမှ ရောင်းရမှာပေါ့၊ မီးတွေလောင်၊ မော်တော်ကားကြီးမှောက်၊ သေနတ်တွေ တဒိုင်းဒိုင်းပစ်၊ ဓားနဲ့ တစွပ်စွပ်ထိုး၊ မျက်လုံးကြီးပြူး၊ လျှာတန်းလန်းထွက်ပြီးသေ၊ ဒါမျိုးမှ ရောင်းရတော့မှာပေါ့ကွ"

"ဟာ…ဒါမျိုးက ရသစာပေမှ မဟုတ်တာ၊ မှောက်ပွဲစာပေပဲဗျ"

"ဟဲ့…လူကြိုက်မှ ရောင်းရမှာ၊ ရောင်းရမှ မင်း နာမည်ကြီးမှာပေါ့ကွ"

"သေနတ်မှန်ပြီး လျှာတန်းလန်းနဲ့ နာမည်မျိုးတော့ မကြီးချင်ပါဘူး ဦးလေးရယ်…"

"မင်းက နာမည်မကြီးချင်ပေမယ့် ထုတ်ဝေတဲ့လူက လောဘသားကွ၊ သူ့လောဘကိုတော့ မင်း ဘယ်လိုမှ

တောင်းပန်လို့ရမှာ မဟုတ်ဘူး ကြီးမှာပဲ"

ခင်မောင်ဦးသည် သက်ပြင်းကို တစ်ချက်ချလိုက်၏။ ပြီးသော် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိသည်။

"မဟုတ်သေးပါဘူး ဦးလေးရဲ့၊ စာဖတ်ပရိသတ်တွေကို ဒါလောက်လည်း အထင်မသေးပါနဲ့လေ။ မှန်တယ်၊ စာကို စပြီးဖတ်ခါစ လူတွေတော့ အခုန ဦးလေးပြောတဲ့ဟာမျိုးကို ကြိုက်ကြပါတယ်။ ဒါပေမဲ့ စာဖတ်ဝါရင့်လာတဲ့ ပရိသတ်တွေကျတော့ တည်ငြိမ်တဲ့ ရသစာပေတွေကို နှစ်သက်ပါတယ်"

ဦးညွှန့်မောင်ကတော့ ခေါင်းကို ခပ်ကြမ်းကြမ်းပင် ခါယမ်း၏။

"မင်းက စီးပွားရေးမျက်စိ မရှိသေးပါဘူး"

"ကျွန်တော်က စာရေးဆရာပဲ၊ စီးပွားရေးကို မကြည့်နိုင်ဘူး"

"ဟ...ဒီလိုဖြင့်လည်း မင်းဝတ္ထုတွေကို မသာယပ်တောင်ကမ်းသလို ကမ်းပစ်ပါလားကွ၊ ဘာလို့ရောင်းသေးသလဲ၊ ရောင်းတယ် ဝယ်တယ်ဆိုရင် စီးပွားရေးလုပ်ငန်းပဲ"

"ဒါကတော့ ထုတ်ဝေတဲ့လူက စိုက်ထုတ် ရင်းနှီးထားရတာလေးတွေလည်း ကာမိအောင် ကျွန်တော့်အဖို့လည်း အမြကလေး တောင့်ပါစေတော့...လို့..."

"အေး...ဒါကြောင့်ပဲ ငါပြောတာ၊ မင်း ပထမ လူကြိုက်တာကိုလုပ်၊ နာမည်ကြီးလာတော့ မင်းကြိုက်တာကိုလုပ်"

"နာမည်ကြီးလာတော့ ကိုယ်နာမည်ရခဲ့တဲ့လိုင်းက တခြားလိုင်းကိုကူးရင် လူက လက်မခံပြန်ဘူးခင်ဗျ၊ ပြီးတော့လည်း





ကျွန်တော်က ဦးလေး ခုန ပြောတဲ့ လျှာတန်းလန်းတွေ၊ သုံးဆယ့်ရှစ်ဘိုတွေ အရေးမသန်ဘူးခင်ဗျ"

မသန်ဘူးဆိုတော့လည်း ဦးညွှန့်မောင်က လက်လျှော့ရတော့ မည်ပ။ သို့သော် ဘယ်တိုင်းပြည်က အကြံပေးအရာရှိသေလို့ ဝင်စားခဲ့သည်မသိ။ အကြံတွေကို ထိုင်၍ နင်းကန်ပေးနေပြန် သည်။

"ဒါမျိုး ဝါသနာမပါရင်လည်းကွာ၊ ဟာသတွေ ရေးပါလား၊ ဒီလိုင်းကလည်း ပရိသတ် တော်တော်ရှိတယ်ကွ၊ မင်း နာမည်ကျော်နိုင်တယ်"

"ဒါလည်း မဖြစ်သေးပါဘူး ဦးလေးရယ်၊ ကျွန်တော် ကြားဖူးတာက ဟာသရေးတဲ့လူဟာ သူကိုယ်နှိုက်က ပေါကြောင်ကြောင်နိုင်ရတယ်ဆိုပဲ၊ ကျွန်တော့်လို လူရည်သန့်သန့်တွေ မရေးနိုင်ပါဘူးလေ"

ဦးညွှန့်မောင် တွေသွားလေသည်။

"အေးလေ...ဒီလိုဆိုရင်လည်း မင်းထိုက်နဲ့ မင်းကံပေါ့ကွာ၊ ဒါထက် မင်းရဲ့ကလောင်နာမည်က ဘာကွ"

"ဟုတ်ကဲ့"

"ဘယ့်နှယ် ကလောင်နာမည်က 'ဟုတ်ကဲ့'တဲ့လား"

"မဟုတ်ပါဘူး"

"ဟ...ကလောင်နာမည်ကလည်း မဟုတ်ပါဘူးတဲ့လား"

ခင်မောင်ဦးသည် သက်ပြင်းကို ခပ်မာမာချလိုက်၏။

"ဦးလေး...ကျွန်တော့် ကလောင်နာမည်က မောင်လွမ်းပင်...တဲ့"

"ဘယ်အရပ်မှာ ပေါက်တာတွေ့ဖူးလို့ မင်းက ဒီသစ်ပင် နာမည်ကြီးကို ကြိုက်နေရတာလဲ၊ ငါတော့ မကြားဖူးပေါင်"

ဒီ ဦးလေးကိုတော့ ခင်မောင်ဦး လက်လျှော့ရပါတော့မည်။ သို့သော် ရန်ကုန်က "ဆောင်တော်ကူးစာပေ"က ဝယ်ယူထုတ် ဝေခြင်းမပြုလျှင် ဒီဦးလေးက ထုတ်လုပ်စရိတ်ကျခံ၍ ထုတ်ဝေ ပေးမည်ဟု ကတိပြုထား သဖြင့် ကျေနပ်အောင်တော့ ပြုလုပ်ရမည်မှာ မိမိ၏ဝတ္တရားပင် မဟုတ် ပါလား။

"ကဲ...ဒီတစ်ခါတော့ ကျွန်တော်ကြိုက်တဲ့ ရသစာပေ မျိုးကို ရေးခွင့်ပေးပါ ဦးလေးရယ်၊ ဒီစာအုပ်ကို လူတွေ မကြိုက်ရင် နောက်တစ်အုပ်ကစပြီး ဦးလေးကြိုက်တဲ့ဟာမျိုးကို အင်္ဂလိပ်ဝတ္ထုတွေက ခိုးချပြီး ရေးပါ့မယ်"

ဤတွင် ဦးညွန့်မောင်ကြီးသည် ကျေနပ်လွန်း၍ တဟားဟား ရယ်ကာ စားပွဲကိုပင် လက်ဝါးကြီးနှင့် ပုတ်မိတော့၏။

"ဒီလိုမှပေါ့ ခင်မောင်ဦးရ၊ မင်း နေ့ချင်းညချင်း ကားစီး ရမယ်၊ နောက်ပြီး မင်းရဲ့ ကလောင်နာမည်ကိုလည်း ပြောင်း ပစ်ရမယ်"

"ဘယ်လိုပြောင်းရမလဲ ဦးလေး"

"လောင်ချာ လို့"

ခင်မောင်ဦးသည် ရှုံ့သွားမိတော့၏။ ရင်ထဲတွင်လည်း ဤဝတ္ထု တစ်ပုဒ်တည်းနှင့် နာမည်ကျော်အောင် ရေးတော့မည်ဟု သန္နိဋ္ဌာန်ချမိသည်။ ဤဝတ္ထု လူကြိုက်မများလျှင်ကား အလိုလေး...ရှေ့ဆက်တွေးရမည့် တောင် ရှုံ့မိသည်။ ရှေ့ဆက်တွေးလျှင် မုချ လောင်ချာနှင့် တွေ့ရ၏





တော့မည်ပါတကား။

"အစ်ကို..."

ဦးခေါင်းနှစ်ခုလုံးသည် ခပ်ညုညုအသံကလေး လာရာဘက်ဆီသို့ ချာခနဲလှည့်သွားကြ၏။ အသက်အရွယ်နှင့်စာလျှင် "အစ်ကို"ဟူသည် ခင်မောင်ဦးကိုခေါ်ခြင်းဖြစ်ရာ၏။ သို့သော် တော်စပ်ပုံနှင့်သာ စဉ်ရသည် ဖြစ်သောကြောင့် ခင်လှမျိုးသည် သူ့ယောက်ျား ဦးညွန့်မောင်ကို ခေါ်လိုက် ခြင်းသာ ဖြစ်ပေသည်။ သံသရာတွေလည်လိုက်မှဖြင့် မိမိထက်ငယ်သူ ကိုပင် ခင်မောင်ဦးသည် အဒေါ်တော်နေရတော့၏။

"မျိုး ဒန်းစီးချင်တယ် အစ်ကိုရယ်"

ဟိုလူကြီးကား ပျာယီးပျာယာပင် ဝေါက်ခနဲပါသွားရတော့သည်။ ကောင်းပါ၏။ ယခုမှ စာကို ဖြောင့်ဖြောင့်ရေးရပါတော့မည်။

နှစ်ကြိမ်တိုင်တိုင် ချီးကျူးခြင်းကို ငြင်းဆန်သူသည် နှစ်ကြိမ်တိုင်တိုင် အချီးကျူးခံချင်၍ ဖြစ်သည်ဆိုသကဲ့သို့ ခင်မာမာက ကိုယ့်အချစ်ကို ငြင်းခဲ့စဉ်က ကိုယ်သည် နှစ်ကြိမ်တိုင်တိုင် ထပ်၍ ချစ်ရေးဆိုစေချင်လို့ဟု မိုက်မဲစွာထင်မြင်မိခဲ့သည်။ ခင်မာမာလို နုနယ်သောအသားအရေပိုင်ရှင်၏ ရင်တွင်းဝယ် ကြမ်းတမ်းသော မာကျောသော အသည်းစိုင်ရှိလိမ့်မည်ဟူ၍ တော့ ဘယ်သောအခါကမှ မယုံကြည်မိခဲ့။ ဒါပေမဲ့ ဦးနှောက်ကို နှလုံး သားက လှည့်စားတတ်သည်မှာ ဓမ္မတာမို့ လက်တွေ့တွင်မှ ခင်မာမာသည် နာမည်နှင့်လိုက်အောင် မာကျောသူတစ်ဦး ဖြစ်သည်ဟု ရင်နာစွာတွေ့ရ တော့သည်။ အို...ကိုယ်မယုံကြည်ချင်ပါ။ ဒါတွေကို ကိုယ် မယုံကြည် ချင်ပါ။ အတိတ်ကကိုယ်သည် ကိုယ့်ကိုယ်ကို လှည့်စားခဲ့သူ ဖြစ်ခဲ့ရသည် ဆိုလျှင် နောင်တမရနိုင်ပါ။ ရှေ့သို့လည်း ဆက်၍ ကိုယ့်ကိုယ်ကို လှည့်စား

နေပါဦးမည်။ ခင်မာမာ မင်းအတွက် ကိုယ့်မှာ ပေးဆပ်စရာမျက်ရည်တွေ မခန်းသေးသရွေ့တော့ မင်းဟာ ကိုယ့်အသည်းထဲမှာ ကြီးစိုးချေဦးပေါ့။ လှတာယုံလို့ မြပဝါခြုံထားတဲ့ မယ်သီတာလေးရေ။ ကိုယ်ကတော့ ဘယ်တော့မှ ရာမမင်းဦးခေါင်းကို မစွပ်နိုင်။ ကိုယ်မစိမ်းနိုင်သရွေ့ မင်းအနိုင်ယူဦးပေါ့ ခင်မာမာ။

ခင်မောင်ဦးသည် ရှေ့ဆက် ဖွဲ့နွဲ့ဖို့အတွက် ဦးနှောက်လန်းဆန်းစေ အာရုံပြောင်းသည့်သဘောဖြင့် ပြတင်းကိုကျော်၍ ခြံထဲသို့ လှမ်းကြည့်လိုက်သည်။

မတော်တရော်ပါကလား။ ဒန်းတစ်ခုတည်းတွင် နှစ်ယောက်သား တွဲ၍စီးနေကြ၏။ ဒါမျိုးတွေ မျက်စိက ရှိုးသည်အထိတော့ ခင်မောင်ဦး သည်းခံစောင့်ရပေဦးမည်။ ဒန်းကြိုးချည်ထားသည့် သစ်ကိုင်းကြီးမှာ လူနှစ်ယောက်ဝန်ကြောင့် အိပဲ့အိပဲ့နှင့် ညွတ်ကျော့ညွတ်ကျော့ဖြစ်နေသည်။ အင်း...သံသရာတွေလည်လိုက်မှဖြင့် သားအဖ ဒန်းတွဲစီးသလား ထင်မှတ်ရသည်။ ခင်မောင်ဦးသည် ချက်ချင်းပင် စာကိုဆက်၍ ရေးနေလိုက်ပြန်သည်။

အာရုံပြောင်းသည်ဆိုသည်မှာ တည်တည်ငြိမ်ငြိမ်ကိုပြောင်းမှ ကောင်း၏။ ခုလို လှုပ်ရှလှုပ်ရှကို ပြောင်းရသည့်အခါ အလွန်အာရုံပျက်တတ်သည်။

ခင်မာမာတစ်ယောက်ကတော့ မြစ်တစ်လျှောက်က ဒိုက်ပင်ပမာ ငြိတွယ်ရာ မက်မောတတ်သူပါ။ ကျူရိုးရှင်၏ပလွေမှာ လွမ်းတေးကို သီနေပေမယ့် မဗေဒါတစ်ယောက်ကတော့ အိပဲ့ အိပဲ့နဲ့...။

"အို...တောက်၊ ဘယ့်နှာတွေ ရေးမိပါလိမ့်နော်"



ခင်မောင်ဦးသည် ရှုးရှုးရှဲရှဲဖြစ်သွားကာ လက်ထဲမှဖောင်တိန်ဖြင့် "အိပဲ့ အိပဲ့"ဟူသောနေရာကို တဂျစ်ဂျစ်ခြစ်ပစ်လိုက်သည်။

"မဗေဒါတစ်ယောက်ကတော့ ခုနစ်ထွေအကကိုသာ မက်မောသည်။ ဟော...ဇော်ဂျီ၊ ဟော...ဓားလုလင်၊ ဟော...ဟာနုမာန်။ အို...ခင်မာမာ။ မင်းတို့ မိန်းမတွေရဲ့အသည်းဟာ ပန်းပြားပင်က အရွက်ကလေးတွေများလား ခင်မာမာ"

"အမေ့"

"ဟိုက်...ကျပဟ"

"ဂွတ်"

မျက်ရည်သံဟူသည် "အမေ့"ဟူ၍လည်း မမြည်နိုင်။ "ဟိုက်...ကျပဟ"ဟူ၍လည်း အသံမထွက်နိုင်။ "ဂွတ်"ဆိုသည်ကား ဝေလာဝေ...ကြောင့် ထိုအသံများသည် သူ့ဝတ္ထုထဲက ထွက်လာကြသောအသံများချေ။

ပြတင်းပေါက်အပြင်မှ လာခြင်းသာဖြစ်သည်။

"ဟယ်...သစ်ကိုင်းကျိုးကျပြီထင်တယ်"

ခင်မောင်ဦးသည် စိတ်ကူးယဉ်နှင်းငွေ့များပြယ်၍ လက်တွေ့လောက နေမင်းကြီးကို ရင်ဆိုင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အသိတရားများဝင်လာကာ လက်ထဲက ဖောင်တိန်ကို ဆတ်ခနဲပစ်ချပြီး စားပွဲပေါ်မှတစ်ဆင့် ပြတင်းပေါက်မှ ခြံထဲသို့ လျင်မြန်စွာခုန်ချလိုက်တော့သည်။

တမင်တကာမလုပ်သည့်တိုင်အောင် မထင်တာတွေက ဖြစ်တတ်၏။ ပြတင်းပေါက်ဘောင်တွင် ပြတင်းခန်းဆီးတပ်ရန် ရည်ရွယ်၍ ရိုက်ထားခဲ့သည့် သံချောင်းတွင် ခင်မောင်ဦး၏လုံချည်မှာ ငြိလိုက်ရာ ခင်မောင်ဦးမှာ

မြေသို့မကျဘဲ လုံချည်ကွင်းသိုင်းနှင့် တွဲလွဲကလေးဖြစ်နေသည်။ ဓာတ်ထဲမှ သိကြားမင်းသည် လူ့ပြည်သို့ ဘောင်းဘီတိုကလေးနှင့် ဆင်းလာဟန် သရုပ်ဆောင်နေသည်နှင့် တူသေးတော့၏။

လုံချည်ကွင်းကိုကိုင်၍ ဦးခေါင်းမှလျှို၍ ဖြုတ်ချလိုက်မှ သူသည် မြေကြီးပေါ်သို့ ဖုတ်ခနဲကျလာသည်။ ကြာကြာငိုင်မနေပါ။ ကျေးဇူးရှင်ကြီး ဦးညွန့်မောင်ထံ အကူအညီပေးဖို့ ပြေးလာခဲ့သည်။

သို့ရာတွင် အနားသို့ရောက်သောအခါတွင်ကား ကျိတ်ကြောင်တောင် နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေမိ၏။

ကြည့်ပါဦးလော့၊ နှစ်ယောက်သား မြေကြီးပေါ်တွင် ပိုးလိုးပက်လက် လန်နေကြသည်။ ဦးညွန့်မောင်၏လက်တစ်ဖက်နှင့် ခြေတစ်ဖက်မှာ ခင်လှမျိုးပေါ် ပိနေသည်။ ခင်လှမျိုး၏ ထဘီစမှာ လန်တက်၍ ဒူးတွေ ပေါင်တွေ ပေါ်နေ၏။

အားနွဲ့သူမိန်းကလေးကို အရင်ထူပေးမည်ဟူသော စိတ်ကူးဖြင့် ခပ်စန့်စန့်ကြီးသွားကြသော ခင်မောင်ဦး၏လက်နှစ်ဖက်မှာ ညိုပြေပြေ ချောမွတ်သော ခင်လှမျိုး၏ ဒူးကြီးနှစ်ဖက်အား ရောက်သောအခါ တီကို ဆားနှင့်တို့လိုက်သလို တွန့်ပြန်လာခဲ့ရ၏။ သို့ဖြင့် ခင်မောင်ဦးသည် ဘေးကင်းရန်ကင်းပင် ဦးညွန့်မောင်ဘက်သို့ လက်ဦးလှည့်ပြန်သည်။ သို့သော် ခေါင်းထဲသို့ စိတ်ကူးတစ်မျိုးဝင်လာပြန်၏။ ခင်လှမျိုးမှာ ငယ်ရွယ်သူ ဖြစ် သဖြင့် ဒူးတွေပေါင်တွေ ပေါ်နေခြင်းကို ရှက်ရော့မည်။

ထို့ကြောင့် ထဘီစကို ပြန်ဆွဲချပေးဦးမှဟု ကြံ၍ လက်များသည် ခင်လှမျိုးဘက်ဆီသို့ ကွေ့၍လာပြန်၏။ တစ်ဖန် ခြေသလုံးချောချော၊ ပေါင်ချောချောကြောင့် လက်တွေ တွန့်ကုန်ပြန်သည်။





"ဟိတ်...မြန်မြန်ထပါကွ"

ဦးညွန့်မောင်က ခပ်ဆတ်ဆတ်အော်လိုက်သောအခါ ခင်မောင်ဦးသည် ရုတ်တရက် ပျာသွား၍ လုပ်မိလုပ်ရာ ဦးညွန့်မောင်၏ ခြေနှစ်ဖက်ကို ခြေချင်းဝတ်မှဆုပ်ကိုင်ကာ အတင်းဆွဲထူလေတော့၏။

"ဟကောင်ရ၊ အဲဒီလိုလုပ်ရင် ငါ တစ်တီတူး ဖြစ်တော့မှာပေါ့ဟ"

ဦးလေးဖြစ်သူက သတိပေးမှ ခင်မောင်ဦးသည် အတော်ကလေး ကြွတက်လာပြီးဖြစ်သော ခြေနှစ်ချောင်းကို ဆတ်ခနဲ လွှတ်ချလိုက်သည်တွင် ခြေတစ်ချောင်းမှာ ခင်လှမျိုး၏ဗိုက်ပေါ်သို့ ကျသွားလေ၏။

"သေပါပြီတော့်"

သေပါပြီ ဆိုပါကလား။ ခင်မောင်ဦးသည် ပို၍ပင်ပျာသွားကာ ဦးညွန့်မောင်၏လည်ပင်းကို လက်နှစ်ဖက်နှင့်ညှပ်၍ ဆွဲထူလိုက်မိတော့သည်။

ခင်မောင်ဦးက လက်လွှတ်လိုက်လျှင် လွှတ်လိုက်ချင်း ဦးညွန့်မောင်သည် သနားစဖွယ် မိမိလည်ပင်းလေးကို မိမိလက်ကလေးနှင့် ကြင်နာစွာကိုင်၍ ဇက်ကို ဘယ်ညာလှည့်လိုက်၏။

"ထူမယ့်ထူတော့လည်း လည်ပင်းညှစ်သတ်မယ့်အတိုင်းပဲ၊ ဘာကြောင်နေတာလဲကွ၊ ကြည့်ကောင်းလို့ ကြည့်နေတာလား"

"အို..."

ခင်လှမျိုးက သူ့ဘာသာသူ ထဘီစဆွဲဖုံးကာ မတ်တတ်ရပ်လိုက်လေသည်။ ဤတွင်မှ ဦးညွန့်မောင်က သတိရသွားသည်။

"ဟာ...ငါပြောတာက တို့လိမ့်ကျတာကို ကြည့်ကောင်း

လို့ ချက်ချင်းမထူတာလားလို့ ပြောတာပါကွာ၊ အလို...
အိမ်ထဲကနေ ဒီကိုလာတာမှာ စရိတ်ကြီးလို့ မင်းက ပုဆိုး
ချွတ်ပေါင်ခဲ့ရသလား"

ခင်မောင်ဦးက ရှက်ကိုးရှက်ကန်းနှင့် သူ့ခြေထောက်များကို ငုံ့ကြည့်မိသည်။ ဘောင်းဘီတိုကလေးပါနေ၍ တော်ပါသေး၏။ သံသရာများလည်လိုက်မှဖြင့် လူစင်စစ်က မျောက်ဖြစ်ရသေးသည်။

"မင်းပုဆိုးက ဘယ်မှာတုံး"

"ဟိုမှာပါ"

ခင်မောင်ဦးသည် ပြတင်းပေါက်ဆီသို့မှန်း၍ လက်ညှိုးကို အရင်ထိုးညွှန်ပြီးမှ လူက လှည့်လိုက်သည်။ မှားချင်ပြီဆိုလျှင် လုပ်နေကျအလုပ်မျိုးကလေးတွေကပင် တလွဲတချော်တွေ ဖြစ်တတ်ရ၏။

သူ့နောက်မှနေ၍ လူစုံစုံမြင်သည်နှင့် ကွေ့ဝင်လာသော လူငယ်လေးတစ်ဦး၏ ပါးစပ်ထဲသို့ ခင်မောင်ဦး၏လက်ညှိုးကြီးမှာ စွတ်စွတ်ရွတ်ရွတ်ဝင်သွားလေရာ လူငယ်မှာ ယောင်၍ကိုက်မိပြီးမှ လျှာနှင့်ထိုးထုတ်သည်။

"ဒီမှာခင်ဗျ"

လူငယ်သည် ပြောမိပြောရာ ပြောလိုက်၏။ ဦးညွန့်မောင်ကား အံ့အားသင့်သွားမိတော့သည်။

"မင်းက သူ့ပုဆိုးကို ဘာလို့ယူထားတာလဲ"

လူငယ်သည် မျက်လုံးမျက်ဆန်တွေ ပြူးသွားရတော့သည်။

"ဗျာ...ဘယ်သူ့ပုဆိုးမှ ကျွန်တော် မယူပါဘူးဗျ၊ ကျွန်တော်က စာပို့လုလင်ပါ၊ စာနှစ်စောင်ပေးစရာ ရှိလို့လာတာ၊ ဟောဒီကအစ်ကိုက ကျွန်တော့်ပါးစပ်ထဲကို လက်ညှိုးကြီးနဲ့





ထိုးထည့်တယ်"

"မတော်လို့ ဖြစ်တာပါကွာ၊ မင်းက နောက်က ရောက်နေတာမှ ငါမသိဘဲ၊ ရမ်းပြီး လက်ညှိုးထိုးလိုက်တာ မင်းပါးစပ်ထဲ ဝင်သွားတာပါ၊ မင်းကလည်း ဘာဖြစ်လို့ စွပ်ကိုက်ရတာလဲကွ"

ဤအမေးကိုတော့ ဦးညွန့်မောင်က စာပို့လုလင်လေးကိုယ်စား ဝင်၍ ဖြေကြားလိုက်ပါသည်။

"မုန့်လက်ညှိုးမှတ်လို့ ထင်ပါရဲ့ကွာ"

စာပို့လုလင်ကလေးသည် ဘာမျှပြန်မပြောတော့ဘဲ ခပ်ပြုံးပြုံးနှင့်ပင် စာနှစ်စောင်ကို ထုတ်ပေး၍ ပြန်ထွက်သွားလေ၏။

စာတစ်စောင်ကား ခင်မောင်ဦးဖို့ဖြစ်ပြီး ကျန်တစ်စောင်မှာမူ ဦးညွန့်မောင်အတွက် ဖြစ်လေသည်။ တူဝရီးနှစ်ယောက်သည် စာများကို ကပျာကယာပင် ကိုယ်စီဖောက်ဖတ်ကြ၏။

ဦးညွန့်မောင်၏စာမှာ ရန်ကုန်မှညီမဖြစ်သူ ဒေါ်သိန်းဟန်ထံမှဖြစ်ပြီး စာထဲတွင် လက်ထပ်ပွဲတုန်းက မလာဖြစ်၍ ယခုမှပင် ယောက်မကိုလည်း တွေ့၊ အလည်အပတ်သဘောမျိုးလည်း ဖြစ်ရန်အတွက် ယောကျ်ားဖြစ်သူ ဦးဆန်းထူးကို ရုံးမှ ခွင့်တစ်လယူခိုင်းပြီး လာကြမည်။ သမီးဖြစ်သူ သန္တာဆန်းကိုလည်း ခေါ်ခဲ့မည် စသည်ဖြင့် ပါရှိ၏။ ခင်မောင်ဦးမှာ ဦးညွန့်မောင်၏ ကွယ်လွန်သူဇနီးဟောင်း ဒေါ်ဘုတ်ဆုံ၏တူသာ ဖြစ်သောကြောင့် သူ့အကြောင်းကို ဒေါ်သိန်းဟန်က မရေးချေ။

ခင်မောင်ဦးအတွက် စာမှာကား ဆောင်တော်ကူးစာပေတိုက်မှဖြစ်၍ ပေးပို့လိုက်သော ဝတ္ထုစာမူအားလုံးကို ဖတ်ကြည့်ရာ အလွန်နှစ်ခြိုက်ပြီး

စွဲလမ်းမိ၍ ကျန်ရှိသော စာမူလေးပုံတစ်ပုံကို အမြန်ရေးသားပေးပို့စေလိုကြောင်း၊ မိမိတိုက်မှပင် စရိတ်စက တာဝန်ယူ၍ ထုတ်ဝေမည်ဖြစ်ကြောင်း၊ စာမူခကို ဆယ့်နှစ်ရာခိုင်နှုန်း ပေးမည်ဖြစ်ကြောင်းများ ပါရှိ၏။

တူဝရီးနှစ်ယောက်စလုံးမှာ စာတွေဖတ်၍ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေရာ ဘာကိုမှ မဖတ်ရသော ခင်လှမျိုးမှာ တစ်ယောက်စီ၏ မျက်နှာတွေကို ကြည့်ပြီး အားမလိုအားမရ ဖြစ်လာလေ၏။

"ဘာစာတွေများတုံး"

"ဪ...မသိန်းဟန်တို့"

"ဆောင်တော်ကူးကပါ"

"ရှင်...မသိန်းဟန် ဆောင်တော်ကူးမလို့တဲ့လား"

"ဟာ...မျိုးကလည်း ကြံကြံဖန်ဖန်ကွာ၊ ဆောင်တော်ကူးက မင်းနဲ့မဆိုင်ဘူး၊ မသိန်းဟန်က ဆိုင်တယ်၊ လာ... အိမ်ထဲကျတော့ ငါပြောပြမယ်"

ဦးညွန့်မောင်က ပြောပြောဆိုဆိုနှင့် ခင်လှမျိုး၏လက်မောင်းကို ဆွဲ၍ ခေါ်ငင်သွားလေ၏။ သူတို့ကဲ့သို့ပင် ခင်မောင်ဦးသည်လည်း အိမ်ထဲသို့ပင် ပြန်၍ဝင်ရမည်ဖြစ်သည်။ သို့သော် သူကား ဆင်ဝင်အောက်သို့ ခြေဦးကိုမတည်ပါ။ ပြတင်းပေါက်ဆီသို့သာ ခြေဦးတည်ရပါတော့သည်။ ဒါမှ သူသည်လည်း လူတန်းစေ့လုံချည်ကလေးနှင့် ဖြစ်နေမည် မဟုတ်ပါလား။

* * *





ခင်မောင်ဦးသည် စာပေတိုက်မှ စာကြောင့် အထူးအားတက်ကာ ထွေကို အမြန်ပင် အပြီးသတ်၍ ပေးလိုက်သည်ဖြစ်ရကား မကြာ ာက်ဆောင်စာအုပ်များပင် သူ့ထံသို့ပြန်၍ရောက်လာပြီဖြစ်၏။

သူ့အနေဖြင့် လုံးချင်းတစ်ခါမျှ မရေးဖူးသဖြင့် ပထမဆုံး လုံးချင်းကို တွေ့ရသောအခါ အလွန်ပင်ဝမ်းသာရွှင်လန်း အားတက်မိသည်။

"ကျေနုပ်နေရုံနဲ့ မပြီးသေးဘူး၊ ကြိုးစားဦးမှ"

မိမိကိုယ်မိမိ သတိပေးကာ နောက်တစ်ပုဒ်ကို ထပ်၍ရေးပြန်၏။

တစ်နေ့လုံး စာရေးရသည်မှာ ညောင်းလာပြီဖြစ်သည်ကတစ်ကြောင်း၊ ဦးနောက်သည်လည်း ပင်ပန်းလာပြီဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ညနေစောင်းတွင် ခြံထဲသို့ဆင်းလာခဲ့၏။

ခြံဝနားသို့ရောက်သောအခါ ပန်းရုံလေးတစ်ရုံမှ သစ်ရွက်တစ်ရွက်ကို အမှတ်မထင် မျက်စိများက ရောက်သွားမိသည်။

မျက်လုံးများပြူးသွား၏။

အမွေးစုတ်ဖွားနှင့် ခူကြီးတစ်ကောင်ကို မြင်ရသည်။ ထိုခူမျိုးကို သူသည် မြင်ရလျှင် ရင်ထဲတွင် ရွံ့လည်းရွံ့၊ ကြောက်လည်းကြောက်သော စိတ်ဝေဒနာကို ခံစားရမြဲဖြစ်၏။ သို့သော် မျက်စိများက လွှဲ၍မရသည့် အပြင် ကြည့်လည်းကြည့်ချင်တတ်သည်။ သို့ဖြစ်၍ ခင်မောင်ဦးသည် ခါးကိုကိုင်း၍ ခူကြီးကို ကြည့်သည်။

ထိုအချိန်တွင် ခြံဝသို့ လူတစ်အုပ်ရောက်လာသည်။ စာအုပ်သည် အရေအတွက်တစ်ခုတည်းရှိမှ စာအုပ်ဟုသုံးလို့ရသည်။ သို့သော် လူသည် တစ်ထက်များ နှစ်ထက်လည်းများမှ တစ်အုပ်ဟု သုံးကြ၏။ ထူးပေစွ။

အဆိုပါလူတစ်အုပ်မှာ အသက် ၄၄ နှစ်ခန့် မျက်မှန်နှင့် ယောကျ်ား

ကြီးတစ်ယောက်၊ အသက် ၄၀ ခန့် မိန်းမကြီးတစ်ယောက်နှင့် အသက် ၂၀ နှစ်ခန့် မိန်းမပျိုကလေးတစ်ယောက်၊ ပေါင်း သုံးယောက်တိတိ ဖြစ်လေသည်။ သူတို့တွင် အထုပ်အပိုးများပါသည်ကိုထောက်၍ ခရီးသည်များဖြစ်ကြောင်းကို သိနိုင်ချေ၏။

လူကြီးသည် ဦးဆောင်၍ဝင်လာပြီး လက်ထဲမှ ထီးဦးနှင့် ခပ်ကိုင်းကိုင်းလုပ်နေသော ခင်မောင်ဦး၏ခါးကို နောက်မှ လှမ်းထိုးကာ...

"ဟိတ်...မောင်ရင်"

ဟု ခေါ်လိုက်သည်တွင် ရွှံ့ကြောက်ကြီးဖြစ်သောစုကို ကြည့်နေခိုက်ဖြစ်သော ခင်မောင်ဦးမှာ စအိုကို မိုးကြိုးပစ်ခံရသကဲ့သို့ ရင်ထဲတွင် ဒိုင်းခနဲဖြစ်သွားပြီး ခုန်၍လှည့်ကာ နင်းကန်လည်းအော်လိုက်သည်။

"အောင်မလေးဗျ"

"ဟဲ့..."

လူကြီးကလည်း ယောင်အော်ကာ ခုန်လိုက်ပြန်သည်။

ခင်မောင်ဦးမှာ လူတွေကိုမြင်မှ သတိရပြီး တစ်ဦးစီကို ကပျာကယာ ကြည့်လိုက်သည်။ မိန်းမပျိုကလေးကို မြင်မိသောအခါတွင် သူ့ရင်ထဲတွင် အသက်ရှုရပ်သွားသလိုထင်ရ၏။ အခြားသူ၏မျက်စိများတွင် ဤမိန်းမပျိုသည် ရွက်ကြမ်းရေကျိုသာ ဖြစ်ပါလိမ့်မည်။ သူ့အမြင်တွင်ကား လှပချောမောလိုက်သည့်ဖြစ်ခြင်း။ ပြီးတော့ ကျက်သရေမင်္ဂလာကလည်း အလျှံပယ်ဖြစ်နေသည်ဟု ထင်လိုက်မိသည်။ ရေစက်ပဲခေါ်ခေါ်၊ ရေလှောင်ကန်ကြီးပဲခေါ်ခေါ်၊ ဤမိန်းမပျိုကို မြင်လိုက်ရသည်တွင် ခင်မောင်ဦး၏ ရင်ထဲတွင် ဗလောင်ဆန်လှတော့သည်။ ကိုယ့်မေတ္တာကိုလည်း ဖောဖောသီသီကြီး ပေးပစ်လိုက်ချင်၏။ သူ့မေတ္တာကိုလည်း ကတ်သတ်ခြစ်ယူ





ချင်၏။

ခင်မောင်ဦး၏မျက်နှာမှာ အလွန်ချိုသွားပြီး ပြုံးဖြီးဖြီးနှင့် ဖြစ်လာလေ၏။

"ဟော့ သူငယ်၊ ငါက ခေါ်တာပါကွ၊ ဘာလဲ... မင်း မျက်စိက စောင်းနေသလားဟေ့"

လူကြီးက စကားပြောလိုက်မှ ခင်မောင်ဦးသည် ဖြန်းခနဲ သတိတွေ ပြန်ဝင်လာကာ လူကြီးဘက်သို့ မျက်နှာပိုးသတ်၍ လှည့်လိုက်ရသည်။

"ဩော်...ဟုတ်ကဲ့ ခုနဲ့တွေ့ချင်လို့လား"

လူကြီးသည် ခင်မောင်ဦးကို ကရုဏာသက်စွာနှင့် ကြည့်လိုက်၏။

"ဩော်...မောင်ရင်က စကားလည်း မပီဘဲကိုး၊ ဘယ်သူနဲ့ တွေ့ချင်သလဲလို့မေးတာ ဖြစ်မှာပေါ့ ဟုတ်လား"

မထူးတော့ပြီ။ ချော်လဲမှတော့ ရော၍ပင် ထိုင်ချရတော့မည်။

"ဟုတ်ကဲ့၊ ရေစက်...ဟုတ်ပေါင်၊ ရှိပါတယ်ခင်ဗျ၊ အထဲမှာ ရှိပါတယ်၊ တွေ့ချင်တယ်မဟုတ်လား"

ဤတစ်ချိတွင်တော့ လူကြီးခမျာ ဘာထင်ရမှန်းလည်း မသိတော့။ ဘာတွေပြောမှန်းလည်း မသိတော့ချေ။ သူ့ဉာဏ်ကလေး တစ်ထွာအောက်က မမီလောက်သည့်စကားတွေပါတကား။

မိန်းမပျိုသည် ခင်မောင်ဦးကို ကြည့်နေသည့်ပုံမှာ ခင်မောင်ဦးက ကိုကြည့်နေဘိ၏သို့ ရှိလှသည်။ ပြီးတော့ နှုတ်ခမ်းကို မဲ့ရွဲ့၍ အနားက အဒေါ်ကြီးကို ရည်စူး၍ပြောလိုက်၏။

"စပ်ဖြီးဖြီးနဲ့ သူက ဘယ်သူတုံး မာမီ"

အဒေါ်ကြီးက ဘာပြောရမှန်းမသိဖြစ်နေစဉ် လူကြီးက ဝင်ပြော၏။

"ကိုညွန့်မောင်ရဲ့ ထမင်းချက်ဖြစ်မှာပေါ့ သမီးရယ်..."

ခင်မောင်ဦး တွန့်ခနဲဖြစ်သွားတော့သည်။

"တူ...ခင်ဗျ၊ တူ...တူ"

"မင်းက ပုန်းပြီဆိုပါတော့၊ ဒါထက် ဘယ်သူနဲ့ ကစားနေတာလဲကွ"

"ဦးလေး ကျွန်တော်ဟာ ထမင်းချက်မဟုတ်ဘူး"

"ဒါဖြင့် ဘာချက်သလဲ"

"ဟိုဟာ ဘာမှမချက်ဘူး"

"ဒါဖြင့် ခြံအလုပ်သမားပဲ"

"စွပ်စွဲလှချည်ကလားခင်ဗျာ၊ ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့တူခင်ဗျ"

ခင်မောင်ဦးက ဤသို့ပြောလိုက်သောအခါ လူကြီးက ဘာမှဖြ မသွားဘဲ မိမွေးတိုင်း ဖမွေးတိုင်း ဣန္ဒြေမပျက် ရှိနေသော်လည်း အဒေါ် ကြီးမှာ ရိုးတိုးရွတ ဖြစ်သွားရတော့၏။

"ဟယ်...ကြားသားမိုးကြိုး မဖြစ်နိုင်ကူး"

ခင်မောင်ဦးသည် အဒေါ်ကြီးဘက်သို့ လှည့်လိုက်ရာ မျက်စိမှ အရှိန်လွန်၍ မိန်းမပျိုဘက်သို့ ရောက်သွား၏။ ရုစ်ခေါက်ချိုးကြီးနှ ဒိန်းခနဲဆိုင်လိုက်ရသဖြင့် အဒေါ်ကြီးဆီသို့ ပြန်ရွှေ့ကြည့်ရသည်။

"ဘာမဖြစ်နိုင်တာလဲ ဒေါ်ဒေါ်"

"မင်းဟာ ကိုကို့တူ မဖြစ်နိုင်ဘူး"

"ကိုကို့တူတော့ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့တူပါ"





"ဒါ...လုံးဝမဖြစ်နိုင်ဘူး"

လူကြီးက ကြားဝင်စေ့စပ်၏။

"ဒီမယ်...မသိန်းဟန်၊ မင်းက ဦးညွန့်မောင်ဟာ တရုတ်လို ခေါက်ဆွဲမစားတတ်ဘူးလို့ ဆိုချင်သပေါ့ ဟုတ်လား"

ခင်မောင်ဦးသည် ပြုံးလိုက်မိသည်။

"ဩော်...ဟုတ်ပါတယ်၊ ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့တူတော့ မဟုတ်ဘူးဆို မဟုတ်ဘူးပေါ့လေ"

လူကြီးက ရှုံ့သွား၏။

"တူမ ဆိုရင်တော့ ငါမယုံနိုင်ဘူးဟေ့"

ခင်မောင်ဦးက ပြုံးရပြန်သည်။

"ကျွန်တော်ဟာ ဦးညွန့်မောင်ရဲ့ ကွယ်လွန်သူ ဇနီးဟောင်း ဒေါ်ဘုတ်ဆုံရဲ့ တူပါခင်ဗျာ"

ဤတွင်မှ ဒေါ်သိန်းဟန်မှာ ဘဝင်ကျသွားသည်။

"ဟုတ်တာပေါ့၊ ကိုကို့တူဆိုရင် ငါ့တူဖြစ်နေမှာကိုး၊ မင်းကြည့်ရတာ ငါ့တူနဲ့ မတူဘူး၊ အဲလေ... မင်းဟာ ငါ့တူမှ မဟုတ်တာ"

"ဩော်...မသိန်းဟန်ကလည်း တူမ မဟုတ်ပါဘူး ဆိုထားမှပဲ"

"ကိုဆန်းထူးကလည်း ဘာတွေဝင်ဝင်ပြီး ခွပြောတယ် မသိဘူး၊ ကျွန်မပြောတာက သူဟာ ကျွန်မရဲ့တူ မဟုတ်ဘူးလို့"

ထိုခဏတွင် ဆင်ဝင်အောက်မှ ဦးညွန့်မောင်ထွက်လာရာ ဝင်းဝနားမှ

လူအုပ်ကိုမြင်သော် ပျာပျာသလဲဖြစ်သွားလေ၏။

"ဟာ...မသိန်းဟန်တို့၊ ကိုဆန်းထူးတို့ပါကလား၊ စာရထားပေမယ့် ရက်အတိအကျမပါဘဲကိုး၊ လာကြ အိမ်ထဲကို လာကြပါ၊ ဝင်းဝမှာ ဘာရပ်လုပ်နေကြတာလဲလို့..."

မိန်းမပျိုက မဲ့ရွဲ့၍ပြန်ဖြေသည်။

"ဘဲပေါက်တစ်ကောင်နဲ့ တွေ့နေလို့ပါ ဦးလေးရယ်"

ခင်မောင်ဦးမှာ ရင်ကိုခွဲ၍ အသည်းကို ဖနောင့်နှင့်ပေါက်လိုက်ခြင်းခံရသလို ဖြစ်သွားသည်။ ဘာမှမသိသူ ဦးညွန့်မောင်ကြီးကတော့ဖြင့် လေအရှိန်ကောင်းနေ၏။

"ဟယ်...ဒါ သန္တာဆန်းမဟုတ်လား"

"မတွေ့ကြတာ ကြာလှတော့ လမ်းတွေ့ရင်တောင်မှ ငါ့တူမ ငါသိမှာမဟုတ်ဘူး၊ အေးကွယ်၊ မင်းတို့ရန်ကုန်လိုတော့ မဟုတ်ဘူးပေါ့၊ ဒီနားမှာ မွေးမြူရေးတွေလုပ်ကြတော့ ဘဲပေါက်ကလေးတွေတင်မကဘူး၊ တစ်ခါတစ်ခါ ဝက်ကြီးတွေတောင် ခြံထဲဝင်လာတတ်တယ်ကွဲ့၊ သတိနဲ့ရှောင်ကွင်းလာရတာပေါ့ ကွယ်"

သန္တာဆန်းသည် ခင်မောင်ဦးကို မျက်စောင်းထန်ထန်ထိုး၍ ချာခနဲလှည့်ကာ အိမ်ဘက်ဆီသို့ လိုက်သွားတော့သည်။ ရေစက်ဆုံခြင်းဟူသည်မှာ နှစ်ဦးစလုံးဘက်က ဖြစ်ထိုက်၏။ ယခုတော့ တစ်ဦးဘက်က ရေစက် တစ်ဦးဘက်က မီးစက်ဖြစ်နေသည်ကတော့ ဘယ်လိုအကျိုးပေးမှန်း မသိချေ။ သံသရာတွေလည်ချင်မှဖြင့် ကံတွေက အရင်မျက်စိလည်ကုန်ကြပုံရသည်။





မကြာမီပင် သူတို့အားလုံးသည် ဧည့်ခန်းထဲတွင် ထိုင်မိကြတော့၏။ ဦးညွန့်မောင်တို့မောင်နှမမှာ ကုလားထိုင်ချင်းလည်း နီးစပ်၏။ ကွဲကွာနေကြသည်မှာ ကြာပြီဖြစ်၍လည်း ဆွေရေးမျိုးရေး စကားတွေကြွယ်နေ၏။ သန္တာဆန်းကတော့ တစ်ယောက်တည်းပင် ခပ်တည်တည်ထိုင်နေ၏။ ခင်မောင်ဦးကို တတ်နိုင်သမျှ မကြည့်ဘဲနေပြီး နံရံပေါ်မှ ရုပ်ပုံတွေကို လျှောက်ကြည့်နေ၏။ ရုပ်ပုံတွေကုန်သောအခါ ပိုးအိမ်တစ်ခုကို စိတ်ပါဝင်စားစွာ ကြည့်နေသည်။ ခင်မောင်ဦးနှင့် ဦးဆန်းထူးတို့မှာ ကုလား ထိုင်ချင်းနီး၍ ဦးဆန်းထူးက ဒေါ်ဘုတ်ဆုံ ကွယ်လွန်ကြောင်း ကြားခဲ့ရသော်လည်း အလုပ်က ခွင့်မရ၍ မလာရကြောင်းမှ စ,ကာ ဒေါ်ဘုတ်ဆုံ၏ ရောဂါဝေဒနာအကြောင်းများကို ဆက်၍ စကားလက်ဆုံကျနေကြ၏။

ထိုအခိုက်တွင် အခန်းပေါက်ဝတွင် ခင်လှမျိုးပေါ်လာသည်။

"ထမင်းပြင်လိုက်တော့မယ်နော် အစ်ကို"

ဦးညွန့်မောင်မှာ စကားထဲ စိတ်ဝင်စားနေသဖြင့် ခင်လှမျိုးအသံကို မကြားဘဲ သူ့ဘာသာသူ စကားဆက်ပြောနေသည်။ ခင်မောင်ဦးမှာလည်း သူနှင့်မဆိုင်သဖြင့် ဦးဆန်းထူးဘက်သို့ လှည့်၍သာ စကားပြောနေ၏။ ပ်စုသော ဦးဆန်းထူးက ခင်လှမျိုးဘက် လှည့်ကာ လှည့်ကာလုပ်နေရာက ခင်မောင်ဦးကို ပြောလိုက်၏။

"ဟော့...ဟိုမှာ မင်းကိုမေးနေတယ်"

"မဟုတ်ပါဘူး ဦးလေးဆန်းရဲ့၊ ဦးလေးညွန့်မောင်ကို လှမ်းပြောနေတာပါ"

"ဟ...ဦးညွန့်မောင်ကို သူ ဒီလိုခေါ်ပါ့မလားကွ"

"ဟာ...ဦးလေးဆန်းကလည်း ဘယ်မိန်းမက သူ့ယောကျ်ားကို ဘဘကြီးလို့ခေါ်တာ ဦးလေးဆန်း ကြားဖူးသလဲ"

ခင်မောင်ဦး၏စကားကိုကြားမှ အပေါက်ဝကွင်ရပ်လာသူမှာ ဘယ်သူဖြစ်သည်ဆိုခြင်းကို ဦးဆန်းထူး ရိပ်မိရတော့သည်။

"ဟယ်...လမ်းမှာတွေ့ရင်တောင် ကိုယ်မရီးကိုယ် မှတ်မိမှာ မဟုတ်ဘူး"

ဦးဆန်းထူးက ကျယ်ကျယ်ပြောလိုက်မှ ဦးညွန့်မောင်မှာ ခေါင်းထောင်ကြည့်မိကာ ရယ်ရယ်မောမောလုပ်လိုက်ရင်း ခင်လှမျိုးကို ထမင်းပြင်ရန် ပြောကြားလိုက်တော့သည်။

သံသရာများလည်ပြီဆိုမှဖြင့် အသက်လေးဆယ်ကျော်ကြီးက အသက်နှစ်ဆယ်ကျော်ကလေးကို "မမ"ခေါ်ရကိန်း ကြုံရတော့၏။

⁂ ⁂ ⁂

တစ်ညလုံး ပက်လိုက်တဲ့ အိပ်မက်တွေ မပြောပါနှင့်တော့။ ခင်မောင်ဦး ဒုက္ခရောက်ချေပြီ။

သူ့အသက်သည် ၂၁ နှစ်ကျော်ပါပြီ။ ၂၁ နှစ်ဆိုသည်မှာ နည်းသည့်အချိန်ကာလ မဟုတ်ပါချေ။ ရက်ပေါင်းခုနစ်ထောင့်ခြောက်ရာကျော်သည့်ပျမ်းမျှခြင်း ဆယ်ရက်တစ်ယောက်နှင့် တွက်လျှင်တောင် မိန်းမပေါင်းခုနစ်ရာကျော်လောက် အနည်းဆုံး တွေ့မြင်ဖူးပါသည်။ တစ်ယောက်ကိုမျှ ဤသို့မဖြစ်ခဲ့။

ဒီ ဘာမဟုတ်သည့် သန္တာဆန်းကျမှ စိတ်တွေ ကယောက်ကယက်





ဖြစ်လှသည်။ ဒီဟာမကလည်း ဝင်ဝင်ချင်း ဆောက်နှင့်ထွင်း ဆိုသလိုတွေ့တွေ့ချင်းကပင် မျက်နှာကို ရှစ်ခေါက်ချိုးပစ်လိုက်သည်။ ရှစ်ခေါက်ချိုးထားသည့် မျက်နှာပုပ်ကြီးကတော့ မလှပါ။ သို့သော် ယင်းမျက်နှာပုပ်ကြီးမှာ မွေးရာပါမဟုတ်သဖြင့် သူ့မျက်နှာလှပသည့်အချိန်ကာလကပို၍များတတ်သည်။ ထိုအစိတ်အပိုင်းကလေးကိုပင် ခင်မောင်ဦး စွဲလမ်းနေခြင်းဖြစ်ပေ၏။

တစ်နေ့လုံး စာတွေတကုပ်ကုပ်နှင့် ရေးနေသည်။

"ရင်ကို ဟင်းလင်းဖွင့်ထားတယ်" စာအုပ်တုန်းက ပရိသတ်ကိုမျက်ရည်ယိုစေခဲ့၏။ ယခု "ချစ်နှာတာရှည်"ဝတ္ထုတွင်ကား ပရိသတ်၏အသည်းတွေကို ဖြန်းဖြန်းကွဲစေပါတော့မည်။ သူကိုယ်နှိုက်ကလည်းအသည်းကလေးမခိုင့်တခိုင်၊ သန္တာတိုးလို့ ယိုင်ခဲ့ရပြီကိုး။

ရေးလက်စဖောင်တိန်ကို ချ၍ ငေးလိုက်မိသည်။ ကြည့်လေတိုင်းတွင်သန္တာဆန်း၏မျက်နှာတွေ ထင်ထင်နေသဖြင့် စိတ်ကျဉ်းကျပ်မိ၏။ ခြံထဲသို့ပင် ရဲရဲမကြည့်ဝံ့ချေ။ မတော်တဆ ခွေးချေးပုံသွားကြည့်မိမှဖြင့်မယ်သန္တာ နံရှာတော့မည်။

သူ့အနားသို့ ဦးညွန့်မောင် ရောက်လာလေ၏။

"အခြေအနေက ဘယ့်နှယ်တုံ့.ကွ"

"ဟာ... အခြေအနေကတော့ ကျွန်တော် သိပ်ကြိုက်နေပြီ"

"မင်းကြိုက်လို့ မပြီးသေးဘူး၊ လူတကာက ဝိုင်းကြိုက်မှဖြစ်မယ်"

"အမလေး ဦးလေးရယ်၊ လူတကာဝိုင်းကြိုက်ဖို့ မပြောနဲ့

စေ့စေ့ကြည့်တာတောင် ကျွန်တော် မခံနိုင်ဘူးလေ"

ခင်မောင်ဦး၏စကားကြောင့် ဦးညွန့်မောင်မှာ မျက်လုံးပြူးသွားရသည်။

"မဟုတ်သေးပါဘူးကွ"

"ဟုတ်သေးပါတယ် ဦးလေးရယ်"

"ဟာ မင်းဝတ္ထုကို လူတွေစေ့စေ့ကြည့်တာတောင် မခံနိုင်ရင် ဘာဖြစ်လို့ ထုတ်ဝေတော့မှာလဲကွ"

"ဩော်...ဦးလေးက ဝတ္ထုအကြောင်းပြောနေတာကိုး"

"ဝတ္ထုအကြောင်း ပြောရမှာပေါ့ကွ၊ မင်းက ဝတ္ထုရေးဆရာကိုး၊ နေပါဦး...အခု မင်းက လိုင်းပြောင်းပြီး ရောဂါပျောက်ကြောင်း ထောက်ခံစာတွေ ရေးနေလို့လား"

ခင်မောင်ဦးသည် မရယ်ချင့်ရယ်ချင် ရယ်လိုက်၏။

"မဟုတ်ပါဘူး ဦးလေးရယ်၊ မပြောမပြီး မတီးမမြည်ဆိုတော့ ပြောရတော့မှာပဲ၊ ဦးလေး စိတ်ဆိုးရင်လည်း ကျွန်တော်ခံမယ်"

"အခု မင်းဟာ ငါ့ကို လူပျိုစကားပြောနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တော့ ဦးလေးရဲ့တူမ သန္တာဆန်းကိုမြင်တာနဲ့ တွေ့တော့တာပဲ၊ အဲလေ...မြင်တာနဲ့ ချစ်မိတော့တာပဲ"

"ဟယ်...ဟယ်...ကောင်မလေးက မင်းထက် ကြီးတယ်ကွ"





"ကြီးပလေ့စေလေ၊ ကျွန်တော်က ကြီးကြီးမှကြိုက်တာ"

"ဟာ...ငယ်ငယ်က ကောင်းတယ်၊ စိတ်ကူးမလွဲနဲ့ ခင်မောင်ဦး၊ ငယ်တာကိုသာ ရှာယူပါ"

"ဘာလဲ...ဦးလေးက ကာဆီးကာဆီးလုပ်တာလား"

ထိုအခိုက်တွင် မမျှော်လင့်ဘဲ ဦးဆန်းထူးကြီးလည်း ရောက်လာခဲ့ရာ သူတို့ပြောနေကြသော စကားအချို့ကို သူကြားလိုက်ရ၏။

"ဘာတွေကြီးတာကြိုက်လို့ တစ်ယောက်ကလည်း ဘာတွေ ငယ်တာရှာယူခိုင်းနေကြတာပါလိမ့်"

ခင်မောင်ဦးမှာ မျက်နှာပူသလိုဖြစ်သွားပြီး ဘာပြန်ပြောရမှန်းမသိဖြစ်သွားရသည်။ သို့သော် မျက်နှာပူစရာအကြောင်းမရှိသော ဦးညွန့်မောင်ကမူ ခပ်တည်တည်နှင့် ပြန်ဖြေတတ်၏။

"ဩော်...အောက်ခံဘောင်းဘီဝတ်တဲ့အကြောင်းပါ၊ ဘောင်းဘီဆိုတာက ကြီးနေရင် ကောင်းမလားကွ နော်..."

"ဘယ်ကောင်းပါ့မလဲ၊ လမ်းသွားရင်း လျှောကျလာလို့ တုပ်ပြီးလဲမှာပေါ့"

"အဲဒါပေါ့ကွ၊ ဒါကြောင့် ငါက ငယ်တာရှာယူပါလို့ ပြောတာပါ"

ဦးဆန်းထူးသည် ခေါင်းကလေးတဆတ်ဆတ်လုပ်ရာက ဆတ်ခနဲ ဦးညွန့်မောင်ကို မျက်လုံးပြူးကြည့်၏။

"ဘောင်းဘီငယ်တာဆိုရင်လည်း ကိုညွန့်မောင်က ဘာဖြစ်လို့ ကာဆီးကာဆီးလုပ်နေရတာလဲ၊ နော်ကွာ... မောင်... မောင်ခင်မောင်ဦး"

ခင်မောင်ဦးဘက် ချက်ချင်းလှည့်လာသဖြင့် ခင်မောင်ဦးမှာလည်း ရယ်ရယ်မောမော့နှင့် ဝင်ရောရသည်။

"ဟုတ်တာပေါ့၊ တကယ်ဆို ဦးလေးဦးညွန့်မောင်ဟာ ဘာမှ ကာဆီးကာဆီးလုပ်နေစရာ မလိုပါဘူးနော်၊ ဦးလေးဆန်း ကရော ကာဆီးကာဆီးလုပ်ဦးမှာလား"

ခင်မောင်ဦးက သူ့အစီပွာယ်နှင့် သူပြောသည်။ ဦးဆန်းထူးကလည်း သူ့ကိုယ်ပိုင်အစီပွာယ်နှင့် သူ နားလည်သည်။ ထို့ကြောင့်...

"ကာလည်း မကာ၊ ဆီးလည်းမဆီးပါဘူးကွာ၊ မင်း သဘောအတိုင်းပဲ၊ မင်းကြိုက်သလိုပဲဟေ့ မင်းကြိုက်သလိုပဲ"

ဦးညွန့်မောင်ကြီးသည် မျက်နှာကြီးရှုံ့မဲ့မဲ့ပြုရင်းက "ဘာမှုလည်း မသိ၊ ဝင်ရှုပ်တာကိုးကွ"ဟုပြောကာ အခန်းပြင်သို့ထွက်ရန် ခြေဦးလှည့် လိုက်သည်။ ခင်မောင်ဦးသည်လည်း သူ ဝတ္ထုရေးနေကြောင်းကို ဦးဆန်းထူး မသိစေလိုသဖြင့် ရောနှောပြီး "ကျွန်တော်လည်း ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်ဦးမယ်"ဟု ထ၍လှမ်းတော့ရာ သူများအခန်းထဲတွင် မကျန်ရစ်ခဲ့လိုသည့် ဦးဆန်းထူးကလည်း "ငါလည်း ဘယ်သွားရမယ် မသိပါဘူးကွာ"ဟုပြောကာ လိုက်ထွက်လာလေတော့သည်။

သူတို့တစ်တွေ ဧည့်ခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် ဧည့်ခန်းထဲ တွင် ရှိနေသော သန္တာဆန်းက မေးလိုက်သည်။

"ဟာ ဦးဦး အတော်ပဲ၊ ဒီစာအုပ်တွေက များလှချည် ကလား၊ ဘာလုပ်တာလဲဟင်"

ဦးညွန့်မောင်သည် သန္တာဆန်း၏လက်ထဲတွင် "ရင်ကို ဟင်းလင်း ဖွင့်ထားတယ်"ဟူသော ဝတ္ထုစာအုပ်ကို ကိုင်ထားမှန်း သိ၏။ သို့ဖြင့်





ရုတ်တရက် နောက်က ခင်မောင်ဦးရှိရာကို လက်ညှိုးထိုး၍ ပါးစပ်မှလည်း "ဟိုကောင်ကွာ..."ဟု နိဒါန်းပျိုးလိုက်သည်။ ခင်မောင်ဦးက မျက်လုံး ကြီးပြူးပြမှ သူ ဝတ္ထုရေးသည်ကို လူမသိစေလိုကြောင်းကို သတိရ သွားသည်။

သန္တာဆန်းကား ဦးညွန့်မောင် လက်ညှိုးညွှန်ရာသို့ မျက်စိကို ရွှေ့၍ လိုက်ကြည့်ရာ မွေးရာပါအပြူးမဟုတ်ဘဲ နေရင်းထိုင်ရင်းက ထပြူးသည့် မျက်လုံးကြီးများနှင့် ရင်ဆိုင်ရလေရာ ဘာမှနားမလည်နိုင်ဘဲ ဦးညွန့် မောင်ကိုပင် ပြန်ကြည့်လိုက်သည်။ ထိုအခါ ဦးညွန့်မောင်သည် လုပ်မိ လုပ်ရာလုပ်ရင်း ဘာကို ဘယ်လိုပြန်ဖြေရပါ့ဟု စိတ်ထဲတွင် စဉ်းစားနေ သည်။ သူ့လုပ်မိလုပ်ရာကား ထိုးလက်စလက်ညှိုးကို ပြန်၍မချဘဲ ခြေဖျား ထောက်၍ ခင်မောင်ဦး၏ ဦးခေါင်းပေါ်ကျော်၍ ထိုးသည်။ ထိုအခါ ဦးဆန်းထူးကလည်း သမင်လည်ပြန်ကြည့်ရာက အားမရနိုင်သဖြင့် နောက် ပြန်လှည့်ကြည့်၏။ သန္တာဆန်းမှာလည်း ခြေဖျားထောက်ကာ ခင်မောင်ဦး ၏ ဦးခေါင်းပေါ် ကျော်ကြည့်သည်။

"ဟိုအကောင်"ဟု ခေါ်လောက်စရာ သတ္တဝါအစအနကို မတွေ့ သဖြင့် ဦးဆန်းထူးသည် ဦးညွန့်မောင်ဘက်သို့ ပြန်လှည့်၏။ ဦးညွန့်မောင် သည် လက်ညှိုးကို ဆက်လက်ထိုးထားပြန်ရာ ဦးဆန်းထူးမှာ မကျေမချမ်း နှင့် ပြန်လှည့်ပြီး တစ်ချက် နှစ်ချက်ပင် ဖောက်ခနဲ ဖောက်ခနဲ ခုန်ဆွ ခုန်ဆွ လှုပ်၍ကြည့် ပြန်၏။

ဤတွင် စိတ်ကူးရပြီဖြစ်သော ဦးညွန့်မောင်သည် လက်ကို ပြန်ချ သည်။

"ဆောင်တော်ကူးစာပေက အကောင်လေကွယ်"

ဦးဆန်းထူးက ဝင်မေးသည်။

"အဲဒီဆောင်တော်ကူးစာပေဆိုတာ ဘယ်မှာလဲ"

"ရန်ကုန်မှာပေါ့ကွ"

"ဩော်...ရန်ကုန်ကို မိုင်ပေါင်းနှစ်ရာကျော်လောက်ကနေပြီး လက်ညှိုးထိုးပြနေတာကိုး၊ ခြေဖျားထောက်ရုံမကဘူး၊ ထုပ်ပေါ်က တွဲလောင်းခိုကြည့်တောင် မြင်မှာမှမဟုတ်တာ"

သန္တာဆန်းကမူ သူသိချင်ရာကို ဆက်၍မေး၏။

"ဆက်ပြောပါဦး ဦးဦးရဲ့၊ သန္တာက ကဗျာတွေ စာပေတွေ ဝါသနာပါတယ်၊ အဲဒီကောင်က ဘာဖြစ်တာလဲ"

"အဲဒီကောင်က ငါ့သူငယ်ချင်းလေ၊ ဒါနဲ့ လက်ဆောင်ပို့ထားတာ"

"ဟာ...ဒါဖြင့် ဖတ်ကြည့်ဦးမယ်၊ ဖတ်လို့ကြိုက်ရင်တူမကို စာအုပ်လက်ဆောင်ပေးရမယ်နော်"

ဦးညွန့်မောင်သည် သူ့ပိုင်ရှင်သဘောထားက ဘယ်လိုလဲဟု သိရအောင် ခင်မောင်ဦးဘက်သို့ မသိမသာကလေး ငဲ့ကြည့်သည်။ ခင်မောင်ဦးက ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သည်ကို သန္တာဆန်းကတော့ မတွေ့ပါ။ အေးနားက ဦးဆန်းထူးကတော့ တွေ့၏။ ဦးဆန်းထူး တွေ့သွားမှန်းလည်း ခင်မောင်ဦး သိသည်။ ထို့ကြောင့် ဆတ်ခနဲ ဆတ်ခနဲ ခေါင်းကိုဆက်ညိတ်ပြီး "အခန်းထဲနေရတာ ခေါင်းထဲမှာ မူးနောက်မူးနောက်နဲ့ ခြံထဲသွားဦးမှပဲ"ဟု တစ်ယောက်တည်းပြောသလိုလို ပြောပြီး ထွက်လာခဲ့လေသည်။

ခြံထဲသို့ရောက်ခဲ့သော်လည်း သူ့တွင် ရည်ရွယ်ချက် မည်မည်ရရ







ရှိပါ။

ထို့ကြောင့်ပင် ခြံဝတွင်ရပ်ကာ ဟိုငေးသည်ငေးနှင့် လုပ်နေသည်။ ချစ်မှ မချစ်ရသေးသဖြင့် လွမ်းတာတော့လည်း မဟုတ်နိုင်ပါ။ သူများနှင့်တူသောအဖြစ်ကို ခံစားနေရခြင်းသာဖြစ်သည်။ ကိုယ်က ချစ်မိရုံနှင့်လည်း သူများဆိုလျှင် ဒါလောက်ဖြစ်စရာမရှိ။ မိန်းကလေးက ပြန်ကြိုက်လိုကြိုက်ငြား မျှော်လင့်ချက်ကလေးနှင့် တရွရွဖြစ်နေရုံသာရှိသည်။ ယခုမိမိမှာမူကား သူက မိမိကို ကြောင်ချေးထက် ရွံမုန်းသလိုဖြစ်နေသည်။ ကြည့်လိုက်တိုင်းပင် ရှစ်ခေါက်ချိုး ချိုးပြနေ၏။ အမှုကို မကျူးလွန်မိကပင် ကြိုးမိန့်ပေးခံရသည်နှင့် တူနေ၏။

သို့ဖြစ်၍ သူ့စိတ်တွေ ရှုပ်ထွေးညစ်ကျုနေသည်။

ထိုအခိုက်တွင်မှ လူရွယ်တစ်ဦးသည် ဘောင်းဘီရှည်ဝတ်၍ လက်မှအထုပ်အပိုးကိုဆွဲကာ သူ့နားရောက်လာသည်။ ခင်မောင်ဦးသည် စိတ်ရှုပ်နေရာကပင် အနားတွင်လာရပ်သူကို တစ်ချက်ကြည့်ပြီး မသိသူဖြစ်သဖြင့် တစ်ဖက်သို့ပြန်လှည့်ငေးနေသည်။ လူရွယ်သည် အိမ်ကြီးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး ခင်မောင်ဦး၏ဝမ်းဗိုက်ကို လက်ညှိုးလေးနှင့် ကုတ်လိုက်သည်။ ခင်မောင်ဦးမှာ ယားကျိကျိဖြစ်သွား၍ နောက်သို့ တစ်ချက်ခုန်ဆုတ်လိုက်ပြီးမှ လှည့်ကြည့်သည်။ လူရွယ်က အိမ်ကြီးဆီသို့ပင် ကြည့်ရင်း ခင်မောင်ဦးကိုမေး၏။

"အထဲမှာ သန် ရှိသလား"

ခင်မောင်ဦးသည် မျက်နှာကို ရှစ်ခေါက်ချိုးလိုက်ကာ ပြန်ပြောသည်။

"မရှိဘူး၊ နာနတ်သီးနဲ့ ပျားရည်တွေ စားထားပြီးပြီ"

လူရွယ်သည် မျက်လုံးပြူး၍ ခင်မောင်ဦးကို လှည့်ကြည့်၏။

"ခင်ဗျားတို့က ဗိန္ဓောဆရာတွေလား"

"ဦးစံရှားဝတ္ထုပေါင်းချုပ်ကို ဖတ်လာတယ်ထင်တယ်၊ ကျွန်တော့်ဝမ်းထဲမှာ သံကောင်မရှိဘူးလို့ ဖြေရုံနဲ့..."

"ဘာတွေလျှောက်ပြောနေတာလဲဗျ၊ ကျွန်တော်မေးနေတာက ဒီအိမ်ကြီးထဲမှာ သန်...အဲ...သန္တာဆန်း ရှိသလားလို့ မေးနေတာဗျ"

ခင်မောင်ဦး၏ရင်ထဲတွင် မီးတောက်သွားသည်။ သန္တာဆန်း၏ အမည်နာမကိုတပ်၍ လာရှာနေ၏။ သူကား မည်သူနည်း။ ဘုရား... ဘုရား၊ သန္တာဆန်း၏ ကြင်သူတော့ မဖြစ်ပါစေနှင့်။

"ခင်ဗျား ဘယ်...ဘယ်သူလဲ၊ ဘုရားတော့ မဟုတ်ပါဘူးနော်"

"ဘာဗျ"

"အဲလေ...ခင်ဗျား သန္တာဆန်းတော့ မဟုတ်ပါဘူးနော်"

"ဟာ...သန္တာဆန်းက မိန်းမဗျ၊ ခင်ဗျား ကျွန်တော့်နာမည် သိချင်သလား"

"နေပါစေတော့ ကျွန်တော်သိချင်တာက..."

"ခင်ဗျား ကျွန်တော့်နာမည်ကြားလိုက်ရရင် အံ့အားသင့်သွားမနော်"

"အလကားနေရင်းလည်း အံ့အားတွေသင့်မနေ ချင်ပါဘူး၊ ကျွန်တော်သိချင်တာက ခင်ဗျားဟာ..."

"ကျွန်တော်ဟာ သမ္ဘာကျော်ပဲဗျ၊ ဘယ့်နှယ် အံ့သြသွားသလား"





"ကမ္ဘာကျော်တဲ့ ဘာဖြစ်လဲ မအံ့သြပါဘူးဗျာ"

"ကမ္ဘာကျော်တာ ပြောတာမဟုတ်ဘူး၊ ကျွန်တော့်နာမည်က သမ္ဘာကျော်ဗျ၊ ဘယ့်နှယ်လဲ အံ့သြမသွားဘူးလား"

"ဘယ်လိုလဲဗျ၊ ကျွန်တော့်ကိုမြင်တာနဲ့ ဒီလူ အံ့သြရမယ်မှချလို့ ဘာဖြစ်လို့ တစ်ထစ်ချကြီး အယူသည်းနေရတာလဲဗျ၊ မအံ့သြဘူးဗျာ၊ မအံ့သြဘူး၊ ကဲ...ဘာလုပ်ချင်သေးလဲ"

"ပန်းချီဝါသနာမပါဘူးလား"

"နဂိုတွင်မကဘူး၊ ပိတုန်းတွေရော၊ ပျားတွေရော၊ ဘာမှ ဝါသနာမပါဘူး"

သမ္ဘာကျော်ဆိုသူသည် ခင်မောင်ဦးကို သနားစရာသတ္တဝါကလေး အဖြစ် မြင်သွားပုံရသည်။

"ကျွန်တော့်ကို ဘယ်သူမှတ်နေသလဲ"

"ကျွန်တော် စိတ်ရှုပ်နေတယ်နော်၊ ခင်ဗျားကပါ လာပြီး ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်မနေနဲ့"

"ကဲ...ကျွန်တော်ပဲ ဖွင့်ပြောပါတော့မယ်၊ ကျွန်တော်ဟာ မကြာခင်မှာ နာမည်လျှမ်းလျှမ်းတောက်လာတော့မယ့် ပန်းချီဆရာလေး သမ္ဘာကျော်ဗျ"

"ခင်ဗျားနာမည်က ဇာတ်မင်းသားလိုလို၊ နတ်ဆရာလိုလိုဖြစ်နေပေမယ့် ကျွန်တော် မအံ့သြဘူးဗျာ၊ ဘာလုပ်ချင်သေးသလဲ ကျွန်တော်သိချင်နေတာက..."

ဤသူသည် သန္တာဆန်း၏ ချစ်သူပေလောကို သူ သိချင်နေ၏။ သို့သော် သူ့စကားကိုဖြတ်တောက်လိုက်သောအသံကား နောက်ဘက်

ခြံထဲကဖြစ်၍ သာယာလှ၏။ သို့သော် ခင်မောင်ဦးကို မိုးကြိုးပစ်သံကဲ့သို့ ခံစားရစေသည်။

"ဟယ်...ကိုကိုကျော် လိုက်လာတယ် ဟုတ်လား"

သမ္မာကျော်၏မျက်နှာမှာလည်း ဘရာဆိုနှင့်ပွတ်ထားသော ကြေးပန်းအိုးကြီးသဖွယ် တလက်လက်ထသွားသည်။

"လိုက်လာရတာပေါ့ သန်ရယ်၊ သန်တို့က ဘယ်လိုပဲ
မျက်ခြည်ပြတ်သွားပေမယ့်လို့ အိမ်က ဒရိုင်ဘာလင်မယားက
သေသေချာချာ လိပ်စာပေးလို့ လိုက်ခဲ့ရတာပေါ့"

သန္တာဆန်းသည် အသံကလေးထွက်အောင် တစ်ချက်ရယ်လိုက်၏။ ခင်မောင်ဦး၏ အသည်းနှလုံးကို ဆင်တပ်ကြီးနင်းသလို ခံစားရသည်။ ဒီငနဲ့အတွက်တော့ ကြည်မျက်နှာ၊ ငါ့မှာတော့ ရှစ်ခေါက်ချိုးဖြစ်နေသည်။ တောက်...ပုပ်လိုက်ပါတော့လား သန္တာရယ်။

"မျက်ခြည်ပြတ်တာ မဟုတ်ပါဘူး ကိုကိုကျော်ရဲ့၊ မင်းကလည်း နယ်ထွက်ပြီး ပုံတွေလည်ဆွဲနေတယ်ဆိုတော့၊ ဖြုန်းခနဲထွက်လာရတာမို့ အကြောင်းမကြားနိုင်တာပါ၊ ကဲ... လာ...အိမ်ထဲဝင်ခဲ့ပါဦး"

သမ္မာကျော်သည် ခင်မောင်ဦးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး မျက်နှာထား ခပ်မာမာနှင့်ပင် သန္တာဆန်းနှင့်ယှဉ်၍လျှောက်ဝင်သွားသည်။ ခင်မောင်ဦးမှာတော့ သန္တာဆန်းနှင့် ယှဉ်၍လျှောက်ရန် အခွင့်အရေးကို မဆိုထားနှင့် သန္တာဆန်း၏နောက်မှ ကုပ်ကုပ်ကလေးပင် လိုက်ခွင့်မရှိပါ။ ကြည့်လေ...၊ ယခု အနားတွင်လာရောက်ပြီး စကားတွေ ရွှန်းရွှန်းဝေပြောနေသည့်တိုင် မိမိကို တစ်ချက်ကလေးမှ မကြည့်။ ဖုတ်လေသည့်ငါးပိ





ရှိသည်' ဟူ၍မျှမထင်။ ရွှင်ပျသည့်မျက်နှာကလေးကိုကား နဂိုနေကလေးနှင့်ပင်မကြည့်။ မျက်နှာမူမှန်နေရမည်ဆိုလျှင် မိမိကိုမကြည့်။ မိမိကို ကြည့်ရမည်ဆိုလျှင်လည်း သန္တာဆန်း၏မျက်နှာသည် မူမမှန်တော့။ အင်း...သံသရာဆိုသည် ကိုယ်လည်ချင်သလို လည်၍မရပါတကား။ ဦးလေးရေ...လာလှည့်ပါဦး။ ကျွန်တော့်သံသရာကြီးက နောက်ပြန်ကြီးများ လည်နေရှာသလား။

"ဟိုခွကျကျငနဲက ဘယ်ကလဲ သန်"

"လူရာမသွင်းစမ်းပါနဲ့ ကိုကိုကျော်ရာ၊ ဒီအိမ်ကြီးနဲ့ ဘာမှ မဆိုင်တော့ဘဲနဲ့ ကပ်ရပ်နေတဲ့ ကပ်ပါးငနဲကြီးပါကွာ၊ ဟား... ဟား..."

ခင်မောင်ဦး၏ရင်တစ်ခုလုံးကို ဆင်တပ်ကြီး နင်းသွားလေပြီ။

❋ ❋ ❋

သုံးလေးရက်ခန့်မျှ ကြာသွားပေပြီ။

ခင်မောင်ဦးအတွက်သော်ကား ဘာမျှတိုးတက်မှုမရှိ။ သန္တာဆန်းနှင့် စတွေ့သောနေ့ကကဲ့သို့ပင် ခင်မောင်ဦးသည် သန္တာ့ကို စွဲလမ်း၏။ သန္တာဆန်းကား ခင်မောင်ဦးကို မျက်နှာသာမပေး။ မျက်နှာပုပ်ကြီးကိုပင် ပေးမြဲဖြစ်၏။ ထမင်းဝိုင်းတွင်သာ ခပ်ကြာကြာကလေးတွေ့ရသည်။ အခြားအချိန်များတွင်ကား မတွေ့ရသလောက်ရှိ၏။ အိမ်ကလည်း ကျယ်၊ ခြံကလည်း ကျယ်သမို့ သန္တာဆန်းသည် ခင်မောင်ဦးကို ရှောင်ရတိမ်းရ လွယ်ကူလှသည်။ ပို၍လွယ်သည်ကား ခင်မောင်ဦးမှာ အောက်ထပ် စာရေးခန်းတွင် စာထိုင်ရေးနေရသော အိမ်တွင်းတွင်ရှိ၏။ တစ်ဖန် ခြံထဲ

ဆိုပြန်လျှင်လည်း အိမ်ရှေ့ခြံဝနားလောက်တွင်သာ လမ်းလျှောက်နေတတ်၏။ ထို့ကြောင့် သန္တာဆန်းအနေနှင့် ခင်မောင်ဦးကို လွယ်လွယ်နှင့် ရှောင်နေနိုင်သည်။

ခင်မောင်ဦးမှာကား စားပွဲတွင်သာ ထိုင်နေရ၏။ စာရေးခြင်းမှာ မတွင်ကျယ်လှချေ။ တချို့နေ့များဆိုလျှင် တစ်နေကုန်မှ တစ်ပိုဒ်လောက်သာပြီး၏။ ချစ်နေရလျှင်လည်း အချစ်ဝတ္ထု ရေးနိုင်မည်။ လွမ်းနေရလျှင်လည်း အလွမ်းဝတ္ထုရေးနိုင်မည်။ ခုတော့ စိတ်တွေညစ်နေသဖြင့် အညစ်ဝတ္ထုကြီးသာ ရေးရတော့မည်ကဲ့သို့ ဖြစ်နေ၏။

ရင်ထဲတွင် သမ္မာကျော်ကို မနာလိုဝန်တိုချင်သလိုလို ဖြစ်မိသည်။ ယခုထက်ထိလည်း သန္တာဆန်းနှင့်ပတ်သက်၍ သမ္မာကျော်သည် မည်သည့်အဆင့်တွင်ရှိသည်ကို ဖမ်း၍မရချေ။ မိတ်ဆွေလိုချစ်သလား။ မိတ်ဆွေထက် ပို၍ချစ်သလား ဝေခွဲ၍မရတိုင်း ရင်ထဲတွင် ကလိကလိနှင့် ကာယကံရှင်တွေကို ပြေး၍မေးလိုက်ချင်သည်။

"သန္တာ...သန္တာ့ရဲ့အသည်းနှလုံးကို ဟိုခွေးမသားကို
ပေးလိုက်ပြီလားဟင်"

နဂိုကမှ ပုပ်နေသော သန္တာဆန်းသည် ဤသို့မေးလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကို ဖိနပ်နှင့်ရိုက်တော့မည် မုချဖြစ်၏။ မဖြစ်သေး။

"ဒီမယ်...ကိုသံပရာကြော်၊ အဲလေ...ကိုသမ္မာကျော်၊
သန္တာဟာ ခင်ဗျားနဲ့ ကြိုက်နေသလားဟင်"

ဤသို့မေးရန်ကလည်းမလွယ်။ ထိုခွေးမသားသည်လည်း ခင်မောင်ဦး၏အပေါ်တွင် ခပ်ထည်ထည်ဖြစ်၏။ စကားမပြောချင်သလို ပြောချင်သလိုဆက်ဆံသည်။ တကယ်တော့ သူ့ကို အပြစ်မဆိုသာပါ။ သန္တာဆန်း





ကိုယ်တိုင်က ခင်မောင်ဦးသည် "ကပ်ပါးငနဲကြီး"ဟု ကင်ပွန်းတပ်ခဲ့သည် မဟုတ်ပါလား။ ရက်စက်နိုင်လွန်းပါတဲ့ သန္တာရယ်။

အောက်ထပ်တွင် သမ္မာကျော်သည်လည်း အလုပ်ခန်းတစ်ခန်း ရ၏။ သူသည် သူ့အခန်းထဲတွင် အီဇယ်ကြီးထောင်၍ ပန်းချီဆွဲနေတတ်၏။ နိုင်ငံခြားသားများသည် သူ့ပုံများကို တော်တော်ကြိုက်သည်ဟု သူကတော့ "အာလူးဖုတ်"သည်။ ဟုတ်,မဟုတ်တော့ မသိနိုင်ပါ။ ယခုလည်း ဘာပုံဆွဲနေသည်ကို ခင်မောင်ဦး မသိ။ သိလည်း မသိချင်ပါ။ သန္တာဆန်းက ပုံဆွဲခြင်းကိုတော့ ဝါသနာပါပုံမရ။ ထို့ကြောင့် သူပုံဆွဲနေစဉ်တွင် သန္တာဆန်းသည် အပေါ်ထပ်တွင် စာဖတ်နေလေမည်ဖြစ်၍ သူတို့ချင်း တပူးတွဲတွဲမရှိနိုင်။ ဒါကလေးကပင် ခင်မောင်ဦးအဖို့ အသက်ရှုချောင်ချင်၏။

ပုံမဆွဲသည့်အချိန်ဆိုလျှင် မျက်စိပင်နောက်ချင်သည်။ မနေ့က ဧည့်ခန်းထဲကမြင်ကွင်းကို ခင်မောင်ဦး မမေ့နိုင်။ မမေ့လို့ သတိရမိတိုင်းလည်း ရင်နာသည်။ သမ္မာကျော်နှင့် သန္တာဆန်းတို့နှစ်ဦးသည် ဧည့်ခန်းတွင် တွဲ၍ထိုင်နေကြသည်။ သမ္မာကျော်၏လက်ထဲမှ ပန်းချီနှင့်ပတ်သက်သော စာအုပ်ကြီးကို နှစ်ယောက်အတူကြည့်နေကြသည်။ စာအုပ်ကိုဖွင့်၍ ကိုင်ထားသော သမ္မာကျော်၏လက်သည် သန္တာဆန်း၏ပေါင်ပေါ်ကို ထိနေသည်။ သန္တာဆန်းကတော့ ပြုံးပြုံးပင်ရှိနေ၏။ သူတို့နှစ်ယောက်သည် ချစ်သူတွေပင် ဖြစ်ကြရာသည်။

"ဖေတာက်..."

အနားသို့ချဉ်းကပ်လာသော ဦးညွန့်မောင်မှာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါသွားအောင်ပင် လန့်သွားမိသည်။

"လန့်လိုက်တာကွာ၊ မင်းက ဒီအိမ်မှာမရှိတဲ့ခွေးကို ခေါ် နေတာလား၊ ဒါမှမဟုတ်ရင် စက္ကူတွေ ဈေးတက်လို့ မကျေမချမ်းဖြစ်နေတာလား"

"တစ်ခုမှ မဟုတ်ဘူး ဦးလေးရေ၊ ကျွန်တော့်ကို ဝင့်လိုက်နေလို့"

"ဒါဖြင့် ကြောင်ဖြစ်မှာပဲ၊ ကြောင်သာ ဝပ်ပြီးလိုက်တတ်တာ"

ခင်မောင်ဦးသည် ဘာမှမပြောတော့ဘဲ သူ့ရှေ့တွင် ဦးညွန့်မောင် ဝင်ထိုင်လိုက်သည်ကိုသာ ငေးကြည့်နေမိတော့၏။ ဦးလေးသည် ကလေးတော့ မဟုတ်ပါ။ ဒါပေမဲ့ တစ်ခါတစ်ရံ ကလေးထက်ပင် ဆက်ဆံရကျပ်သေး၏။

နှစ်ယောက်သား ဘာမှမပြောကြဘဲ ထိုင်၍ ကျိတ်ကြောင်တောင် လုပ်နေကြသည်။ ခဏကြာတော့မှ ဦးညွန့်မောင်သည် တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်လိုက်ဟန်နှင့် စကားစ၍ပြောသည်။

"ငါတော့ မောင်းချချင်ပြီ"

ခင်မောင်ဦး၏အာရုံမျက်သိထဲတွင် ဘုရားစင်နားမှ မောင်းကြီးကို မြင်မိသည်။

"အပေါ်မှာ သူ့ဘာသာသူနေတာ ကောင်းသားပဲ ဘာဖြစ်လို့လဲ"

"ဟာ...ငါ မျက်စိနောက်လာပြီကွ"

"အို...ဦးလေးကလည်း၊ အောက်ကျတော့ကော ဘာလုပ်မှာလဲ၊ ထမင်းစားခါနီး တီးဖို့လား"





"အောင်မာ...ဒီကောင့်ကိုတီးဖို့အတွက် ထမင်းစားခါနီး အချိန်တွေဘာတွေ ရွေးနေရမလားကွ၊ အချိန်မရွေး တီးနိုင်တာပဲ"

"ဟာ...ခဏ ခဏတီးနေရင် သူများတွေက လေလံပစ်တယ် ထင်မှာပေါ့"

"ဟေ...ခင်မောင်ဦး၊ မင်း ဘာတွေပြောသလဲ"

"မောင်းတီးတာပြောတယ် ဦးလေးရဲ့..."

"ဘယ်ကမောင်းလဲ"

"ဘုရားစင်နားက မောင်းလေ၊ ဦးလေးပဲ စောစောက မောင်းကြီးကို အောက်ကိုချလာမလို့ဆို"

"မင်းလေ ဝတ္ထုရေးဆရာပီပီ အတွေးက ဟယ်ခေါင်တယ်၊ ငါပြောတာက ဟိုကောင့်ကို အိမ်ပေါ်က မောင်းချချင်ပြီလို့ ပြောတာ"

"ကိုသမ္ဘာကျော်ကိုလား"

"ဟိုကောင်ဆိုမှ သူပဲရှိတာပေါ့ကွ"

"ဦးလေးဆန်းလည်း ရှိသေးတာကို"

"ဟ...ငါ့ယောက်ဖ ငါ ဘာကြောင့် မောင်းချရမှာလဲကွ"

"ဩော်...ဒါဖြင့် ဒီကောင်က ဦးလေးရဲ့ယောက်ဖ မဟုတ်လို့ မဟုတ်ရကောင်းလားဆိုပြီး မောင်းချချင်တာလား"

"မဟုတ်ပါဘူးကွာ၊ မျက်စိနောက်တယ်"

"ဘာဖြစ်လို့ မျက်စိနောက်တာလဲ"

"ပန်းချီဆွဲလို့"

"မဆိုင်တာပဲ ဦးလေးရယ်၊ သူ့အခန်းထဲ သူဆွဲတာ ဦးလေး မကြည့်ဘဲနေရင် ပြီးတာပေါ့"

ဦးညွန့်မောင်သည် ခဏတော့ တွေသွားသေး၏။

"ဒါပေမဲ့ မျိုးကွ၊ မျိုးက ရှိသေးတယ်"

"သူက ဘာလဲ…မင်းမျိုးမို့လား"

"ဘာလဲကွ၊ ငါ့မယားမျိုးကို ပြောတာ၊ မျိုးက သူပန်းချီဆွဲနေရင် သွားထိုင်ပြီး ကြည့်နေတော့တာပဲ"

ပြောရင်းက ဦးညွန့်မောင်သည် ငိုသံပါလာ၏။

"အရင်ကဆို မျိုးဟာ ငါနဲ့ ဒန်းစီးစီးနေတယ်၊ ခုတော့ သူ ငါ့နားကို သိပ်မကပ်တော့ဘူး"

"ဦးလေးက မျိုးကို ဟော့…ငါနဲ့ ဒန်းစီးရအောင်လို့ ဖွင့်ပြောပါလား"

"ပြောပါတယ်၊ သူက ဧည့်သည်တွေရှေ့မှာ ရှက်သတဲ့ကွ၊ ရှက်လို့ မစီးချင်လည်း နေပါ၊ ငါ့နားမှာတော့နေပေါ့"

"ဒါဖြင့်…ဟဲ့…ငါ့နားမှာနေပေါ့လို့ ပြောပါလား"

"ဟာ…မျိုးကို ငါမနိုင်ဘူးကွ၊ ဒါကြောင့် ခွေးမသားကို မောင်းချမယ် စိတ်ကူးတယ်"

ခင်မောင်ဦးသည် လက်ဝါးကြီးကာရင်း လွတ်ခနဲပြောသည်။

"အောင်မယ်လေး၊ မလုပ်လိုက်ပါနဲ့ ဦးလေးရယ်"

"မင်းက ဘာဖြစ်လို့ မောင်းမချချင်ရတာလဲ၊ မင်းယောက်ဖ ဖြစ်နိုင်မယ့်အလားအလာ ရှိလို့လား"

"မဟုတ်ပါဘူး ဦးလေးရဲ့၊ သန္တာဆန်းက ကိုကိုကျော်





ကိုကိုကျော်နဲ့ သိပ်အရေးပေးတာ"

"အေးလေ၊ ဒါကြောင့် ပိုပြီး မောင်းချသင့်တာပေါ့၊ နို့မင်းက သန္တာ့ကိုကြိုက်တယ်ဆို၊ သူတို့ချင်း ကွဲကွာသွားမှ မင်းနဲ့ နီးစပ်မှာပေါ့ကွ"

"မလုပ်ပါနဲ့ ဦးလေးရယ်၊ ဒီကောင့်ကိုမောင်းချရင် သန္တာတို့ကပါ စိတ်ဆိုးပြီး ဆင်းသွားမှာပေါ့၊ နောက်ပြီး ကျွန်တော် ဒါမျိုးကို မလိုလားပါဘူး၊ တံတားကို မြှင့်မတင်နဲ့၊ မြစ်ကိုနှိမ့်ချဆိုတဲ့ ဝါဒမျိုး ကျွန်တော့်မှာ မရှိပါဘူး၊ ကျွန်တော့်အစွမ်းနဲ့ ကျွန်တော် သန္တာချစ်လာအောင် ကြိုးစားတော့မယ်၊ ဒါမှ ချစ်မလာဘူး ဆိုရင်လည်း ကံအတိုင်းပေါ့ခင်ဗျာ"

"သူတို့က တစ်လတည်းနေမှာနော်၊ မင်းကံက တစ်လအတွင်းမှာ ကောင်းမယ်လို့ ဗေဒင်က ဟောထားသလား"

ခင်မောင်ဦးသည် ဘာမှပြန်မပြောတော့ဘဲ ခြံထဲသို့ ငေး၍သာကြည့်နေမိ၏။

သစ်ကိုင်းအကောင်းတစ်ခုသို့ ပြောင်း၍ ချည်နှောင်ထားသော ဒန်းကလေးမှာ စီးမည့်သူမရှိဘဲ တွဲရရွဲကျနေသည်။

မိမိ၏ရင်ထဲမှ အသည်းနှလုံးသည်လည်း ပိုင်ရှင်မရှိသလို လေဟာပြင်ထဲတွင် တွဲရရွဲရောက်နေသလို ခံစားရသည်။ "ဆောင်တော်ကူး"စာပေမှ စာမူဟွေဆက်ပို့ခိုင်းသည့်စာတွေ ရောက်လှပြီ။ စိတ်သည် လွတ်လပ်မှုရှိမှ စိတ်ကူးနိုင်မည်။ ခုတော့ မိမိ၏စိတ်သည် ပိုးအိမ်မျှင်တွေကြားထဲတွင် ရုန်းကန်နေရဘိ၏။

* * *

နံနက်ခင်းဖြစ်၍ မီးဖိုထဲတွင် ဒေါ်သိန်းဟန်၊ ခင်လှမျိုးနှင့် အိမ်ဖော် ဇော်မယားတို့ အလုပ်ရှုပ်နေကြသည်။

ခင်မောင်ဦးသည် ဧည့်ခန်းထဲသို့ရောက်လာချိန်မှာ ဧည့်ခန်းတွင် ဦးဆန်းထူး၊ ဦးညွန့်မောင်၊ သန္တာဆန်းတို့ ရှိကြ၏။ ဦးဆန်းထူးနှင့် ဦးညွန့်မောင်ကိုသာကြည့်၍ စကားပြောနေသည်။

"ဦးဦး မောင်လွမ်းပင်ရေးတာ ဒီတစ်ခါပဲ သန္တာ ဖတ်ဖူးတယ်၊ ဒီတစ်ခါပဲ သိပ်ကြိုက်သွားတာပဲ၊ စာအုပ်ကို ပေးလိုက်နော်"

ခင်မောင်ဦးမှာ ရုတ်တရက် မီးပေါ်သို့လွင့်သွားသလား မှတ်ရသည်။ သို့သော် သန္တာဆန်းကား "မောင်လွမ်းပင်"ဆိုသည်မှာ မိမိမှန်းမသိ၍သာ ပြောနေခြင်း ဖြစ်ကောင်းဖြစ်မည်။ မိမိမှန်းသိလျှင် စာအုပ်ကိုပင် ဆုတ်ပစ်မည်လားမသိ။ ခင်မောင်ဦးသည် ရုတ်တရက် အဝီစိသို့ကျသွားသလား မှတ်ရသည်။

"ဟဲ...ဟဲ...နင်က မောင်လွမ်းပင်ကို ကြိုက်သပေါ့"

"သိပ်ကြိုက်တာပေါ့ ဦးဦးရဲ့"

"ကြိုက်ရင် ကောင်းတယ်၊ ငါပြောပေးမှာပေါ့"

"ဘာလဲ...ဦးဦးကလည်း စာကိုကြိုက်တယ် ပြောတာပါ"

"လူကိုလည်း ကြိုက်ပါလားဟယ်၊ ဒီကောင်လေးဟာ တော်ပါပေတယ်ဟဲ့"

ခင်မောင်ဦးမှာ မျက်နှာတွေထူသွားသော်လည်း စိတ်ထဲက ဦးညွန့်မောင်ကို ဦးချနေမိ၏။ သူနှင့်ပေါင်းနေသမျှ ဆွေရိပ်မကင်း မျိုးရိပ်မကင်း ဖြစ်နေသမျှ သံသရာတွေ ရှည်လေဦးမည်။





"ဦးဦးက သူ့ကိုသိလို့လား၊ သူက လူပျိုမို့လား"

"လူပျိုပါဟာ၊ ငါသိပါတယ်၊ တစ်ခုတော့ရှိတယ်၊ သူက သူ့ထက် အသက်ကြီးတဲ့မိန်းမကိုမှ ယူမယ်တဲ့"

"သူ့အသက်က ဘယ်လောက်ရှိပြီလဲဟင်"

"သုံးလသားပဲ ရှိသေးတယ်"

"သွား...သန္တာက အဟုတ်မှတ်လို့၊ သူ့စာအုပ်တွေ နောက်ထွက်ရင်လည်း သန္တာ့ကို ပေးဦးနော်"

"ဟဲ့...ဆောင်တော်ကူးစာပေကမှ ငါကရမှာ၊ သူက တခြားတိုက်ပြောင်းရေးရင် ဘယ့်နှယ်လုပ်မလဲ၊ ငါပြောသလို နင် သူ့ကိုသာကြိုက်လိုက်ပါဟယ်၊ သူက လူပျိုပါ၊ တကယ်ပါ၊ ငါသိပါတယ်"

"သူ့လိပ်စာလေး တောင်းပေးပါလား၊ သန္တာ မိတ်ဆက်ချင်တယ်"

ထိုခဏတွင် ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် သမ္မာကျော်သည် ရောက်ရှိလာ၏။ လက်ထဲတွင်လည်း ပုံဆွဲစက္ကူကြီးကို ကိုင်ထားသည်။

"ဒါ သက်သက်စော်ကားတာ"

ဦးညွန့်မောင်က အံ့ဩစွာနှင့် လှမ်းပြောသည်။

"ဟော့...တို့အိမ်မှာ သက်သက်မရှိဘူးကွ"

"မဟုတ်ဘူး၊ ကျွန်တော့်ကို စော်ကားတယ်၊ ဒီမှာကြည့်ပါဦး"

သူသည် လက်ထဲမှ ဆွဲလက်စပန်းချီကားကြီးကို ထောင်ပြသည်။ ခင်မောင်ဦးမှာ ရယ်ချင်သလိုလို ဖြစ်သွားမိ၏။

ရုပ်ပုံမှာ မိန်းမပျို၏ ကိုယ်တစ်ဝက်ပုံဖြစ်သည်။ ရုပ်ကလေးမှာ တော်တော်ပင်လှပါသည်။ သို့သော် တစ်စုံတစ်ယောက်က မျက်မှန်နှင့် နှုတ်ခမ်းမွေးကြီးများ တပ်ပေးထားရာ ရုပ်ပုံမှာ မိန်းမလျာထဲတွင်မှ တော်တော်ပင် အရုပ်ဆိုးသော မိန်းမလျာရုပ်ပုံမျိုးကြီး ဖြစ်နေသည်။ မျက်မှန်မှာ ရွဲ့နေပြီး အဝိုင်းချင်း တစ်ဖက်နှင့် တစ်ဖက်မှာ မညီချေ။ လက်ယာဘက်က မျက်မှန်အဝိုင်းကြီးမှာ အထက်သို့လာသော် မျက်ခုံးကို ကျော်၏။ အောက်သို့လာသော် ပါးလယ်ရောက်သည်။ နှုတ်ခမ်းမွေးကတော့ ဖူးမန်းချူးကို ပြိုင်သလားမှတ်ရအောင် ကောက်ကွေးနေသည်။

"ဒီလူယုတ်မာတော့လား၊ လက်ဆုပ်လက်ကိုင်များ မိရင် ငုတ်တုတ်က အသက်ပျောက်ရစေမယ်"

သန္တာဆန်း၏အသံကိုကြား၍ ခင်မောင်ဦးသည် အသာလှည့်ကြည့်လိုက်သည်။ ဝင်းဝင်းတောက်နေသော မျက်စောင်းမှာ မိမိကိုထိုးနေသည်။ ခင်မောင်ဦးမှာ ရယ်ချင်စိတ်တွေ ချက်ချင်းပျောက်သွားပြီး ရင်ထဲတွင် နင့်ခနဲဖြစ်သွားမိကာ ဦးခေါင်းကို ငုံ့ထားလိုက်သည်။ သန္တာဆန်း၏ အသံကိုကား ဆက်လက်၍ ကြားနေရသေး၏။

"ဘယ်သူဖြစ်မယ်ဆိုတာ သန္တာ ရိပ်မိပါတယ်၊ ဒါပေမဲ့ လက်ပူးလက်ကြပ်မဖြစ်သေးတော့ မပြောချင်သေးဘူး"

မိမိအတွက် မကောင်းသောအဓိပ္ပာယ်များနှင့် ပြောနေသည့်တိုင်အောင် ဒီအသံလေးကြားနေရသရွေ့တော့ ကံကောင်းသည် ဆိုရမည့် ခင်မောင်ဦး။ ရင်နာစရာ အချစ်၏ကျေးကျွန် ဖြစ်နေရှာသည်။

သမ္ဘာကျော်က ဖြတ်ပြော၏။

"ဒါ အပြင်လူမဟုတ်နိုင်ဘူး၊ အတွင်းလူပဲ ဖြစ်ရမယ်၊





အို...အိမ်သားအားလုံးကို တိုင်တည်မယ်၊ မျိုးကိုလည်း သွားပြောဦးမှ"

ပြောပြောဆိုဆိုနှင့် သမ္ဘာကျော်သည် ဧည့်ခန်းထဲမှ ပြန်ထွက်သွား၏။ သန္တာဆန်းသည် ခင်မောင်ဦးကို မျက်စောင်းထိုးလိုက်ပြန်ပြီး "ခွေးလောက်မှ စိတ်ထားမကောင်းတဲ့ဟာက လုပ်မှာပဲ"ဟုပြောကာ ခြေကိုဆောင့်နင်း၍ အပေါ်ထပ်သို့ တက်သွားလေတော့၏။

ခင်မောင်ဦးကား ခပ်ကုပ်ကုပ်နှင့် သူ့စာရေးခန်းထဲ ဝင်လာခဲ့သည်။ ချက်ချင်းလိုလိုပင် ဦးညွန့်မောင်သည် သူ့နောက်က လိုက်လာခဲ့၏။

"ဟော့...ခင်မောင်ဦး၊ မင်းများ သွားလုပ်မိသလား"

"ကြုံကြုံဖန်ဖန် ဦးလေးရယ်၊ ကျွန်တော်က ကလေးမှမဟုတ်တာ၊ ဘာဖြစ်လို့ ရုပ်ပုံမှာ နှုတ်ခမ်းမွေးတွေ မျက်မှန်တွေ တပ်ရမှာလဲ၊ ကျွန်တော် ဒီအရွယ်ကို လွန်မြောက်ခဲ့ပါပြီ"

"အေး...ငါလည်း မင်းအသက်ဟာ ဒီလောက်တော့ မကပါဘူးလို့ မှတ်နေပါတယ်၊ ဒါပေမဲ့ ဒီကောင့်ကို သန္တာက အရောဝင်လွန်းလို့ မင်းကများ မနာလိုဖြစ်ပြီး..."

"ဩော်...မဟုတ်ပါဘူးဆိုမှပဲ ဦးလေးရယ်၊ သန္တာဟာ ကျွန်တော့်ကို ချစ်တာ မချစ်တာပဲ ကျွန်တော့်ပြဿနာပါ၊ သူ့ကိုမုန်းတာ မမုန်းတာ ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ နောက်ပြီး ဦးလေးပဲ စဉ်းစားကြည့်ပါဦး၊ ဒီအရုပ်မှာ နှုတ်ခမ်းမွေးတပ်လိုက်ရင် သန္တာက ဒီကောင့်ကို မုန်းသွားရောတဲ့လား၊ ဘာဆိုင်သလဲခင်ဗျာ"

ဦးညွန့်မောင်သည် သူ့မေးကလေးကို သူ ပွတ်လိုက်၏။

"အေး၊ မင်းလုပ်တာ မဟုတ်ဘူးဆိုတော့ စဉ်းစားရကျပ်တယ်၊ ငါလည်းလုပ်တာ မဟုတ်ပါဘူးကွ၊ ငါ ဒီကောင့်ကိုသာ မောင်းချချင်တာပါ၊ အရုပ်ကို မျက်မှန်တွေ နှုတ်ခမ်းမွေးတပ်တာတွေတော့ ဝါသနာမပါပါဘူး၊ ငါ့ကိုယ်ငါတောင် နှုတ်ခမ်းမွေးတပ်မထားတာ ကြည့်ပေါ့၊ ခုထက်ထိ မျက်မှန်တပ်ချင်လို့ စာတောင်မဖတ်ဘူး၊ ဖတ်ရင်လည်း လက်ဆန့်ပြီး ကိုင်ဖတ်တယ်၊ ဘယ်သူများ လက်ကမြင်းသွားသလဲ မသိပါဘူး"

"ညက ဝင်လုပ်တယ်ထင်တာပဲ၊ ကျွန်တော်တို့အားလုံး အပေါ်ထပ်မှာ အိပ်ကြတယ်မဟုတ်လား၊ ညဘက်မှာ အောက်ထပ်ကြီးတစ်ခုလုံး အားနေတာပဲ၊ ညဘက်မှာဝင်လုပ်တာဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ်လေ၊ သန္တာဆန်းကတော့ ကျွန်တော်ကို စွပ်စွဲချင်နေတယ်"

"စွပ်စွဲချင်တာ မဟုတ်ဘူးဟေ့၊ သူ့စိတ်ထဲမှာ မင်းလုပ်တယ်လို့ သိကိုသိနေတဲ့ပုံမျိုးပဲကွ"

"ကျွန်တော့်ဘဝထဲကို သန္တာရောက်လာတာ၊ ကျွန်တော့်အတွက် သံသရာအဆက်ဆက်က ဝဋ်ကြွေးတွေကို စုပြီးခံနေရတာပဲ ဦးလေးရေ့..."

"အေး...ငါလည်း စိတ်မကောင်းပါဘူးကွာ၊ တစ်ခုတော့ရှိတယ်၊ မင်း ဝဋ်ကြွေးတွေ ဒါလောက်ခံရရင် ကျေချင်လည်း ကျေသွားမှာပေါ့ကွာ၊ ဒီတော့လည်း ဝဋ်ကျွတ်ကရောပေါ့"

"လက်ငင်း လူကျွတ်နေတာက ခက်တယ် ဦးလေးရယ်"

ဦးညွန့်မောင်သည် စိတ်မကောင်းစွာနှင့်ပင် ထွက်ခွာသွားတော့သည်။



ခင်မောင်ဦးကား စားပွဲတွင်ထိုင်၍ တွေးနေမိ၏။ ဒီညမှ စ၍ တရားခံကို လက်ပူးလက်ကြပ်မိအောင် လုပ်ရတော့မည်။ တရားခံကို ဖော်ထုတ်နိုင်မှ သန္တာ၏အထင်လွဲမှုမှ ကင်းလွတ်မည်ဖြစ်၏။

သန္တာဆန်းအနေဖြင့် မိမိကို မချစ်ချင်မှနေတော့ အထင်ကြီးတလွဲလွဲနှင့် ဖြစ်မနေလျှင် မိမိအတွက် သေပျော်ပါပြီ။ ခင်မောင်ဦးသည် စားပွဲပေါ်တွင် တံတောင်နှစ်ဖက်စလုံးကိုထောက်၍ လက်ချောင်းများကို ဆံပင်ထဲသို့ ထိုးသွင်းလိုက်၏။

"သန္တာရယ်၊ ခင်မောင်ဦးကို မချစ်ရင်လည်း လျစ်လျူရှုလိုက်ပါတော့၊ ဘာဖြစ်လို့များ မုန်းတီးချင် ရတာလဲကွယ်"

❊ ❊ ❊

ထိုနေ့ညတွင် ခင်မောင်ဦးသည် အိပ်ချင်စိတ် လုံးဝမရှိတော့။

သန္တာဆန်း၏ အထင်လွဲမှု ပြေပျောက်လျှင် တော်ပါပြီ။ အထင်လွဲမှု ပြေပျောက်သွားသည့်တိုင်အောင် သန္တာဆန်း၏ အချစ်သည် မိမိအတွက် မဟုတ်တော့ပြီကိုကား သိထားပါပြီ။ အမုန်းလျော့ပါးလျှင် တော်လောက်ပြီ ထင်မိ၏။

သန္တာဆန်းထက် လှပသော မိန်းကလေးများသည် ဤကမ္ဘာပေါ်တွင် များစွာရှိနိုင်သည်ကို ဝန်ခံပါ၏။ သို့သော် သူ စွဲမက်သည်ကတော့ သန္တာဆန်းတစ်ယောက်တည်းရယ်ပါ။ တစ်ဘဝ တစ်သက်တာတွင် သည်တစ်ယောက်ကိုသာ စွဲလမ်းခဲ့သည်။ သည်တစ်ယောက်ကမှ မိမိအတွက် မဟုတ်လေပြီကို သိနေရသည်မှာ ရင်နာလှ၏။

ညဥ့်သည် တရုတ်မင်တောင့် မဟုတ်သော်လည်း နက်၍လာသည်။

အချိန်တော်ပြီဟု ယူဆသဖြင့် ခင်မောင်ဦးသည် လဲလျောင်းနေရာမှ ထလိုက်၏။

အချိန်ကိုမှန်း၍ စောင့်နေသူကား ဤအိမ်ကြီးတွင် သူတစ်ယောက်တည်း မဟုတ်ချေ။ သန္တာဆန်းသည်လည်း အိပ်၍မပျော်သေး။ သည်ညတော့ ချွေးသူခိုးကို မိအောင်ဖမ်းမည်ဟု သူလည်း ကြံစည်နေသည်။ ထို့ကြောင့်ပင် သူသည်လည်း အချိန်ကို စောင့်လင့်လျက် ရှိပါချေ၏။ အချိန်တန်လောက်ပြီဟု ထင်သောအခါ သန္တာဆန်းသည် ခြေသံမကြားအောင် ရှူရှူကလေး နင်း၍ မှောင်ထဲတွင်ပင် စမ်း၍ ဆင်းလာသည်။ သူ၏နောက်က လှေကားငါးထစ်လောက်တွင် ခင်မောင်ဦးသည်လည်း စမ်း၍ ခြေသံမကြားအောင် ဆင်းလာသည်။

မှောင်ပိန်းနေသည်ဖြစ်သောကြောင့် သူတို့နှစ်ယောက်မှာ နီးကပ်စွာရှိလျက်က တစ်ဦးကိုတစ်ဦး မမြင်ကြရချေ။

အောက်ထပ်ကိုနင်းမိသောအခါ သန္တာဆန်းသည် လက်ကလေးကို ရှေ့ထုတ်၍စမ်းရင်း ညင်သာစွာရွှေ့လျားလာ၏။ သူ့နောက် ခပ်ကွာကွာက ခင်မောင်ဦးမှာလည်း ဤပုံစံအတိုင်းပင် သူ့နောက်က လျှောက်၍လာနေသည်။

အကယ်၍သာ လူ၏အသိဉာဏ်နှင့် ကြောင်ကြီးတစ်ကောင်သည် ခပ်လှမ်းလှမ်းကုလားထိုင်ပေါ်မှ ငုတ်တုတ်ကြီးထိုင်၍ ကြည့်နေမည်ဆိုလျှင် အားရပါးရ အော်ရယ်မိမည်မှာ အမှန်ဖြစ်၏။

တစ်နေ့ခင်းလုံး ခပ်တည်တည်လျှောက်နေကြသော ဤသူနှစ်ဦးသည် ညဘက်ရောက်ခါမှ အဘယ်ကြောင့် နေးတုံ့နေးတုံ့နှင့် လျှောက်ကုန်ကြပါသနည်း။ လျှောက်ပုံလျှောက်နည်းမှာလည်း နေ့လယ်ဘက်





ကကဲ့သို့ "ငါ့ဟဲ့ လူသား"အသွင်ဖြင့် ရင်ကော့၍ မလျှောက်တော့ဘဲ ကိုင်းကိုင်းနှင့် ယို့ယို့ကလေးတွေ ဖြစ်ကုန်သည်။ လက်နှစ်ဖက်ကိုလည်း မူမှန်အတိုင်း လွှဲ၍ မလျှောက်ဘဲ နှစ်ဖက်စလုံးကို ရှေ့သို့ထုတ်ကာ ဖည်ယမ်း ဖည်ယမ်းနှင့် လျှောက်နေကြသည်။ လူဆိုသည်မှာ ညဘက်တွင် ကုပ်ကုပ် ကုပ်ကုပ်ဖြစ်တတ်ကြသော သတ္တဝါများပါတကား။

စုံတစ်ခုနားသို့ရောက်သောအခါ သန္တာဆန်းသည် ဘယ်ဘက်ကာ လှည့်ပတ်သွားပြီး သူခိုးကိုချောင်းရလျှင် ကောင်းအံ့နည်းဟု ခေတ္တ ရပ်တန့်၍ စဉ်းစားနေ၏။ ထိုအခိုက်တွင် နောက်ဘက်ဆီမှ ခင်မောင်ဦးသည် လက်ကြီးနှစ်ဖက် ရှေ့ကို ထုတ်၍ ကြမ်းပေါ်တွင် အသံမမြည်ဘဲ လျှောတိုက်လာဘိ၏သို့ တရွေ့ရွေ့ချဉ်းကပ်လာသည်။ သူ၏လက်ဖျားများသည်လည်း ရှေ့က သန္တာဆန်း၏နောက်စေ့နှင့် တည့်တည့်ပင် တရွေ့ရွေ့နီးကပ်လာ၏။

သန္တာဆန်းသည် စိတ်ထဲမှ တစ်စုံတစ်ခုကို ပိုင်းဖြတ်လိုက်သည့်ပမာ ခါးကလေးကို အနည်းငယ်ကုန်းလိုက်ရာ ခင်မောင်ဦး၏ လက်ကြီးနှစ်ဖက်မှာ သူ့ခေါင်းပေါ် တစ်ထွာခန့်ဆီမှ တရွေ့ရွေ့ဖြတ်နေ၏။

ခင်မောင်ဦး၏ကိုယ်လုံးကြီးမှာ တရွေ့ရွေ့နှင့် ရှေ့သို့ ရွေ့လျားနေသည်။ မှောင်ကြီးထဲမို့ တော်တော့သည်။ လင်းတုန်းသာဆိုလျှင် သန္တာဆန်းသည် မိမိ၏ရင်ခွင်ထဲသို့ ရောက်လုနီးနီးအခြေအနေမျိုး ဖြစ်သဖြင့် ရင်တွေသိမ့်သိမ့်ခုန်လုပေရော့မည်။ သို့သော် မှောင်မိုက်တွင်းတွင်ကား လူချင်းမတိုးမိသရွေ့ လိပ်ပြာသန့်သည်ချည်း ဖြစ်ပေ၏။

သန္တာဆန်းသည် ချွေးစော်နံ့သလိုလိုတော့ ထင်မိ၏။ သို့သော် သူခိုးကို ဖမ်းချင်ဇောက ပြင်းထန်နေသဖြင့် ဤဘာမဟုတ်သည့် အနံ့

အသက်ကို ဂရုမထားနိုင်ချေ။

ခုတွင်က ပိုင်းဖြတ်လိုက်သည့်အတိုင်း သန္တာဆန်းသည် စားပွဲကို လက်ယာဘက်က လှည့်၍ ပတ်ရန်၊ ကိုင်းကိုင်း ကိုင်းကိုင်းနှင့် လက်ဝဲဘက်သို့ ရွေ့လျားသွားလေရာ ဝင်လာသော ခင်မောင်ဦး၏ ကိုယ်ခန္ဓာနှင့် တစ်ထွာကျော်ကျော်လောက် လွတ်သွားတော့၏။

ရှေ့သို့ တစ်လှမ်းနှစ်လှမ်း အလှမ်းလိုက်တွင် ခင်မောင်ဦး၏ဗိုက်မှာ စားပွဲနှင့် ဝင်တိုးမိသဖြင့် "အင့်"ခနဲမြည်သွားသဖြင့် ချက်ချင်းပြန်၍ ဆုတ်လိုက်သည်တွင် လေခေါင်းအုံးကို အဆို့ဖွင့်၍ ဖိသကဲ့သို့ ရှူးခနဲ မြည်သွားသည်။

သန္တာဆန်းသည် တရွေ့ရွေ့စမ်းသွားနေရာက ချက်ချင်းရပ်လိုက်သည်။ သူ့နားထဲတွင် "အင့်...ရှူး"ဟု မြည်သံလို ကြားမိသည်ထင်၏။ ထို့ကြောင့် နောက်ဘက်ဆီသို့ ခေါင်းကလေးငဲ့ကာ နားကိုစွင့်လိုက်သည်။

ဘာသံမှ ဆက်၍ မကြားတော့ချေ။

သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ငါးကိုက်ပင် မကွာကြသော်လည်း ငါးမိုင်ပတ်ဝန်းကျင်တွင် လူမရှိဟုသော အသွင် မျိုးဖြင့် သူတို့ ရွေ့လျားနေကြ၏။ ခင်မောင်ဦးသည် စားပွဲကို လက်ယာဘက်ကပတ်သည်။ သို့ဖြစ်လေရာ သမ္ဘာကျော်၏ ပန်းချီခန်းအဝသို့ သူက အရင်ရောက်သည်။ ရောက်ရောက်ချင်းပင် အခန်းဆီးကိုဆွဲဖယ်၍ ဝင်ရကောင်းမည်လား။ ဝင်ပြီးပြန်လျှင်လည်း မီးကို ဆက်ခနဲဖွင့်ရ ကောင်း မည်လားကို သူ စဉ်းစားနေ၏။

ပန်းချီကားကို ကပျက်ကယက်ဝင်လုပ်သူသည် အခန်းတွင်းတွင် ...ါးစွာရောက်နှင့်ပြီး ဖြစ်ကောင်းဖြစ်မည်။ ထို့ကြောင့် အခန်းပြင်က ခဏမျှ





စောင့်ကြည့်နေသေးခြင်းက တော်မည်ဟု စိတ်ကူးမိ၏။ စောင့်၍ ချောင်းမြောင်းခြင်းကို မိုးတိုးမတ်တတ်ကြီး ပြုလုပ်ခြင်းထက် ထိုင်ခြင်းက ပို၍သဘာဝကျမည်ဟုလည်း တွေးမိသည်။

ထိုအခိုက်တွင် သူ၏ကျောဘက်ဆီမှ သန္တာဆန်းသည် လက်ကြီး နှစ်ဖက်ရှေ့တွင်ဆန့်ကာ တရွေ့ရွေ့ရောက်ရှိလာ၏။ လက်နှစ်ဖက်မှာ ကျောပြင်ဆီသို့ တည့်မတ်စွာတန်း၍ တရွေ့ရွေ့ နီးနီးလာလေသည်။ ကျောပြင်ကြီးကိုဆောင့်၍ တိုးမိရန် တစ်ထွာခန့်အလိုတွင် ခင်မောင်ဦးသည် ဆောင့်ကြောင့်ကလေးထိုင်သွားသည် ဖြစ်သောကြောင့် သန္တာဆန်း၏ လက်များသည် လွတ်လွတ်လပ်လပ်ပင် ခင်မောင်ဦး၏ ခေါင်းပေါ်မှ တရွေ့ရွေ့နှင့် ဖြတ်နေသည်။

ချိုင်းနံ့ရသလိုလိုတော့ ခင်မောင်ဦးထင်မိ၏။ သို့သော် ယခုလို ညကြီးမင်းကြီး အိပ်ပျက်နေပျက်ခံကာ ဆောင့်ကြောင့်လာထိုင်ခြင်းကား အိမ်သားများ၏ချိုင်းနံ့သည် မည်သည့်အကွာအဝေးအထိ ပျံ့နှံ့ရောက်ရှိ ကြောင်းကို သုတေသနလုပ်ရန်မဟုတ်ဘဲ ရုပ်ပုံမြင်လျှင် နှုတ်ခမ်းမွေးတပ်၊ မျက်မှန်တပ်ပေးချင်သည့် ရောဂါစွဲကပ်နေသည့် လူရှုယ်တစ်ဦးကို အမိဖမ်း ဖော်ထုတ်ရန်သာ ဖြစ်သဖြင့် ချိုင်းနံ့ကို လျစ်လျူရှုလိုက်သည်။ တကယ် တော့လည်း ဤပတ်ဝန်းကျင်တွင် လူဆို၍ မိမိတစ်ဦးတည်းသာရှိရာ ချိုင်းနံ့မှာ စိတ်၏လှည့်စားမှုသာ ဖြစ်ရပေမည်။ ခြင်များ၊ ပင့်ကူများ၊ ပိုးဟပ်များတွင် ချိုင်းနံ့တွေ တစ်ပုံကြီးရှိမည်ဖြစ်သော်လည်း ချွေးနံ့တော့ ထွက်သည်ကို မိမိနှာခေါင်းက မသိခဲ့ဘူးပေါ့။ သည်တော့ စိတ်ထင် တာသာ မုချဖြစ်ရမည်။

"ဒုတ်..."

"အင့်..."

ပထမအသံသည် သက်မဲ့အချင်းချင်း ထိခိုက်ရာမှ ထွက်ပေါ်လာသည့် အသံဖြစ်သည်။ ဒုတိယအသံမှာကား သက်ရှိထဲမှ ထွက်ပေါ်လာသည့်အသံ ဖြစ်လေသည်။

သန္တာဆန်း၏ ဒူးခေါင်းများသည် ခြေထောက်ရှိရမည့်နေရာတွင် ရောက်နေသော ကျောပြင်ကြီးကို တိုက်မိ၏။ တိုက်မိသည့်နေရာမှာ ဒုတ်ခနဲမြည်သည်။ ကျောပြင်ကို ဖိ၍ အဆုတ်သည် လေကိုညှစ်ထုတ်သည်။ လေသည် လည်ချောင်းထဲမှအထွက်တွင် အသံကို အဖော်ခေါ်သွား၏။ ဒုတိယအသံသည် ခင်မောင်ဦး၏ပါးစပ်မှ လွတ်ခနဲ ထွက်သွားသောအသံဖြစ်သည်။

ဒီလိုကျောပြင်မျိုးမှာ လူသတ္တဝါမျိုးတွင်သာရှိတတ်သဖြင့် သန္တာဆန်းသည် သူတိုက်မိသူမှာ လူဖြစ်သည်ဟု သိသည်နှင့် တစ်ပြိုင်နက် သူခိုးကို မိပြီဟု ယူဆကာ လက်များကို ရုတ်ပြီး ဆတ်ခနဲထိုင်ချကာ သိမ်းကျုံး၍ ဖက်လိုက်သည်။

ခင်မောင်ဦးသည်လည်း မိမိကို တိုက်သည်မှာ ခြင်တော့ဖြင့် မဟုတ်တန်ရာဟု တွေးမိသည်နှင့်တစ်ပြိုင်နက် သူခိုးသည် မိမိရှိနေကြောင်း သိသွားလေပြီဟု ထင်သွားသဖြင့် ဆတ်ခနဲ ထ၍ပြေးရန် ခြေကို လှမ်းလိုက်သည်။

သန္တာဆန်း၏လက်များသည် ခင်မောင်ဦး၏ ဒူးများကို သိမ်းကျုံးဖက်မိလေရာ ရှေ့သို့ အရှိန်နှင့်လှမ်းလိုက်သော ခင်မောင်ဦးမှာ ကုန်းကုန်းကြီး ကျသွားလေ၏။

ခင်မောင်ဦးကား ဤအခြေရောက်ခါမှ မထူးတော့ပြီ။ ရန်သူ၏





အဖမ်းကိုခံပြီးမှ အလစ်တွင် ရုန်းထွက်ပါတော့အံ့ဟု ကြံ၍ ဆောင့်ကြောင့် ပြန်ထိုင်လိုက်၏။ သန္တာဆန်းမှာ ရန်သူသည် မတ်တတ်ရပ်ထားသည်ဟု သိသည်နှင့် တစ်ပြိုင်နက် ဖမ်း၍ ပိုကောင်းအောင် လက်များကိုဖြုတ်၍ မတ်တတ်ရပ်လိုက်ကာ သိမ်းကျုံး၍ ဖက်လိုက်ပြန်သည်။

လက်များသည် ဟာခနဲဖြစ်၍ သူ့ကိုယ်သူ ပြန်ဖက်မိ၏။

အသိတရားသည် ပြန်ဝင်လာကာ ချက်ချင်းပြန်ထိုင်လိုက်၍ ရန်သူကို နောက်ကပင် သိမ်းကျုံး၍ ဖက်လိုက်သည်။ ခင်မောင်ဦးမှာ အသာတကြည် အဖမ်းခံနေသည်ဖြစ်ရာ ဤမျှလောက်သော အရှိန်အဟုန်ဖြင့် ကျုံးဖက်လိမ့်မည်ဟု မထင်သောကြောင့် အဖက်ခံလိုက်ရသောအခါတွင် ကိုယ်ကို မဟန်နိုင်တော့ဘဲ ပက်လက်ကြီးလန်၍ လဲလေတော့သည်။

"ဟယ်..."

ထူးကဲလှပါပေ၏တကား။ ရန်သူသည် မိမိကို နတ်၏စည်းစိမ်ဖြင့် ဖမ်းဘိ၏။ တစ်ညလုံးဖမ်းထားလျက် ကောင်းလေစွ။

ခင်မောင်ဦး ပက်လက်ကြီးလန်ကျသောအခါ သန္တာဆန်းမှာလည်း ခင်မောင်ဦး၏ ကိုယ်ခန္ဓာအလေးချိန်ကို မနိုင်သဖြင့် သူကိုယ်တိုင်ပါ ပက်လက်ကြီးလန်နေသည်။ ခင်မောင်ဦးသည် သန္တာဆန်း၏ရင်ခွင်ဝယ် ပက်လက်ကြီးလန်နေ၏။ သန္တာဆန်းက ခင်မောင်ဦးကို ကျုံး၍ဖက်ထားသည်။

အတွေ့သည် နူးညံ့လှ၏။ ပူနွေးလှ၏။ အောင်မယ်လေး ရင်တွေခုန်လိုက်တာ။

ခင်မောင်ဦး၏အတွေးများသည် ချာရပတ်လည်နေသည်။ မိမိကို ဖက်ထားသည်မှာ ရင်ဘတ်ဝသော ယောကျာ်းကြီး မဟုတ်နိုင်။ ခပ်ငယ်

ငယ်မိန်းမပင် ဖြစ်ရမည်။ သို့သော် ဤအိမ်ကြီးမှ အိမ်သားများထဲတွင်
မိန်းမခပ်ငယ်ငယ်မှာ နှစ်ယောက်တည်းသာ ရှိ၏။ သန္တာဆန်းကသာ
လာ၍ဖက်ထားသည်ဆိုလျှင် ထမင်းဝေ၍ သေသည်တိုင်အောင် အဖက်ခံ
နေပါမည်။ သို့သော် ခင်လှမျိုးတစ်ယောက်လည်း ရှိသေးသည်။ သူက
ဖက်တာဆိုလျှင်တော့ မဖြစ်။ သံသရာကြီးသည် လေပြင်းပြင်းနှင့် မှုတ်
ထုတ်လိုက်သော ဆပ်ပြာပူဖောင်းကဲ့သို့ လိမ်တွန့်လိမ်တွန့်ဖြစ်ကာ ကျေ
မည်။

ကံအားလျော်စွာပင် သူ ခွဲခြားနိုင်သောအသံသည် သူ့ဇက်ပိုး
အောက်ဆီမှ ထွက်ပေါ်လာလေ၏။

"လာကြပါဦးလေ၊ သူခိုးကို မိထားပြီ၊ လာကြစမ်းပါဦး"

ကျယ်ကျယ်လောင်လောင်အော်လိုက်သော အသံသည် သန္တာဆန်း၏
အသံသာဖြစ်ပေ၏။ မိမိကို စွပ်စွပ်စွဲစွဲနှင့် အခဲမကျေအော်လိုက်သည့်
အသံပင်ဖြစ်လင့်ကစား ဤအသံလေးကို ခင်မောင်ဦးသည် ကြားနေချင်
သည်သာ ဖြစ်၏။ မိမိကို "ချစ်ပါသည်"ဟု မပြောနိုင်လျှင် ရှိစေ
ဆဲနေသည်ကိုပင် နာပျော်ပါသည်။ "ဝမ်းဘော ဝမ်းဘော"နှင့် အော်နေပို
ကောင်းသည့် ခင်မောင်ဦးပေတည်း။

ခင်မောင်ဦးသည် သန္တာဆန်းမှန်းသိသည်နှင့် တစ်ပြိုင်နက် ပက်လက်
ကြီးပင် ငြိမ်နေလိုက်သည်။ သန္တာဆန်းကမူ ဖမ်းထားရင်းကပင် ပိနေသည်
ဖြစ်၍ မလှုပ်မရှောင်သာဘဲ ငြိမ်၍ပင်နေရသည်။

မငြိမ်သူများကတော့ အပေါ်ထပ်မှ လူများပေတည်း။

ခြေသံများစွာသည် လှေကားမှဆင်းလာကြ၏။ သို့သော် အောက်ထပ်
ကြမ်းပြင်ကို နင်းမိသည်နှင့်တစ်ပြိုင်နက် ခြေသံတွေတိတ်ကုန်၏။





တုတ်ကဲ့။ သူတို့သည်လည်း လင်းနို့တွေမဟုတ်ကြသဖြင့် မှောင်ထဲတွင်
မြင်နိုင်ကြချေ။

သန္တာဆန်းသည် ထပ်၍အော်ပြန်၏။

"သူခိုးကို အတင်းချုပ်ထားရတယ်၊ မီးဖွင့်ကြပါ၊ မီးဖွင့်
ကြပါ"

ဆင်းလာကြသူများမှာလည်း မီးခလုတ်ရှိရာသို့ သွားနေကြသည်မှာ
အမှန်ပင်ဖြစ်သည်။ သို့သော် သွားပုံသွားနည်းအရာ၌ အခြားသူများထက်
ထူးခြားသူကား ဒေါ်သိန်းဟန်ပင်တည်း။

အထက်တွင်ဖော်ပြခဲ့သည့် ကြောင်ကြီးမျိုးတစ်ကောင်သည် အေးအေး
ဆေးဆေးထိုင်ကြည့်နေလျှင် ဒေါ်သိန်းဟန်ကြီးသွားနေပုံကို မြင်သည်နှင့်
တစ်ပြိုင်နက် အူတက်၍ ငုတ်တုတ်က အသက်ပျောက်ပေရော့မည်။

ဒေါ်သိန်းဟန်၏ မှောင်ထဲတွင်သွားပုံမှာ သူမတူအောင် ထူးခြားလှ
ပါဘိသည်။

ခြေထောက်တောင့်တောင့်ကြီးနှစ်ခုမှာ ခြေလှမ်းစိတ်သော်လည်း
လျင်မြန်စွာဖြင့် တဆတ်ဆတ်ရွေ့လာ၏။ လက်ကြီးနှစ်ဖက်ကိုဆန့်၍
ရှေ့သို့ထုတ်ကာ ပူးထားသည်။ ထို့နောက် လက်ဝဲလက်ကို လက်ဝဲဘက်သို့
လည်းကောင်း၊ လက်ယာလက်ကို လက်ယာလက်သို့လည်းကောင်း၊
ဆတ်ခနဲ လွှဲယမ်းလိုက်သည်။ ချက်ချင်းပင် ထိုလက်နှစ်ဖက်ကို ရှေ့တွင်
ပြန်ပူးလိုက်ပြန်၏။ လွှဲပြန်သည်။ ပူးပြန်သည်။ ကျွန်းမာရေးလေ့ကျင့်ခန်း
တစ်ခုကို အူလျားဖားလျား လေ့ကျင့်နေသည်နှင့် တူလှသည်။

ဒေါ်သိန်းဟန်သည် ဤပုံမျိုးကြီးနှင့် မှောင်ထဲတွင် လျှောက်ခဲ့ရာ
တစ်နေရာသို့ရောက်သည်တွင် နံရံကပ်ဗီရိုပုပုနှင့် အလျားရှည်ရှည်ကလေး

ပေါ်၌ တင်ထားသည့် သစ်သားပန်းအိုးကို လက်ဝါးစောင်းနှင့်လွှဲ၍ ခုတ်မိလေတော့သည်။ ပန်းအိုးကလေးသည် မှောင်ထဲတွင် လွင့်သွားပြီး နောက်နားဆီမှ ကုပ်ကုပ် ကုပ်ကုပ်နှင့် လာနေသော ဦးဆန်းထူး၏ ချိုစောင်းကို ပြေးဆောင့်လေတော့သည်။

"ဟယ်...ရှေ့က ဘယ်သူတွေက ဘာတွေနဲ့ကောက်
ပေါက်နေရတာတုံးဟာ..."

ဒေါ်သိန်းဟန်မှာ ပို၍ပင် သုတ်ခြေတင်ကာ ရှေ့သို့သွား၏။ ထိုအခါတွင် လက်ဝဲလက်ဝါးစောင်းသည် မီးခလုတ်နား ရောက်နေပြီဖြစ်သော ဦးညွန့်မောင်၏ဝမ်းဗိုက်ကို လွဲ၍ရိုက်မိပြန်သည်။

"အင့်...အစာတွေတော့ အပေါ်ကထွက်တော့မလား၊
အောက်ကထွက်တော့မလားပါပဲကလား... ဟရို့..."

ဦးဆန်းထူးသည် မီးခလုတ်ကိုမှန်း၍ လက်ဖြင့်ကုတ်ရာ ဦးညွန့်မောင်၏ နောက်စေ့ကို ကုတ်မိလေ၏။

"သြော်...ဗိုက်ကို လွှဲရိုက်လိုက်၊ နောက်စိကို ကုတ်လိုက်နဲ့
ဘယ့်နှာတွေတုံးလဟ..."

ပြောပြောဆိုဆိုနှင့်ပင် ဦးညွန့်မောင်သည် မီးခလုတ်ကို ချောက်ခနဲ ဖွင့်လိုက်သည်။

"ဟယ်..."

မြင်ကွင်းမှာ ပိုးလိုးပက်လက်လန်နေတော့၏။

ခင်မောင်ဦးသည် လူးလဲ၍ထလိုက်သည်။ သန္တာဆန်းမှာလည်း လက်ကို ဖြေပေးလိုက်၍ လူးလဲထသည်။ ပြီးတော့ ခင်မောင်ဦးကို တလက်လက်တောက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။





သို့သော် ပထမဆုံးစကားပြောသူကတော့ ဦးဆန်းထူးပင်ဖြစ်သည်။

"ဟယ်...မောင်ခင်မောင်ဦးကိုး၊ ငါ့သမီးကို ဒီလိုလုပ်တာ
တော့ မကောင်းပါဘူးကွယ်"

ခင်မောင်ဦးမှာ ပျာပျာသလဲဖြစ်သွား၏။

"ခင်ဗျာ... ကျွန်တော် ဘယ်လိုမှမလုပ်ရသေးပါဘူး
ခင်ဗျာ"

"သြော်...ငါပြောတာက မှောင်ထဲကိုခေါ်ပြီး ကျောနဲ့
ဖိထားတာ မကောင်းပါဘူးလို့ ပြောတာ"

"အို...ဒက်ဒီကလည်း..."

သန္တာဆန်းသည် အဖေကို ဝင်ဟန့်လိုက်ပြီး ခင်မောင်ဦးကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

"ထင်တဲ့အတိုင်းပါပဲကလား၊ အကြံပက်စက်လှချည်
ကလား၊ ပြောစမ်းပါဦး၊ ဒီညမှာကော ပန်းချီကားကို ဘာလုပ်
ချင်ပြန်သလဲ၊ ဒီက ဒီခြေတွေကိုသိလို့ ထချောင်းတာရှင့်၊
ကိုင်း...ဘာမုန်လာဥလုပ်ချင်သေးလဲ..."

ခင်မောင်ဦးသည် သန္တာဆန်းကို ညှိုးငယ်စွာသာကြည့်လိုက်သည်။ ဘာတစ်ခွန်းမျှ မပြောချေ။ တရားခံဖော်ထုတ်ရန် ကြံကာမှ မိမိမှာ တရားခံလုံးလုံးဖြစ်ရချေပြီ။ နောင်ကို ဘယ်တော့မှ အပြစ်ရှာနေသူထံတွင် အပြစ်မှလွတ်ရန် မကြိုးစားတော့ဟူ၍ သန္နိဋ္ဌာန်ချမိသည်။ သြော်... ဝဋ်ပုလွေမလေး သန္တာဆန်းရယ်။

ဦးညွန့်မောင်ကား ခင်မောင်ဦးသည် မဖြစ်ညစ်ကျယ်အလုပ်မျိုးကို လုပ်လိမ့်မည်ဟု မယုံကြည်။ မိမိကို အမှန်အတိုင်းပင် ထုတ်ပြောထား

သည်ဟု ယုံကြည်၏။ ခင်မောင်ဦး မလိမ်တတ်မှန်းကို သိပြီးဖြစ်သည်။ ယခုကိစ္စကို နောက်မှ နှစ်ယောက်ချင်း မေးကြည့်မည်ဟု စိတ်ကူး၏။ သူ့တွင် လောလောဆယ် သိချင်နေသော ပြဿနာရှိနေသည်။

"ဒါထက် မှောင်နေတုန်းက ငါ့ဗိုက်ကို ဘယ်သူထိုးသလဲ..."

"ဪ...ကျွန်မပါ ကိုကိုရဲ့၊ ထိုးတာမဟုတ်ပါဘူး၊ လက်နဲ့တိုက်မိတာပါ"

"တိုက်မိတာကလည်း နည်းနည်းနောနောအရှိန် မဟုတ်ဘူး၊ ထားပါတော့၊ ဘာဖြစ်လို့ နောက်စိကို ဆက်ကုတ်ရတာလဲ"

ဤတွင် ဦးဆန်းထူးက ဝင်ပြောရသည်။

"ကိုညွန့်မောင်ရဲ့နောက်စိကို ကုတ်တာကတော့ ကျွန်တော်ပါ..."

"ဟေ...ဘာဖြစ်လို့များလဲကွာ..."

"မီးခလုတ် စမ်းတာပါ"

"ဟယ်...နောက်စိမှာ မီးခလုတ်နဲ့လူကို မင်း အလုပ်လုပ်တဲ့စက်ရုံမှာ တွေ့ဖူးတယ်ဆိုပါတော့..."

"ဟီး...ဟီး...မဟုတ်ပါဘူး၊ နံရံပေါ်က မီး ခလုတ်စမ်းတာ မှောင်ထဲမှာမို့ ကိုညွန့်မောင်ရဲ့နောက်စိကို ကုတ်မိတာပါ"

ထိုအခိုက်တွင် သန္တာဆန်းသည် ဦးညွန့်မောင်ကိုပင် ဒေါသနှင့် လှည့်ကြည့်မိသည်။

"ဘာလဲ ဦးဦးက ဦးဦးရဲ့တူကို မောင်းချရမှာ ကြောက်





လို့လား၊ ဒီလို ဝေ့လည်ကြောင်ပတ် မလုပ်ပါနဲ့၊ အပြစ်ရှိတဲ့လူကို ဖော်ထုတ်ပါ..."

ခင်မောင်ဦးမှာ ကြာရှည်ငြိမ်မနေနိုင်ပါ။

"ဒီမှာ မသန္တာ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ၊ ကျွန်တော်နေနေတဲ့အိမ်မှာ မှောင်ထဲလမ်းလျှောက်တာဟာ အပြစ်လား..."

"ဪ...လိမ်ချင်သေးတယ်ပေါ့ ဟင်..."

သန္တာဆန်းသည် စိတ်လိုက်မာန်ပါနှင့် ခင်မောင်ဦး၏ ဦးစွန်းဖုတ်ကို ဆုပ်ဆွဲလိုက်သည်။ သူက အရပ်နိမ့်သဖြင့် ခင်မောင်ဦးက ခေါင်းငုံ့လာရ၏။ ထိုအခါတွင် သန္တာဆန်းသည် လက်ဝါးကိုဖြန့်၍ ရွယ်သည်။ သို့သော် ရိုက်တော့ မရိုက်ပါ။

"မင်းအသက်ကလေးနဲ့များ ငါ့ကို မသန္တာလို့ မခေါ်နဲ့၊ မှန်မှန်ပြောစမ်း၊ မင်း ဘာကိုကြံတာလဲ..."

ခင်မောင်ဦးသည် ဘာမှပြန်မပြောတော့ချေ။ ထိုအခါ သန္တာဆန်းမှာ မရိုးမရွဖြစ်လာပြီး ပတ်ချာလည် လှည့်ကြည့်၏။

"ဟင်...ကိုကိုကျော်ကော၊ သူ အိပ်ရာက မနိုးဘူးထင်တယ်"

ဒီကိစ္စမှာ သူဟာ အရေးအကြီးဆုံးလူပါ၊ သူ့ကိုခေါ်ပြီး စစ်ခိုင်းမှ...

ဦးဆန်းထူးသည် အပေါ်ထပ်သို့တက်၍ ခေါ်မည်ကြံကာ ခြေလှမ်းလိုက်စဉ်...၊ ဦးညွန့်မောင်က ရုတ်တရက် ကောက်ကာငင်ကာ "ငါသွားခေါ်မယ်၊ ငါသွားခေါ်မယ်"ဟု ပြော၍ လှေကားမှ ပြေးတက်သွားလေ၏။

သန္တာဆန်းသည် ခင်မောင်ဦး၏ ဦးစွန်းဖုတ်ကို ဆက်လက်၍

ဆုပ်ဆွဲမြဲ ဆုပ်ဆွဲထားရာ ခင်မောင်ဦးခများမှာ ခေါင်းကလေး ငိုက်စိုက်ငိုက်စိုက်နှင့် ဖြစ်နေရသည်။ ဤသည်ကိုပင် ဒေါ်သိန်းဟန်က မကြည့်ချင်ဖြစ်လာဟန်တူ၏။

"ဟဲ့...သမီးရဲ့၊ ကိုကိုကလည်း ချက်ချင်းပြန်ဆင်းလာတာ မဟုတ်ဘူး၊ ကောင်လေးဆံပင်ကို လွှတ်လိုက်ပါဟယ်၊ သနားပါတယ်၊ သူ ပြေးမှာမဟုတ်ပါဘူး..."

ဒေါ်သိန်းဟန်သည် သမီးကိုပြောနေရာက ခင်မောင်ဦးဘက်သို့ လှည့်၍ ဆက်ပြောပြန်သည်။

"ဟုတ်တယ်မဟုတ်လား... ငါ့တူ၊ မင်း...မပြေးပါဘူးနော်..."

"မပြေးပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် ဘာလို့ပြေးရမှာလဲ၊ ဒါပေမဲ့ သူက ဒီလိုဆွဲထားရမှ ကျေနပ်မယ်ဆိုရင်လည်း ဆွဲထားပါစေလေ..."

ခင်မောင်ဦးက ဤသို့ပြောလိုက်မှ သန္တာဆန်းသည် စိတ်ကူးတစ်မျိုးပေါက်သွားကာ ဆောင့်တွန်း၍လွှတ်လိုက်၏။ ပြီးနောက် လှေကားဆီသို့ မျှော်ကြည့်ရင်း ညည်းလိုက်သည်။

"ဦးဦးကလည်း ကြာလိုက်တာနော်၊ ကိုကိုကျော်ဟာ ဒါလောက် နှိုးရမခက်ပါဘူး"

ထိုအခါ ဦးဆန်းထူးက ကောက်ကာငင်ကာ ဝင်ပြောပြန်၏။

"ဟဲ့ သမီးရဲ့၊ သူ့မယားကလေးလည်း မတွေ့ဘူး၊ သူ့ကောင်မလေးကိုပါ ဝင်နှိုးနေပြီထင်တယ်၊ ငါ တက်ကြည့်လိုက်ဦးမယ်လေ"





သို့သော် သူ များများမသွားရပါ။ ခြေကလေး သုံးလေးလှမ်းလောက်တွင်ပင် ဦးညွန့်မောင်ကြီး ဆင်းလာလေ၏။ သူ့နောက်က ဘယ်သူမှ မပါလာသဖြင့် အားလုံး အံ့အားသင့်နေစဉ် ဦးညွန့်မောင်သည် ငိုသံပါကြီးနှင့် ပြောချလိုက်သည်။

"မရှိတော့ဘူးဟော့ မရှိတော့ဘူး"

"ဘာမရှိတာလဲ ကိုညွန့်မောင်ရဲ့"

"သံပရာယိုလည်း မရှိဘူး..."

"သမ္မာကျော်ပါ သံပရာယို မဟုတ်ပါဘူး"

"အေး၊ အဲဒီကောင်လည်း မရှိဘူး၊ မျိုးမျိုးလည်း မရှိတော့ဘူး"

"အိမ်သာပြိုင်တက်နေကြတယ်ထင်တယ်..."

"ကြံကြံဖန်ဖန်ကွာ၊ ရော့...စာနှစ်စောင်၊ ဒါက မျိုးရဲ့ခေါင်းအုံးဘေးက ရတယ်၊ ဒါက မျိုးရဲ့သေတ္တာထဲက ရတယ်၊ မင်းပဲဖတ်ကြည့်ပါတော့..."

ဦးညွန့်မောင်သည် စွပ်ကျယ်လက်ကြီးနှင့် မျက်ရည်စများကို သုတ်လေသည်။ ထိုအခိုက်တွင် ခင်လှမျိုး၏ ခေါင်းအုံးဘေးကတွေ့သည်ဆိုသောစာကို ဦးဆန်းထူးက ဖတ်ပြသည်။ စာကား ခင်လှမျိုးက ရေးခဲ့သောစာ ဖြစ်၏။

**အစ်ကို**

မျိုးကို ခွင့်လွှတ်ပါ။ မျိုးဟာ ကိုကိုကျော်နဲ့ လိုက်သွားပါပြီ။ တိုက်တွေ ကားတွေထက် ကိုကိုကျော့်မေတ္တာကို ပိုပြီး

မက်ပါတယ်။ အစ်ကို့အနေနဲ့ ငါသေလည်း သူ ဒီလိုလုပ်မှာ ပဲဆိုပြီး ဖြေရစ်ပါတော့။ မျိုးကို တကယ်ချစ်ရင် အနှောင့် အယှက်မပေးပါနဲ့နော် အစ်ကို…

အစ်ကို့အချစ်ကို ယုံစားတဲ့
**ခင်လှမျိုး**

ဦးဆန်းထူးသည် စာကို ကျယ်ကျယ်ဖတ်ပြပြီး ဦးညွှန့်မောင်ကို မော့ကြည့်လိုက်သည်။ ဦးညွှန့်မောင်က ရှိုက်၍ပြော၏။

"ငါ…အေ့ ငါ သူ့ကိုချစ်လို့ အေ့…အေ့… မနှောင့်ယှက် တော့ပါအေ့…ဘူးအူး"

ဦးဆန်းထူးသည် နောက်စာတစ်စောင်ကို ဖွင့်လိုက်ပြန်သည်။

"အလို…ဒါက ယောကျ်ားလက်ရေးပါလား…"

တစ်ဆက်တည်းပင် ဦးဆန်းထူးသည် စာကို ကျယ်ကျယ်ဖတ်ပြ၏။

**မျိုး…**

ညက မျိုးက ကိုယ့်အရုပ်ပုံမှာ နှုတ်ခမ်းမွှေးတွေ မျက်မှန် တွေ တပ်ပေးထားတာ ကိုယ်က မသိတော့ စိတ်ဆိုးမိတာပါ၊ နောက်မှ မျိုးက လာရှင်းပြလို့ ကိုယ့်ရင်ကိုဖွင့်ပြီး အချစ်ရေးကို လှစ်ပြလိုက်မိ ရပါတယ်။ မျိုးရဲ့ဘဝဟာ လွတ်လပ်တာ မဟုတ်လို့ ခြေလှမ်းကျဲမှ ဖြစ်တော့မယ်။ မျိုး ကိုယ့်ကိုချစ်ရိုး မှန်ရင် ညကျတော့ ပန်းချီဆွဲတဲ့အခန်းထဲလာခဲ့၊ ကိုယ် ဆင်း စောင့်နေမယ်။ ကိုယ်တို့ယူသွားမယ့်ပစ္စည်းတွေကို ညနေစောင်း





လောက်ကတည်းက ပန်းချီဆွဲတဲ့အခန်းထဲ ထည့်ထားကြတာ ပေါ့…။

မျိုးကိုယုံစားရတဲ့
**ကိုကိုကျော်**

ဦးဆန်းထူးသည် စာဖတ်ပြီးသောအခါ သူ၏ဇနီး ဒေါ်သိန်းဟန် ဘက်သို့ လှည့်လိုက်၍ သံဝေဂစကားကို ဆို၏။

"ခုကာလ ကောင်လေးတွေ ကောင်မလေးတွေဟာ နေ့မြင် ညကြိုက်တာပါပဲကလား"

ခင်မောင်ဦးကတော့ အခြား ဘာမျှမပူ။ သမ္ဘာကျော် မရှိတော့၍ သန္တာဆန်း စိတ်သောကရောက်မှာကိုသာ စိုးမိ၏။ သို့သော် သန္တာဆန်း မှာကား သူထင်သလို စိတ်ထိခိုက်ပုံမရှိချေ။ သူ့ဦးလေးကိုသာ ကြည့်၍ ပြောသည်။

"ဦးဦးရယ်၊ လူငယ်ဟာ လူငယ်နဲ့ပဲ တော်ပါတယ်၊ ဒီတော့ မျိုးအပေါ်မှာ သံယောဇဉ်ဖြတ်လိုက်ပါတော့၊ ကိုကို ကျော်ဆိုတဲ့ကောင်လေးက ဒီလိုပဲ ရည်းစားလက်ကိုင်မရှိရင် မနေတတ်ဘူး၊ တလောက သူ့ရည်းစား တခြားလူနဲ့ ယူသွား ပြီးကတည်းက သူ ပျာလောင်ခတ်နေတာ ခုတော့ ငြိမ်သွား မှာပါ"

ထိုအခိုက်တွင် ဦးဆန်းထူးသည် ခင်မောင်ဦးကို ပြူးကြည့်၍ ချဉ်းကပ်လာ၏။

"ဟော့…အရုပ်ကို နှုတ်ခမ်းမွှေးတပ်တာက ခင်လှမျိုးဆိုပဲ၊

မင်းက တရားခံလည်းမဟုတ်ဘဲနဲ့ ဒီညမှာ ဘာဖြစ်လို့ ပန်းချီကားထားတဲ့အခန်းနားကို ရောက်နေရတာလဲကွ"

"ဪ...တရားခံကို လက်မှုလက်ကြပ်များ ဖမ်းပေးနိုင်မလားလို့ပါ ဦးလေးဆန်းရယ်"

ခင်မောင်ဦးသည် ရှက်ကိုးရှက်ကန်းအမူအရာနှင့်ပြော၍ သူ့အိပ်ရာဆီသို့ ပြန်တက်ပြေးလေတော့၏။

❊ ❊ ❊

ခင်မောင်ဦးသည် နံနက်သုံးနာရီကျော်နေပြီဖြစ်သော်လည်း အိပ်ရာသို့ ပြန်၍ရောက်သည့်အခါတွင် ဆက်လက်အိပ်ချင်စိတ်မရှိတော့ချေ။ နဖူးပေါ် လက်တင်၍သာ သက်ပြင်းတချချနှင့် ဖြစ်နေ၏။

မိမိ၏ဘဝသည် အောက်ကျလှချေ၏တကား။ မိန်းမဟူသည် သူ့ကို ချစ်မှန်းသိလျှင် စကြဝတေး မန္တာတ်မင်းကိုသော်လျက် ကျေးကျွန်သဖွယ် ထင်မြင်တတ်ကြသည်ဟူသော ရှေးစကားသည် မှန်လှချေသည်။

"စကြာမင်းစစ်၊ ဖြစ်လင့်တပဲ၊ ဝမ်းထဲဟာစိ၊ တပ်မှန်းသိက၊
မိမိခြေအောက်၊ ကျွန်သဘောက်မျှ၊ သို့လောက်ထင်ငြား၊
မလောက်ဝံ့လားဘူး"

ဤမည်သော မဃဒေဝလင်္ကာသစ်လာ စကားစုကလေးသည် ခင်မောင်ဦးကို သရော်နေတော့သည်။ နှလုံးသား၏ ပိုင်စိုးပိုင်ရာ မေတ္တာသန့်သန့်ကို ပဏ္ဍာတင်သသော်၊ အမျှပေး၍ မတုံ့ပြန်ချင်နေ ကောင်းပါသည်။ အမုန်းကို မတုံ့ပြန်သင့်ပါ။ နှင်းဆီပန်းအပွင့်ပေးသည်ကို ဆူးဖြင့် ပြန်သင့်ပါသလား။





ခင်မောင်ဦးသည် သန္တာဆန်းကို စိတ်မနာရက်သဖြင့် ဘာမဆိုင်သာမဆိုင် မိမိ၏ဘဝကြီးကို စိတ်နာမိ၏။

နံနက်လင်းရောင်ခြည်ကလေး ပေါ်လာသည်နှင့် တစ်ပြိုင်နက် ခင်မောင်ဦးသည် အောက်သို့ဆင်းလာ၏။ ယခင်ကဆိုလျှင် အောက်ထပ်တစ်နေရာတွင် သန္တာဆန်းကို တွေ့လိုတွေ့ငြား ငဲ့စောင်း၍ မသိမသာ ရှာဖွေကြည့်ရှုတတ်ပါ၏။ ယနေ့အဖို့တော့ မရှာတော့ပါ။ ချစ်ပါသည်။ ကြင်ပါသည်။ သို့သော် ရှောင်လိုပါပြီ။

ရေချိုးခန်းဆီသို့သာ တန်းလာ၍ မျက်နှာသစ်ရန် ပြင်လိုက်၏။ တစ်ဖန် ခဏမျှတွေသွားသည်။ မအိပ်သောသူသည် မျက်နှာသစ်ရန် လိုပါ၏လော။

"အို...ဘာဖြစ်ဖြစ် မနေ့က မျက်နှာကြီးဟာ တစ်နေကုန်ရင် ဟောင်းသွားရောပေါ့၊ ဒီတော့ သစ်လိုက်တာ ကောင်းပါတယ်လေ"

သူ့စိတ်၏အမေးကို သူ့စိတ်ကပင် အဖြေပေး၍ မျက်နှာကို သစ်လေတော့သည်။ ပြီးသော် ခေါင်းကလေးဘာလေးဖြီး၍ ဈေးဘက်ဆီသို့ ထွက်လာခဲ့၏။ ခြံဝတွင် အိမ်ဖော်အဒေါ်ကြီးက "အလို...ကိုဦး ထူးဆန်းလှချည်ကလား၊ စောစောစီးစီး ဘယ်သွားမလို့လဲ"ဟု မေးသည်။ ခင်မောင်ဦးကမူ ဈေးတွင် မုန့်ကလေးဘာလေး သွားဝယ်စားမည်ဟုပြော၍ ထွက်ခဲ့၏။ သူ့စိတ်ထဲတွင်ကား တတ်နိုင်သရွေ့ အိမ်နှင့်ဝေးဝေးနေလိုသည်ဖြစ်၍ မနက်စာစားခါနီးမှ ကပ်၍ပြန်လာတော့မည်ဟု ပိုင်းဖြတ်ထားပြီးသား ဖြစ်ပေ၏။

နေသည် တရွေ့ရွေ့နှင့် တက်လာသည်။

သန္တာဆန်းသည် အိမ်ရှေ့ဘက်တွင် သန့်ရှင်းရေးလုပ်နေခိုက် စာပို့လုလင်သည် ဝင်ရောက်လာခဲ့၏။

"ဒီအိမ်မှာ မောင်လွမ်းပင် ရှိသလားခင်ဗျာ"

သန္တာဆန်းသည် မျက်မှောင်ကလေးကုတ်သွား၏။

"ဘာကွ ဘာပင်ကို မေးတယ်"

"သစ်ပင်မဟုတ်ပါဘူး အစ်မရဲ့၊ စာရေးဆရာ မောင်လွမ်းပင် ရှိသလား"

သန္တာဆန်းသည် တွေသွားရပြန်၏။ မျက်ရည်ကို တောက်တောက်ယိုအောင် ချူတတ်ပါသော စာရေးဆရာမောင်လွမ်းပင်။ တစ်အုပ်တည်းနှင့် ခွဲသွားရပါသော စာရေးဆရာမောင်လွမ်းပင်။ ဘယ်သူပါလိမ့်...။

သန္တာဆန်းက ဤသို့ ဇဝေဇဝါဖြစ်နေသောအခါ စာပို့လုလင်ကလေးသည် စာရွက်ကလေးကို ထုတ်၍ကြည့်၏။

"သူ့မှာ လူနာမည်ရှိသေးတယ် အစ်မရဲ့"

"ဟင်...သူက ကြောင်လား"

"မဟုတ်ပါဘူး လူပါပဲ"

"အို...လူပဲ လူနာမည်ရှိမှာပေါ့"

"ဟာ...ကလောင်နာမည်တွင်မကဘူးလို့ ပြောတာပါ၊ သူ့နာမည်က ဆောင်တော်ကူး၊ ဟင်း... မဟုတ်သေးပါဘူး၊ အဲ...သူ့နာမည်က ခင်မောင်ဦးတဲ့၊ ကိုခင်မောင်ဦး ရှိသလား"

သန္တာဆန်းမှာ ပါးစပ်ကလေးဟသွားမိအောင်ပင် အံ့အားသင့်သွားရတော့သည်။ သူစွဲလမ်းရသော စာရေးဆရာသည် ခင်မောင်ဦး ဆိုပါကလား။





ချက်ချင်းပင် ခင်မောင်ဦးကို လိုက်ရှာ၏။ မတွေ့ပါ။ နောက်ဆုံး အိမ်ဖော်အဒေါ်ကြီးပြောမှ အပြင်ထွက်သွားမှန်း သိ၏။

"သူတော့ မရှိဘူးကွယ်၊ စာပေးစရာရှိရင် ပေးခဲ့လေ"

"စာပေးဖို့မဟုတ်ဘူး အစ်မရဲ့၊ စာမူခငွေရောက်လို့ပဲ၊ မှတ်ပုံတင်ကတ်ပြားနဲ့ စာတိုက်မှာ လာယူပါနော်"

ကောင်ကလေး ပြန်သွား၏။

သန္တာဆန်းသည် သန့်ရှင်းရေးဆက်မလုပ်နိုင်တော့ပါ။ သူ့စိတ်တွေ မသန့်မရှင်းဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ထောင့်တစ်ထောင့် ကုလားထိုင်တွင်ထိုင်ကာ ငေးနေမိတော့သည်။ သူ့စိတ်အာရုံထဲတွင်လည်း ညက ဦးစွန်းပုတ်ကလေးဆွဲထားစဉ်က ကုပ်ကုပ်ကလေးငြိမ်နေသော ခင်မောင်ဦး၏ပုံကလေးကို မြင်လာမိသည်။ စင်စစ် သူသည် ဘာအပြစ်မှမရှိ။ သို့သော် မရထိုက်သည့်အပြစ်ကို မိမိကပေး၍ နှစ်နှစ်နာနာတွေ ပြောလုပ်ခဲ့သော်လည်း ခမျာမှာ ဘာတစ်ခွန်းမှ ခွန်းတုံ့မပြန်ခဲ့ပါ။ မိမိကသာ စွပ်စွဲခဲ့သည်။ အမှန်မှာ ညက သူသည် တရားခံဖော်ထုတ်ရန် လာခြင်းဖြစ်သည်ဟု ဆိုခဲ့၏။ ဘာကြောင့်များ တရားခံ ဖော်ထုတ်ချင်နေရတာပါလိမ့်။

ထမင်းစားချိန်နီးလတ်သော် ခင်မောင်ဦးသည် ပြန်ရောက်လာလေ၏။ မျက်စိကလည်း ဘယ်မှမကြည့်၊ ခြေဦးကိုလည်း ကွေ့ကွေ့ပတ်ပတ်တွေမလုပ်ဘဲ သူ့စာရေးခန်းဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်ခဲ့သည်။ ပြီးတော့ ဆက်၍မရေးနိုင်တော့သည့် ရေးလက်စ "ချစ်နာတာရှည်" ဝတ္ထုစာမူတွေ ရှေ့၌ချကာ ပြတင်းပေါက်အပြင်ဘက်ဆီသို့ ငေးမော ကြည့်ရှုနေ၏။ ယင်းအခိုက်အတန့်တွင် သန္တာဆန်း ဝင်ရောက်လာခဲ့ခြင်း

ဖြစ်သည်။

"ကိုဦး..."

"အောင်မယ်လေးဗျ..."

ခင်မောင်ဦး လန့်၍အော်မိရာ သန္တာဆန်းပင် နောက်သို့ တွန့်သွားသည်။ ခင်မောင်ဦးသည် သန္တာဆန်းကို မျက်လုံးပြူးကြီးများနှင့် ဆက်လက်ကြည့်နေရာ သန္တာဆန်းမှာ တုန်တုန်ရီရီ ဖြစ်လာလေ၏။

"ကို...ကိုဦး..."

"ခင်ဗျာ...ကျွန်တော့်ကိုခေါ်တာမှ ဟုတ်ပါ့မလား"

"ဟုတ်ပါတယ် ကိုဦး၊ မင်းကို မသန္တာက ခေါ်တာပါ"

ခင်မောင်ဦးသည် အံ့အားသင့်သွားရာက ကပျာကယာ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့ ခပ်လှမ်းလှမ်းမှ ကုလားထိုင်တစ်လုံးကို ပြေးယူ၍ ထိုင်ခိုင်း၏။

"မသန္တာ ထိုင်ပါ၊ အခု ဘာစွပ်စွဲစရာ ကျန်သေးလို့ လာပြန်တာလဲဟင်"

"ဒီလိုမပြောပါနဲ့လားဟင်၊ မင်းဟာ မောင်လွမ်းပင် မဟုတ်လား"

"ဟော...စွပ်စွဲပြန်ပြီ"

"အောင်မာ မညာပါနဲ့၊ စာတိုက်က စာမူခ လာယူပါတဲ့"

"စာတိုက်က စာမူခလာယူပါဆိုတာနဲ့ ကျွန်တော်ဟာ မောင်လွမ်းပင် ဖြစ်ကရောလား"

သန္တာဆန်းသည် ဆတ်ခနဲ ရှေ့ကစာရွက်တွေကို ဆွဲယူကြည့်လိုက်သည်။ ရှေ့ဆုံးစာမျက်နှာပေါ်တွင် ဝတ္ထုနာမည်နှင့် ကလောင်အမည်ပါ





ပါနေ၏။

"ဒါတွေက ဘာလုပ်တာလဲ ပြောစမ်းပါဦး"

"ဒါတွေက ဈေးက ကုန်ထုပ်မယ့်စက္ကူတွေ ဝယ်လာတာပါ"

"ကဲ...လိမ်ဦး...လိမ်ဦး..."

ပြောပြောဆိုဆိုနှင့် သန္တာဆန်းသည် ခင်မောင်ဦး၏ ရင်ဘတ်ကို လက်သီးဆုပ်ကလေးများနှင့် ထုလေ၏။

"နာတယ် မသန္တာရဲ့၊ မလုပ်ပါနဲ့၊ သြော်... တော်ပါတော့ဆို"

ထိုအခိုက်တွင် ဦးဆန်းထူးကြီးသည် အခန်းထဲသို့ အူယားဖားယားနှင့် ဝင်လာ၏။

"ဟဲ့...သမီး၊ ဘာဖြစ်ပြန်တာလဲ၊ ဒီကောင်က သမီးကို နှုတ်ခမ်းမွှေးတပ်ပေးပြန်ပြီလား...ဟင်"

သန္တာဆန်းသည် ပြုံးစနဲ့နဲ့နှင့် ဘာမှပြန်မဖြေဘဲ ဖခင်ကို မျက်စောင်းသာ ထိုးလိုက်သည်။

"အောင်မယ် မင်းအကြောင်းကို ငါ ကိုညွန့်မောင်ဆီက သိရပြီးပြီကွ၊ မင်း ဝမ်းသာပေတော့"

"ဘာအကြောင်းများလဲဗျာ"

"မင်း အလုပ်မရှိတာလေ"

"အလုပ်မရှိတာ ဝမ်းသာရမှာလား ဦးလေးဆန်းရဲ့"

"မဟုတ်သေးပါဘူး၊ ငါတို့စက်ရုံမှာ စက်ရုံ အလုပ်ရုံဆိုင်ရာ စိတ်ပညာရှင်တွေ အလုပ်ခန့်ဖို့ စီမံကိန်းဆွဲထားတယ်

ကွ၊ မင်းက စိတ်ပညာအဓိကနဲ့ ကွဲ့ရစာမေးပွဲအောင်ပြီးပြီဆို"
ခင်မောင်ဦးက ခေါင်းကိုသာ ညိတ်ပြ၏။

"ငါ ရန်ကုန်ကိုပြန်ပြီးလို့ စီမံကိန်း အကောင်အထည်ပေါ်ရင် မင်းဆီ စာရေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ် ဦးလေးဆန်းရယ်"

ဦးဆန်းထူးကြီး ပြန်ထွက်သွားလေသည်။ ထိုအခါတွင်မှ ခင်မောင်ဦးသည် သန္တာဆန်းကိုကြည့်ရင်း ပြောလိုက်၏။

"ဦးလေးဆန်းကိုတော့ အားနာပါရဲ့၊ ဒါပေမဲ့ ဒီအလုပ်ကို လက်မခံချင်ဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"ကျေးဇူးခံ ကျေးဇူးစားမဟုတ်ဘဲနဲ့တောင် သူ့သမီးက နှိပ်စက်နေတာ၊ ကျေးဇူးခံသာဆိုရင် ပြောစရာမရှိဘူး၊ အလုပ်မှာတောင် ကပ်ပါးငရဲကြီး ဖြစ်နေရမှာပေါ့"

သန္တာဆန်းသည် မျက်ရည်တွေ ရစ်ဝဲလာလေ၏။

"ကိုဦး၊ စွဲမယူပါနဲ့ကွယ်၊ မသန္တာ တောင်းပန်လို့ မရတော့ဘူးလား၊ နောက်ကို မနှိပ်စက်တော့ပါဘူး"

"ဘယ်လိုနှိပ်စက်တယ်ဆိုတာကော သိလို့လား"

"တစ်ဖက်သတ်အထင်လွဲတာနဲ့ ဆံပင်ဆွဲခဲ့တာကို ပြောတာမဟုတ်လား"

"မဟုတ်ပါဘူးလေ"

"အလို...ဒါဖြင့် မသန္တာက တခြား ဘယ်လိုများ နှိပ်စက်နေလို့လဲ"





ခင်မောင်ဦးသည် မိန်းမအမူအရာနှင့် မျက်စောင်းကလေးချိတ်လိုက်ကာ...

"သူများချစ်သလိုမှ ပြန်မချစ်တာပဲ"ဟု ပြောလိုက်လေသည်။

"သွားပါ အခြောက်ကြီးက"

"ကိုင်း...ဒါ အခြောက်လား...အခြောက်လား"

ပြောပြောဆိုဆိုနှင့် ခင်မောင်ဦးသည် ရုတ်တရက် သန္တာဆန်းကို ဖက်ပြီး အနမ်းမိုးတွေရွာပစ်လိုက်လေရာ ဝုန်းခနဲဝင်လာသော ဦးညွန့်မောင်မှာ ချက်ချင်းလိုလို ဘရိတ်ဖမ်းရသဖြင့် ကော့လန်လန်ကြီး ဖြစ်သွားလေ၏။

ကင်မောင်ဦးတို့လည်း ရှက်ကိုးရှက်ကန်းနှင့် လူချင်းခွာလိုက်ရသည်။

"ဟော့...မင်းမှန်တယ်ကွ"

"ကျွန်တော် ဂဏန်းတစ်ပုဒ်မှ တွက်မထားပါဘူး"

"ဘာလဲကွ၊ မင်းပြောတာ မှန်တယ်လို့ပြောတာ၊ ကြီးကြီးယူတာ ကောင်းတယ်ဟေ့၊ ငါလက်ခံပြီ၊ ငါ အခုပဲ မျိုးရဲ့ အမေအိမ်ကို ရောက်ခဲ့ပြီးပြီ"

"ဖြစ်မှဖြစ်ရလေ ဦးလေးရယ်၊ ဘာဖြစ်လို့ သွားပြီး ဒုက္ခပေးရတာလဲ"

"ဘာဒုက္ခပေးရမှာလဲ၊ သူ့သမီးက ငါ့ကိုပစ်သွားတာကို ငါ တမင်သွားပြောတာပေါ့ကွ၊ ဘယ်ရမလဲ ညွန့်မောင်ကွ၊ ဘယ်တော့မှ ငြိမ်မခံနေဘူး"

ခင်မောင်ဦးသည် စိတ်မသက်မသာဖြစ်သလို သက်ပြင်းချလိုက်

မိ၏။

"သနားပါတယ် ဦးလေးရယ်၊ ဘာဖြစ်လို့ ဒီ မုဆိုးမကို သွားပြီး ဒုက္ခပေးရတာပါလိမ့်၊ သူ့သမီး လင်နောက်လိုက်ပြေး တာ သူကကော ဘာတတ်နိုင်မှာလဲ ဦးလေးရာ"

"ဟာ…တတ်နိုင်လိုက်တာမှ သိပ်တတ်နိုင်တာပေါ့၊ သူ့ မှာ တာဝန်ရှိတယ်ကွ၊ သူ့သမီးလုပ်သမျှ သူ့မှာတာဝန်ရှိတယ်"

"ဦးလေးက သွားပြီး ခြိမ်းခြောက်တယ်ထင်တယ်။ ဒါနဲ့ ဒေါ်လုံးကြွကြီးက ပြန်ခေါ်ပေးမတဲ့လား"

ဦးညွန့်မောင်သည် အားရပါးရ ရယ်လိုက်သည်။

"ဘယ်က ဟုတ်ရမှာလဲကွ၊ သူ့သမီးမရှိတော့ သူက ငါ့ကို လက်ထပ်ပါ့မယ်လို့ ကတိပေးလိုက်ပြီလေ၊ မင်းပြော တာကို ငါလက်ခံတယ်၊ မိန်းမဆိုတာ အသက်ကြီးကြီးကိုယူမှ ကောင်းတယ်လေ"

သန္တာဆန်းမှာ ရယ်ရမလို ပြုံးရမလိုနှင့်ဖြစ်၍ ခေါင်းကိုငုံ့ပြီး "တော် တော်ကဲတဲ့ ဦးဦးပဲ"ဟု ရေရွတ်လိုက်လေတော့သည်။

* * *





ဦးညွန့်မောင်တို့လင်မယားသည် ခင်မောင်ဦး အလုပ်မရသေးမီ စာရေးနေသမျှကာလပတ်လုံး ခင်မောင်ဦးတို့လင်မယား အသစ်စက်စက် ကို အိမ်မှာပဲနေရမည်ဟု အတင်းအကျပ်ဆိုထားဘိ၏။ သို့သော် ထမင်း ကိုကာ အိုးခွဲ၍ ချက်စားစေသည်။ သို့ဖြစ်ရကား အိမ်ကြီးတစ်ဆောင်နှင့် မီးနှစ်ပြောင်ဖြစ်နေရခြင်းပင်တည်း။

**[စန္ဒာရုပ်စုံမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၇၅]**

**ကြပ်ကလေး**



[ ၁ ]

တစ်ခါတုန်းက ဟာသကြိုက်သောသူများနေထိုင်ကြသည့် မြို့ကြီးတစ်မြို့၌ ဟာသပွဲတော်တစ်ခု ကျင်းပ၏။

အနယ်နယ်အရပ်ရပ်မှ ဟာသကြိုက်သောသူများသည် ရယ်မောပျော်ရွှင်ရန်အတွက် ထိုမြို့လေးသို့ ရောက်လာကြ၏။

မြို့ခံလူများ အခြားမြို့မှ ဟာသကြိုက်သူများ၊ ဟာသပွဲတော် ဘာလဲဆိုတာ သိရန်အတွက် လာကြသူများနှင့် ပွဲတော်သည် စည်စည်ကားကားရှိနေ၏။

ထိုစဉ်…

ဟာသပွဲတော်သို့ ဟာသမကြိုက်သော သူတစ်ဦး ရောက်လာလေ၏။

သူသည် ဟာသကိုမုန်း၏။

အခု ဟာသပွဲတော်သို့ ရောက်လာရခြင်းမှာလည်း ဟာသလုပ်သူများ ဟာသပြောသူများကို လှောင်ပြောင်ရန်၊ ရှုံ့ချရန် ပွဲတော်အတွင်း၌ အပြောင်အပြက်လုပ်ရန်ဖြစ်သည်။ သူ၏အမည်မှာ "မောင်ငှက်ပျောဖူး" ဟူ၍ဖြစ်သည်။

●

[ ၂ ]

ငှက်ပျောဖူးသည် ပွဲတော်အတွင်း၌ ခြေဦးတည့်ရာ လျှောက်သွားနေလေ၏။ ကြောင်ကြောင်ကျားကျားနှင့် ဟာသလုပ်နေသူများကိုတွေ့လျှင် မျက်နှာကို တည်ပြီး လက်ကြီးပိုက်ကာ 'မိန့်မိန့်ကြီး' ဆိုသည့် အကြည့်ဖြင့် ကြည့်၏။

'မရယ်ရပါဘူးကွ၊ မင်းဟာကြီးကလည်း' ဆိုသည့်အိုက်တင်ဖြစ်သည်။ ဤသို့ဖြင့် တစ်နေရာတွေ့လိုက် မျက်မှောင်ကြုတ်ကာ ကြည့်လိုက်...။

နှုတ်မှလည်း...

"ဟွန်း...လူတွေကလည်း ဘာမှမဟုတ်တာကို ရယ်နေတယ်"

ဟုပြောကာ တစ်နေရာပြီးတစ်နေရာ လျှောက်ကြည့်နေလေ၏။

ထိုစဉ်

ပွဲတော်တစ်နေရာရောက်သောအခါတွင် စိတ်ဝင်စားဖွယ် ကောင်းသော ဆိုင်းဘုတ်တစ်ခုကို တွေ့လိုက်ရ၏။



မဖြေနိုင်ဘူးမှတ်လား

သူစိတ်ဝင်စားသွားသည်။

ထို့ကြောင့် ရုံထဲသို့ဝင်လိုက်၏။

●

[ ၃ ]

သူရုံထဲသို့ဝင်လိုက်သောအခါတွင် လူတော်တော်များများသည် နံရံပေါ်တွင်ချိတ်ထားသော ကြီးမားသည့်စာရွက်ကြီးတစ်ရွက်အား ဖတ်နေလေ၏။

သူလည်း သူတို့နည်းတူကြည့်မိလိုက်သည်။

"ဟင်…"

စာရွက်ပေါ်တွင် မေးခွန်းအချို့ရေးထားလေ၏။

ဤသည်ကို လူများက ဝိုင်းဝန်းကာ စဉ်းစားနေကြခြင်းဖြစ်သည်။

ဘာမေးခွန်းတွေမို့လို့လဲ…။

မေးခွန်းများအောက်တွင်လည်း 'မဖြေနိုင်ဘူးမှတ်လား၊ သိနေတယ်၊ သိနေတယ်"ဟု ရေးထား၏။

သူ တင်းသွားသည်။ မခံချင်စိတ်လည်းဖြစ်သွားသည်။

ဘာတွေလဲ…။

ဘာကြောင့် မဖြေနိုင်ရမှာလဲ…။





ထို့ကြောင့် သူသည် သူများနည်းတူ မေးခွန်းများကို ဖတ်လိုက်၏။

(၁) နေမကောင်းဖြစ်နေတဲ့ အဘိုးအိုတစ်ဦးသည် သူ့ကိုယ်သူ သေခါနီးပြီလို့ ဘယ်လိုလုပ်သိနိုင်သလဲ။

(၂) လူတစ်ယောက်က အသီးတစ်သီးကို ထမ်းသွားတယ်။ အဲဒါ ဘာသီးဖြစ်နိုင်မလဲ။

(၃) အစိမ်းရောင်လူသားကို အနက်ရောင်ပင်လယ်ထဲ ပစ်ချရင် ဘာဖြစ်လဲ။

(၄) စာရေးဆရာတစ်ယောက်ဟာ ဗိုက်ဆာတာနဲ့ စာရေးရင် ကောင်းမလား၊ ဗိုက်ပြည့်တာနဲ့ စာရေးရင်ကောင်းမလား။

စသည့်မေးခွန်းများဖြစ်၏။

သူစဉ်းစားလိုက်သည်။

ထို့နောက် 'မဖြေနိုင်ဘူးလား သိနေတယ်၊ သိနေတယ်' ဟူသော စာသားအား လက်ညှိုးထိုးပြီးနောက် လူအများ ကြားလောက်အောင် အော်မေးလိုက်၏။

"ဒါ ဘယ်သူရေးထားတာလဲ"

အားလုံးက သူ့ကို ဝိုင်းကြည့်ကြသည်။

သူ့ကို အူကြောင်ကြောင်နဲ့ကြည့်နေခြင်းဖြစ်သည်။ သူ ထပ်မေးလိုက်သည်။

"ဒီစာသားကို ဘယ်သူရေးတာလဲလို့"

လူငယ်လေးတစ်ဦးက လက်ညှိုးထောင်လိုက်ကာ…

"ကျွန်တော်ရေးတာပါ"

ဟုပြော၏။

သူသည် လူငယ်လေးကို တစ်ချက်ကြည့်လိုက်၏။ ပြီးနောက်...

"ဒီမှာ"

"ဟုတ်ကဲ့...ပြောပါ"

"ဒီမေးခွန်းတွေဖြေနိုင်ရင် ဒီစာသားကို ပြောင်းပေးမှာ လား"

"ဖြေနိုင်ရင် ပြောင်းပေးမှာပေါ့"

"ကောင်းပြီ၊ ဒါဆိုဖြေမယ်"

ဟုဆိုကာ ဆော့ပင်တစ်ချောင်းယူလိုက်၏။

ထို့နောက် မေးခွန်းများအောက်တွင် အဖြေများထပ်ဖြည့်လိုက်၏။

(၁) နေမကောင်းဖြစ်နေတဲ့ အဘိုးအိုတစ်ဦးသည် သူ့ကိုယ်သူ သေခါနီးပြီလို့ ဘယ်လိုလုပ် သိနိုင်မလဲ။

လူနာလာကြည့်တဲ့ သူ့သားသမီးတွေက...

"အံမယ်...အဖေ့အသားအရေတွေက တယ်စိုပြည်လာ ပါလား"

"အဖေ့အသက်ရှူသံတွေက ပုံမှန်ဖြစ်လာပါလား အဖေရဲ့"

"အရင်ကထက် ပိုပြီး ကျန်းမာတာတယ်နော်၊ ဝ,လည်း ဝ,လာတယ်"

စသည့်စကားများပြောလာလျှင် အဘိုးအိုသည် သူသေခါနီးပြီလို့ သူ့ကိုယ်သူ သိနိုင်ပါသည်။

(၂) လူတစ်ယောက်က အသီးတစ်သီးကို ထမ်းသွားတယ်။ အဲဒါ ဘာသီးဖြစ်နိုင်မလဲ။

လွယ်လွယ်လေးပါ။ သူထမ်းသွားတဲ့အသီးက 'ထန်းသီး'ပေါ့။





ဒါများ...

(၃) အစိမ်းရောင်လူသားကို အနက်ရောင်ပင်လယ်ထဲ ပစ်ချရင် ဘာဖြစ်မလဲ။

ဩော်...ရေစိုမှာပေါ့။

(၄) စာရေးဆရာတစ်ယောက်ဟာ ဗိုက်ဆာတာနဲ့ စာရေး ရင် ကောင်းမလား၊ ဗိုက်ပြည့်တာနဲ့ စာရေးရင် ကောင်းမလား။

ဘယ်ဟာမှ မကောင်းဘူး။ စာရေးဆရာတစ်ယောက်ဟာ စာရွက်နဲ့ စာရေးတာပဲကောင်းတယ်။

အဖြေများရေးပြီးနောက် လူငယ်နှင့် ပရိသတ်များဘက်သို့ ပြန်လှည့်လိုက်သည်။

အားလုံးက သူရေးထားသော အဖြေများကိုဖတ်ကာ ပြုံးစိစိ နှင့် သူ့ကိုကြည့်နေကြ၏။

"မှန်လား"

သူက လူငယ်အား မေးလိုက်၏။

လူငယ်က ပြုံးဖြီးဖြီးဖြင့်...

"မှားတယ်လို့မှ ပြောလို့မရတာ"

ဟု ပြန်ဖြေ၏။

"ဒါဆို ရေးထားတဲ့ 'မဖြေနိုင်ဘူးလား...သိနေ တယ်၊ သိနေတယ်' စာသားကို ပြန်ပြောင်းပေး"

"ဟုတ်ကဲ့"

ထိုသို့ပြောပြီးနောက် မောင်ငှက်ပျောဖူးသည် ရုံထဲမှ ထွက် လာခဲ့လိုက်၏။

လူငယ်ကလည်း သူရေးထားတဲ့စာသားကို ပြန်ပြင်ပေး၏။

“ဖြေနိုင်တယ်၊ သိပါတယ်...သိပါတယ်”

ဟူ၍...။

●





[ ၄ ]

ဤသို့ဖြင့် လျှောက်လာခဲ့ရာ ပွဲတော်တစ်နေရာအရောက်တွင် လူတစ်ဦးသည် စာအုပ်များကို အော်ရောင်းနေသည်ကို တွေ့ရ၏။

“စာအုပ်တွေ စာအုပ်တွေ...ထူးဆန်းတဲ့ စာအုပ်တွေ”

စာအုပ်ရောင်းသူသည် ရယ်စရာကောင်းအောင် ဝတ်ဆင်ထားပြီး စာအုပ်ကြည့်သူ၊ ဖတ်သူများကိုလည်း ဟာသများလုပ်ပြနေ၏။

“ထူးဆန်းတဲ့စာအုပ်တွေ၊ ထူးဆန်းတဲ့စာအုပ်တွေ”

ငှက်ပျောဖူးလည်း မနေနိုင်တော့ဘဲ...

“ဟေ့လူ”

ဟု ခေါ်လိုက်လေ၏။

“ဗျာ...ခင်ဗျာ၊ ဗျာ...ဗျ”

“ဘာတွေလဲ”

“စာအုပ်တွေပါ...ထူးဆန်းတဲ့စာအုပ်တွေပါ”

“ဘယ်လိုထူးဆန်းတာလဲ”

“ကျွန်တော့်စာအုပ်တစ်အုပ်ဝယ်ရင် ဒီစာအုပ်က သင့်အလုပ်တွေကို တစ်ဝက်ကူညီလိမ့်မယ်”

သူ တွေဝေသွား၏။

"ဟုတ်လို့လား"

"ဟုတ်ပါတယ်...ခင်ဗျ"

သူ အနည်းငယ်စဉ်းစားလိုက်သည်။ ထို့နောက်...

"အေးဗျာ...ဒါဆိုလည်း နှစ်အုပ်ပေး"

"ဗျာ"

"နှစ်အုပ်ပေးလို့...၊ တစ်အုပ်ဝယ်ရင် အလုပ်တစ်ဝက် လုပ်ပေးတယ်မှတ်လား၊ ဒါကြောင့် နှစ်အုပ်ပေးလို့"

"ဟုတ်...ဟုတ်ကဲ့"

စာအုပ်ရောင်းတဲ့လူလည်း သူ့ကို စာအုပ်နှစ်အုပ် ထုတ်ပေး၏။

ငှက်ပျောဖူးလည်း စာအုပ်နှစ်အုပ်ကို ချိုင်းကြားညှပ်ကာ 'ငါ အလုပ် မလုပ်ရတော့ဘူး၊ ငါ့အလုပ်တွေကို စာအုပ်က လုပ်လိမ့်မယ်...အဟိ' စသည်ဖြင့် ဘာညာသာရကာများတွေးကာ လမ်းဆက်လျှောက်နေလိုက်တော့၏။

ဤတွင် သူ၏နာမည်ခေါ်သံကို ကြားလိုက်ရသည်။

"ငှက်ပျောဖူး...ငှက်ပျောဖူး"

ဘယ်သူများခေါ်တာပါလိမ့်...။

သူလှည့်ကြည့်လိုက်သည်။

လူကြီးနှစ်ဦးသည် သူ့ကိုမကြည့်ဘဲ သူ့နာမည်ခေါ်နေသည်ကို တွေ့လိုက်ရ၏။

"ငှက်ပျောဖူး...ငှက်ပျောဖူး"

သူလည်း မနေနိုင်တော့ဘဲ ထိုလူကြီးနှစ်ဦးဆီသို့ လျှောက်သွား





လိုက်ကာ...

"ဗျာ...ဗျ"

ဟု ထူးလိုက်လေ၏။

ထိုလူကြီးနှစ်ဦးမှာ သူ့ကို အူကြောင်ကြောင်နှင့် ပြန်ကြည့်နေ၏။

"ဘာဖြစ်လို့လဲဟင်"

လူကြီးတစ်ယောက်က သူ့ကိုမေးသည်။

သူကလည်း...

"ကျွန်တော့်နာမည်ကို လှမ်းခေါ်နေလို့ လာထူးတာပါ"

"ဟင်...ငါတို့က မင်းနာမည်ကိုခေါ်တယ်..."

"မခေါ်ပါဘူး"

"ခေါ်ပါတယ်"

"ခေါ်ပါဘူး"

သူလည်း တွေးတွေးဆဆဖြစ်သွားသလို လူကြီးနှစ်ယောက်မှာလည်း ဘာပြောလို့ပြောရမှန်းမသိ ဖြစ်သွားသည်။

"နေပါဦး၊ မင်းနာမည်က ဘယ်သူတဲ့"

"ငှက်ပျောဖူး"

"သြော်...နာမည်တော့ ပြောရမှာပေါ့၊ အဲဒါမှ ငါတို့ ခေါ်မိလားဘာလား သိရမှာပေါ့"

"ငှက်ပျောဖူးပါဆိုနေ"

"ပြောရမယ်လေကွာ၊ ပြောမှ သိမှာပေါ့"

"ငှက်ပျောဖူး"

"ပြောပါကွာ"

"ငှက်ပျောဖူး"

ထိုလူကြီးနှစ်ဦးမှာ သူတို့ခေါင်းတွေကို တဖျင်းဖျင်းကုတ်နေ၏။

သူလည်း သူတို့ပြောနေသည့်စကားထဲတွင် တစ်ခုခုမှားနေသလားဟု စဉ်းစားနေမိသည်။

"အေး...မပြောလည်း နေကွာ၊ ငါတို့ မင်းနာမည်ကို မခေါ်မိတာ သေချာတယ် ကောင်လေး"

ထို့နောက် သူ့အဖော်ဘက်လှည့်ကာ...

"ဟေ့ကောင်၊ သူက သူ့နာမည် 'မပြောဘူး'တဲ့၊ လာ... ငါတို့ဘာသာငါတို့ ဆက်ငြင်းရအောင်"

ဟုဆိုကာ သူတို့ရဲ့စကားများကို ဆက်ငြင်းနေ၏။ 'ငှက်ပျောဖူး... ငှက်ပျောဖူး'ဟူ၍ သူလည်း စိတ်ရှုပ်ရှုပ်နှင့် ထွက်ခဲ့လေ၏။

ထိုလူကြီးနှစ်ယောက်ကိုလည်း တင်းသွားသောကြောင့်...

"မခေါ်လည်းနေ၊ မပြောလည်းနေ၊ ငါ့နာမည်က 'ငှက်ပျောဖူး'ကွ၊ 'ငှက်ပျောဖူး' ဘာမှတ်နေလဲ"

ဟု စိတ်ထဲမှပြောလိုက်ပြီး လက်တစ်ဖက်ကို နည်းနည်းကား၊ ကျန်လက်ဖြင့် စာအုပ်ကိုညှပ်ကာ 'ငါ့လောက်တော်တဲ့လူ ကမ္ဘာမှာမရှိ'ဟူသော စတိုင်ဖြင့် ဆက်လျှောက်သွားလေ၏။

ထိုစဉ် ပွဲတော်အတွင်းရှိ ဆိုင်လေးတစ်ဆိုင်၌ သတိပေးစာတန်းတစ်ခု ကပ်ထားသည်ကို တွေ့လိုက်ရ၏။

**အပြင်လူမဝင်ရ**

●





[ ၅ ]

သူ စိတ်ဝင်စားသွားပြီး စာတန်းအနီးသို့ တိုးကပ်သွားလိုက်သည်။

အပြင်လူမဝင်ရတဲ့...။

ဘာလဲဟ...။

စာတန်းကပ်ထားသည့်အထဲသို့ လှမ်းကြည့်လိုက်သည်။ လူအများ ရှိနေသည်ကို တွေ့ရ၏။

သူကြည့်နေစဉ်မှာပင် အထဲက လူတစ်ယောက်ထွက်လာ၏။ သူ ခဏစောင့်ကြည့်နေလိုက်၏။

တစ်ယောက်စ၊ နှစ်ယောက်စ ထွက်သွားပြန်၏။ တစ်ယောက်မှ ဝင်လာတာကို မတွေ့ရ...။

ထို့ကြောင့် ငှက်ပျောဖူးသည် ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။

ထို့နောက် အနီးအနားတွင်ရေးစရာတစ်ခုရှာကာ စာတန်းအား ပြင်ရေးလိုက်၏။

**အပြင်လူမဝင်ရ၊ အတွင်းလူ တော့ ထွက်လို့ရသည်**

ထိုသို့ရေးပြီးနောက် နောက်ဖေးပေါက်မှနေ၍ ထိုဆိုင်ထဲသို့ ဝင်လိုက်၏။ လူအများက သူ့ကို ဝိုင်းကြည့်ကြ၏။

သူ ဂရုမစိုက်...။ သူ့ကိုကြည့်နေသူများကို ခပ်တည်တည်ဖြင့် ရယ်ပြကာ အထဲ(အတွင်း)မှ အပြင်သို့ပြန်ထွက်လိုက်၏။

●





[ ၆ ]

ငှက်ပျောဖူးသည် သွားရင်းလာရင်း ဗိုက်ဆာလာ၏။
ထို့ကြောင့် နီးစပ်ရာဆိုင်တစ်ဆိုင်သို့ ဝင်လိုက်၏။

"ဘာမှာမလဲအစ်ကို"

"ဘာရှိလဲ"

"အကုန်ရပါတယ်အစ်ကို"

"ဟူး"

သူ လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။
ဆိုင်ထိုင်လျှင် သူ အစားအသောက်မမှာတတ်...။
အကုန်လုံးရပါတယ်ဆိုလျှင် ပို၍မှာရခက်နေသည်။

"ခဏလေး၊ စဉ်းစားလိုက်ဦးမယ်"

"ရပါတယ်အစ်ကို၊ မိနူးလည်း ကြည့်ပါ၊ စဉ်းစားလို့ရပြီဆိုရင် ကျွန်တော့်ကို ခေါ်လိုက်ပါ"

"အေး...အေး"

စားပွဲထိုးကောင်လေးထွက်သွား၏။

သူ မီနူးကိုမကြည့်ဘဲနေလိုက်သည်။ တစ်ခါတစ်ခါ မီနူးတွင် ရေးထားသော စာများသည် သူနားမလည်နိုင်သောစကားလုံးများ ဖြစ်နေတတ်သည်။

ထို့ကြောင့် တခြားဝိုင်းမှလူများ ဘာစားနေသလဲဆိုတာကို သိရှိရန်အတွက် လှည့်ပတ်ကြည့်လိုက်၏။

သူ့အနားမှဝိုင်းတွင် ဦးလေးကြီးတစ်ဦးနှင့် ကောင်မလေး ခပ်ကဲကဲ ခပ်ငယ်ငယ်တစ်ဦးတို့ ထိုင်နေကြ၏။

အတွဲဖြစ်ပုံရသည်။ အိမ်နေပုံလည်း ရသည်။

"တို့အသည်းလေးက ဘာစာမှာတုန်း"

ဦးလေးကြီးက ကောင်မလေးကို 'မင်းသားဝင်းဦး အိုက်တင်'ဖြင့် စကား စ,ပြော၏။

ကောင်မလေးကလည်း မျက်လုံးလေး ကလယ်ကလယ်လုပ်၊ မေးကို လက်နှင့်ထောက်ပြီး...

"ဟင်...အစ်ကိုကြီးကလည်း တို့အသည်းလေး၊ တို့အသည်းလေးနဲ့ မခေါ်ပါနဲ့ဆို"

"ဘာဖြစ်လို့လဲ"

"အသည်းယားလို့"

"ဟင်..."

ငှက်ပျောဖူးလည်း စိတ်ပျက်သွားပြီး နောက်တစ်ဝိုင်းဘက် ကြည့်လိုက်သည်။

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိုင်နေသည့်ဝိုင်း ဖြစ်





သည်။

အပျိုကြီးလူပျိုကြီးများ ဖြစ်ပုံရသည်။ တစ်ယောက်နှင့် တစ်ယောက် ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေကြ၏။

စကားကိုလည်း လိုအပ်သည်ထက် ပိုပြီး ချွဲချွဲပျစ်ပျစ် ပြောနေကြ၏။

"တူက ဘာစားမှာလဲ"

အပျိုကြီးက စ,မေးသည်။

"တူ့သဘောပဲလေ"

လူပျိုကြီးက မျက်လုံးလေးထောင့်ကပ်ပြီး ပြန်ဖြေ၏။

"တူပြောကြည့်ပါ"

"ဟာကွာ...တူပြောပါဆိုနေ"

"တူနော်...စိတ်ဆိုးလာပြီ...ဂယ်ပဲ"

ဤပုံစံအတိုင်းဆိုလျှင် စားပွဲဝိုင်းတိုင်းသည် အစားအသောက်မှာရန်အတွက် အခုမှ ညှိနှိုင်းနေကြပုံရသည်။

သို့သော် မှာပြီးသားဝိုင်းတစ်ဝိုင်းကို တွေ့လိုက်ရ၏။

ချစ်သူနှစ်ဦး ထိုင်နေသော ဝိုင်းပင်ဖြစ်၏။

သူတို့ ဘာစားနေကြလဲဟု နားစွင့်လိုက်သည်။

ကောင်လေးက ကောင်မလေးကို ခွံ့ကျွေးနေ၏။

"ရော့...စား၊ တို့ခွံ့ကျွေးမယ်"

"ဟင်...ဒီရှည်ရှည်မျောမျောကြီးက ဘာကြီးလဲ"

"ဟင့်အင်း...တို့လည်းမသိဘူး၊ သူတို့က ကောင်းတယ်လို့ပြောလို့၊ ဘာတဲ့...သူတို့ပြောတာ ဒီဟင်းနာမည်တောင်မေ့နေပြီ၊ သြော်...သိပြီ..."

"ဘာတဲ့လဲ"

"ရှည်ရှည်မျောမျော၊ ရှောရှောရှူရှူ တို့ကို ချစ်ရင် ခွံ့ကျွေးပါသူ…တဲ့"

"အလဲ့"

ကောင်မလေးမှာ ပြုံးစိစိဖြစ်သွား၏။ သဘောလည်းကျသွားပုံရ၏။ ထို့နောက် ကောင်မလေးက ရှည်ရှည်မျောမျောကြီးကို စားလိုက်၏။

"အဟိ"

သူလည်း ဒီဘက်ပြန်လှည့်လိုက်သည်။

သူပြောတဲ့ ရှည်ရှည်မျောမျောဟင်းကြီးတော့ မစားချင်…။ မစားရေးချ မစားဟု ဆုံးဖြတ်လိုက်သည်။

ဤတွင် ဖြူဖပ်ဖြူရော်ဖြစ်နေသော ကောင်မလေးတစ်ယောက်အား တွေ့လိုက်ရ၏။

သူမမှာ နေမကောင်းသည့်ပုံစံဖြစ်နေသော်လည်း သူမ၏ ချစ်စရာကောင်းသော မျက်ဝန်းနှင့် ပန်းနုရောင်ပါးလေးတို့မှာ အရောင်လွင့်ပါးခြင်း မရှိဘဲ ရှင်းလင်းပြတ်သားနေ၏။

သူမက စားပွဲထိုးလေးအား တစ်စုံတစ်ခုမှာနေ၏။

သူလည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိလိုက်သည်။

●





[ ၇ ]

"ပန်းဖူးကြော်…ရှိလား"

ဟု ဖြူရော်ရော်ကောင်မလေးက မေးလိုက်သည်။

စားပွဲထိုးလေးက…

"မရှိပါဘူး…ခင်ဗျာ"

"ဒါဆို ပြောင်းဖူးကြော်ရော"

"ကုန်နေပါတယ်"

"မာလာဖူး"

"မရှိသေးပါဘူး"

ဖြူရော်ရော်ကောင်မလေးမှာ စိတ်ညစ်သွားပုံရပြီး ဘာစားရမလဲဟု စဉ်းစားနေပုံရသည်။

ထို့နောက် နှုတ်မှလည်း ခပ်ညည်းညည်းဆို၏။

"အင်း…ဆရာဝန်ပြောထားတဲ့ အစားအစာတွေကလည်း တစ်ခုမှမရှိဘူးတဲ့၊ စဉ်းစားပါဦး…ဘာကျန်သေးလဲလို့"

စားပွဲထိုးလေးကလည်း စိတ်ရှည်လက်ရှည် စောင့်ပေး၏။

ခဏကြာသောအခါတွင် သတိရသွားသောပုံစံဖြင့်...

"အဲ...ငှက်ပျောဖူးကျန်သေးတာပဲ"

"ဟင်"

ဒီ'ဟင်'က သူ့ဆီမှ ထွက်သွားခြင်းဖြစ်သည်။

စားပွဲထိုးလေးကို သူ ကြည့်လိုက်၏။

စားပွဲထိုးလေးက ခေါင်းခါပြ၏။ မရှိဘူးဆိုသည့်သဘော...။

ကောင်မလေးက...

"ဒါဆိုလည်း ရေတစ်ခွက်လောက် အရင်ပေးပါ"

ငှက်ပျောဖူးလည်း ကောင်မလေးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။

ထိုဖြူရော်ရော်ကောင်မလေးသည် ရေကို စိမ်ပြေနပြေသောက်ကာ တစ်ခုခုကို တွေးနေလေ၏။

ငှက်ပျောဖူးသည် သူထိုင်နေသည့်ခုံမှ ထလိုက်၏။

ထို့နောက် ဖြူရော်ရော်ကောင်မလေးဆီသို့ လျှောက်သွားလိုက်၏။

"ငှက်ပျောဖူး လိုချင်လို့ဆို"

ကောင်မလေးက သူ့ကိုမော့ကြည့်ပြီး...

"အင်း"

ဟုဆို၏။

"ကျွန်တော့်နာမည် ငှက်ပျောဖူးပါ"

"ရှင်..."

ဖြူရော်ရော်ကောင်မလေး၏ နှုတ်ခမ်းများ ဝိုင်းသွား၏။





ဤသို့ဖြင့် ငှက်ပျောဖူးနှင့် ထိုကောင်မလေးတို့သည် ခင်မင်သွားကြကာ တစ်ယောက်အကြောင်း တစ်ယောက် ပြောနေမိကြ၏။

●

[ ၈ ]

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"မဲဇလီဖူး"

"ဘာ"

"မဲဇလီဖူးလို့ ခေါ်ပါတယ်"

ငှက်ပျောဖူးက မဲဇလီဖူးကို မသက်သာသလိုကြည့်၏။ နောက်နေတာလားပေါ့။ တကယ်အတည်ပြောနေတာဟု ခံစားရတော့မှ နောက်မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"နင်က ဘယ်မှာနေတာလဲ"

"ဇလီဖားတုံးတွေလုပ်တဲ့မြို့မှာနေတယ်"

"ဟင်"

"အဖေနဲ့ အမေရော"

"သူတို့လည်း မယ်ဇလီဖူးတက်ခူးရင်းနဲ့ ဇလီဖားတုံး ပိပြီး သေသွားကြပြီ"

"အို..."





ငှက်ပျောဖူးမှာ မဲဇလီဖူးကို သေချာစွာကြည့်မိသည်။

ကောင်မလေး ရူးများ ရူးနေလားပေါ့...။

ဒါကတော့ မသေချာ...။ ကောင်မလေးပုံစံမှာ ထိုသို့သောပုံစံ မဟုတ်...။

ထို့ကြောင့် အခြားအရာများမမေးတော့ပဲ ဒီပွဲတော်ကို ဘာကြောင့် ရောက်လာသလဲဟု မေးလိုက်၏။

"ဒီပွဲတော်ကို ဘာကြောင့်ရောက်လာရတာလဲ၊ အလည် သက်သက်ပဲလား"

"ဟင့်အင်း"

"ဒါဆို လာလေ့လာတာလား"

"မဟုတ်ဘူး"

"အင်း...ဒါဆို...ပျော်ဖို့ရွှင်ဖို့ပေါ့"

"မဟုတ်"

သူ စိတ်ညစ်ပြီး ခေါင်းကုတ်နေမိ၏။

"ဒါဆို ဘာကိစ္စလဲ"

"ဆေးလာကုတာ"

"ဟင်"

မထင်ထားသောစကားဖြစ်သည်။ 'ဟာသပွဲတော်'လာပြီး ဆေး လာကုသည်တဲ့...။

သူတစ်ခါမှ မကြားဖူး...။ ထို့ကြောင့်...

"ဘယ်လိုဆေးလာကုတာလဲ"

မဲဇလီဖူးက ငှက်ပျောဖူးကိုကြည့်လိုက်၏။ ထို့နောက်–

"အခု ဒီဟာသပွဲတော်မှာ ဆေးခန်းတစ်ခု ဖွင့်ထားတယ်"

"ဟုတ်လား"

"အင်း...ဟုတ်တယ်၊ နာမည်က 'ဟာသဆေး ခန်း'တဲ့၊ အဲဒီမှာ လာကုတာ"

"ဆရာဝန်တွေက တော်ကြလို့လား"

"မဟုတ်ဘူး"

"ဒါဆို ဆေးတွေက ကောင်းလို့ပေါ့"

"ဟင့်အင်း...တစ်ခုမှ မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

မယ်ဇလီဖူးက ခပ်ပါးပါးလေး ပြုံးလိုက်ပြီး...

"သူတို့တွေက ရောဂါကို ဟာသနဲ့ ကုကြလို့လေ"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်"

"ရယ်မောခြင်းဆိုတဲ့ဟာနဲ့ သူတို့က ရောဂါကုကြတယ်၊ အဲဒါကြောင့် ဒီကိုလာတာ"

"ဩော်..."

သူမကြားဖူးသော ဆေးကုနည်းဖြစ်၍ တော်တော်လေး စိတ်ဝင်စားသွားသည်။

ထို့ကြောင့်...

"ကျွန်တော်ရော လိုက်ခဲ့လို့ရမလား"

"ရပါတယ်...ဒါပေမဲ့"

"ဒါပေမဲ့...ဘာဖြစ်လဲ"





"ရှင် အကြောင်းမရှိ အကြောင်းရှာပြီး ရယ်နေရလိမ့်မယ်"

"အို"

●

[ ၉ ]

ဟာသဆေးခန်းထဲသို့ ရောက်သောအခါတွင် လူတစ်စု (လူနာတွေဖြစ်ပုံရသည်)သည် ကြမ်းပြင်ပေါ်တွင်ထိုင်ကာ အချင်းချင်းကြည့်ပြီး ရယ်နေ၏။

"ဟား...ဟား...ဟား၊ ရယ်ရတယ်...သိပ်ရယ်ရတယ်
...ဟား...ဟား..."

ငှက်ပျောဖူး အူကြောင်ကြောင်ဖြစ်သွားသည်။

ဘာတွေလဲဟ...။ အချင်းချင်းကြည့်ပြီး ရယ်နေကြတာ...။

သို့သော် သူတို့ပုံစံတွေမှာ ရယ်မောခြင်းနဲ့ ပျော်ဝင်နေပုံရပြီး...။

နောက်တစ်ခု သေချာတာက သူတို့သည် ဟက်ဟက်ပက်ပက် ရယ်မောနေကြခြင်းဖြစ်၏။

မယ်ဇလီဖူးက သူတို့အဖွဲ့နှင့်ရောထိုင်ကာ သူတို့နှင့်အတူ လိုက်ရယ်နေတော့၏။

သူ့မှာသာ မတ်တတ်ရပ်ကျန်ခဲ့သည်။

သူ ဘာလုပ်ရမလဲ...။





ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။

လူနာများက ဟိုတစ်စု ဒီတစ်စု ထိုင်နေသည်ကို တွေ့ရ၏။

အဖွဲ့တစ်ဖွဲ့တွင် လူတစ်ဦး (ဆရာဝန်တစ်ဦးဖြစ်ပုံရသည်)ရှိကာ ဘယ်သို့ဘယ်ပုံလုပ်ရမည်ဟု ညွှန်ကြားနေ၏။

ပြီး သူလည်းပဲ ထိုင်ရယ်နေသည်။

သူ မဲဇလီဖူးတို့အဖွဲ့နဲ့ပဲ ထိုင်ရယ်လိုက်ရတော့မလား...။

သူ့စိတ်တွေ တင်းကျပ်နေသည်။

ဘယ်သူကမှလည်း သူ့ကို 'ဩော်...ရယ်ဖို့လာတာလား'၊ 'လာလေ'၊ 'ဘာဖြစ်တာလဲ' စသည်ဖြင့် လာမေးမြန်းခြင်းမရှိ...။

သိမ်ငယ်သလို ခံစားလာရသည်။

"ဟား...ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

"ဟား...ဟား"

လူတွေ ရယ်မောနေကြသည်။

ထိုစဉ် သူ၏အကြည့်များသည် အဖွဲ့တစ်ဖွဲ့ဆီသို့ ရောက်သွား၏။ ထိုအဖွဲ့သည် အားလုံးဝိုင်းထိုင်နေကြပြီး ထိုအထဲမှ တစ်ယောက်ချင်းစီ ထက,၏။

ထိုက,တဲ့သူ ကိုးရိုးကားယားဖြစ်တာကို ဝိုင်းရယ်ကြ၏။

က,တဲ့လူကလည်း ပွင့်ပွင့်လင်းလင်း၊ ရှက်ကြောက်ခြင်းမရှိဘဲ က,၏။

ရယ်တဲ့လူကလည်း ရယ်၏။

သူစိတ်ဝင်စားသွားသည်။

သူက က,တာတော့ ဝါသနာပါ၏။

ထို့ကြောင့် ထိုအဖွဲ့ဆီသို့ လျှောက်သွားကာ...

"ကျွန်တော်လည်း က,ချင်တယ်"

သူတို့အားလုံးက သူ့ကိုဝိုင်းကြည့်သည်။

ထို့နောက် သူတို့ထဲမှ တစ်ယောက်က...

"ကတတ်ရင်တော့ ပါလို့မရဘူးနော်"

"ဟင်...ဘာဖြစ်လို့လဲ"

"ငါတို့က ရယ်ချင်တာလေ၊ မင်းက တကယ် ကနေရင် ဘယ်ရယ်ဖို့ကောင်းတော့မလဲ...ပြီးတော့"

"ဟုတ်ကဲ့...ပြောပါ"

**"လောကမှာ ရယ်ရတယ်ဆိုတာ သူများတွေ ပေါက်ကရ လုပ်တာကို ကြည့်ပြီး ရယ်ရတာက အကောင်းဆုံးလို့ ငါတို့ ထင်တဲ့အတွက် တစ်ယောက်ချင်းစီ ပေါက်ကရလုပ်နေတာပါ"**

"အို..."

ထိုစကားကို သူကြိုက်သွားသည်။

သူက ပေါက်ကရလုပ်တာကို လူတွေက ရယ်မောနေတဲ့ ခံစားချက်နဲ့ အခြားလူတွေ ပေါက်ကရလုပ်ကာကို သူက ရယ်မောတဲ့ခံစားချက်တို့၏ ကွာခြားချက်ကို သူသိချင်လာသည်။

ထို့ကြောင့်

ထိုအဖွဲ့ထဲတွင် ဝင်ထိုင်လိုက်၏။

သူက က,၏။

အခြားလူများက ရယ်၏။

အခြားလူများက က,၏။





သူရယ်နေလိုက်၏။

လွတ်လပ်သလို ခံစားနေရသည်။ ပျော်လာ၏။

ဟာသပွဲတော်ကို ဝင်လာတုန်းကလို 'လူတွေကို ရှုတင်းတင်း'နဲ့ ကြည့်ချင်စိတ်မရှိတော့...။

"သူတို့က ဘာကောင်တွေလဲ"

"ငါ့လောက်တောင် မတော်ဘဲနဲ့"

ထိုစိတ်တွေ သူ့မှာမရှိတော့ဟု ထင်မိသည်။

သူရယ်နေ၏။

သူပျော်နေ၏။

၁၇ မယ်ဇလီဖူးကို လှမ်းကြည့်လိုက်သည်။

မယ်ဇလီဖူးက သူ့ကိုကြည့်ပြီး ရယ်နေသည်။

သူကလည်း မယ်ဇလီဖူးကိုကြည့်ပြီး ပြန်ရယ်လိုက်၏။

●

[ ၁၀ ]

ဟာသပွဲတော်က အပြန်တွင် ငှက်ပျောဖူးသည် ရယ်တတ်လာခဲ့၏။ သူက လူတွေကိုကြည့်ပြီး ရယ်သလို...။

လူတွေကလည်း သူ့ကိုကြည့်ပြီး ရယ်ကြသည်။

တစ်ခါတစ်ခါကျတော့လည်း...

သူတို့ကသာ ရယ်မယ်၊ သူတို့ကိုပြန်မရယ်နဲ့ဆိုသည့်လူများလည်း တွေ့ရတတ်ပါသည်။

ထိုသို့သောလူများကို သူက နာမည်ပေးထားသည်။

"တစ်ဖက်ပြုး"

ဟူ၍...။

လေးစားစွာဖြင့်...

လူနေ

❤

အိဝ်မက်အသစ်

Coming Soon

# ဂျိုကာ

ပျော်စရာ ဝတ္ထု စာစဉ် (၂)

ဇဝန

ပဉ္စမံဒီရိုင်း

ဝေမျိုးသွင်

ပြည့်ပိုင်မျိုးအိမ်

တင်မြင့်ဦး

ဝိဇယ

ဟာသဝတ္ထုလတ် (၆)ပုဒ်စုစည်းမှု